

# ဖယ်ကြဉ်မရှိမှ လွတ်မျှတ

မြန်မာနိုင်ငံတောင်ပိုင်းရှိ ကျေးလက်နေပြည်သူများ၊
အခြားနည်းဖြင့် သန်စွမ်းသူများ၊ ပထမဆုံးမဲပေးမည့်လူငယ်များနှင့်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်အောက်ရှိ
ဒေသခံပြည်သူများ၏ ရွေးကောက်ပွဲဆိုင်ရာ
အခက်အခဲနှင့် စိန်ခေါ်မှုများ



အောက်တိုဘာလ ၂၀၂၀

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

USAID FROM THE AMERICAN PEOPLE

HURFOM

fhi 360 THE SCIENCE OF IMPROVING LIVES

# ဖယ်ကြဉ်မရှိမှ လွတ်မျှတ

## မြန်မာနိုင်ငံတောင်ပိုင်းရှိ ကျေးလက်နေပြည်သူများ၊ အခြားနည်းဖြင့် သန်စွမ်းသူများ၊ ပထမဆုံးမဲပေးမည့်လူငယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်အောက်ရှိ ဒေသခံပြည်သူများ၏ ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲနှင့် စိန်ခေါ်မှုများ

**မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက**

**စီစဉ်ထုတ်ဝေသည်။**

အောက်တိုဘာလ ၂၀၂၀

USAID FROM THE AMERICAN PEOPLE

HURFOM

fhi360 THE SCIENCE OF IMPROVING LIVES

# ဖယ်ကြဉ်မရှိမှု လွတ်မျှတ

ဤအစီရင်ခံစာကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက စီစဉ်ရေးသား၍ Family Health International (FHI360) ၏ ပံ့ပိုးမှု၊ USAID ၏ ငွေကြေးထောက်ပံ့မှုဖြင့် ပုံနှိပ်ထုတ်ဝေပါသည်။ ပုံနှိပ်ထုတ်ဝေရာတွင် ပါရှိသည့် အကြောင်းအရာများသည် FHI360 သို့မဟုတ် USAID ၏ သဘောထားအမြင်၊ လေ့လာသုံးသပ်ချက်၊ သို့မဟုတ် ပေါ်လစီမူဝါဒများနှင့် မသက်ဆိုင် သကဲ့သို့ မည်သည့် ကုန်သွယ်မှုဆိုင်ရာ အမည်များ၊ စီးပွားရေးအရ ထုတ်ဝေသည့် ထွက်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကိုမျှ ထောက်ခံချက်ပေးသည့် သဘောမသက်ရောက်စေရပါ။

# မာတိကာ


အခန်း (၁) နိဒါန်း ........ ၀၈

အခန်း (၂) အစီရင်ခံစာပြုစုပုံ ........ ၁၁

အခန်း (၃) ဥပဒေ၊ နည်းဥပဒေပိုင်းဆိုင်ရာ အခက်အခဲများ ........ ၁၄

၁) နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ........ ၁၄

၂) ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ (၁၀) ........ ၁၅

၃) နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် ........ ၁၈

၄) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများ ........ ၁၉

၅) ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေနှင့် ၂၀၀၈ အခြေခံဥပဒေ ........ ၂၀

၆) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး ........ ၂၁

အခန်း (၄) ကျေးလက်နေပြည်သူများ၏ အခက်အခဲများ ........ ၂၅

၁) ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ရရှိမှု ........ ၂၆

၂) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးမှုအခြေအနေ ........ ၂၈

၃) နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအကြောင်း သိရှိမှု ........ ၃၀

၄) မဲစာရင်းဆိုင်ရာ အခက်အခဲများ ........ ၃၁

၅) မဲရုံအခြေအနေ ........ ၃၅

၆) မဲပေးပုံနည်းစနစ် ........ ၃၈

၇) ရွေးကောက်ပွဲဆိုင်ရာ ခြိမ်းခြောက်မှု၊ တားမြစ်မှု၊ မဲဝယ်မှုများ ........ ၄၁

၈) COVID-19 ကူးစက်မြန်ကပ်ရောဂါ ........ ၃၄

အခန်း (၅) အခြားနည်းဖြင့်သန်စွမ်းသူများ၏ အခက်အခဲများ ........ ၄၆

က) နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားမရှိခြင်း ........ ၄၈

ခ) ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ရရှိမှု အားနည်းခြင်း ........ ၅၀

ဂ) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းများကို လက်လှမ်းမမီခြင်း ........ ၅၂

ဃ) မဲပေးခြင်းဆိုင်ရာ အခက်အခဲများ ........ ၅၄

င) ရွေးကောက်ခံကိုယ်စားလှယ်များက အခြားနည်းဖြင့် သန်စွမ်းသူမဲဆန္ဒရှင်များအပေါ် အလေးထားမှုမရှိခြင်း ........ ၅၇

စ) ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုနှင့် မျှော်လင့်ချက် ........ ၅၉

ဆ) စိတ်ပိုင်းဆိုင်ရာ ခံစားချက်များ ........ ၆၀

ဇ) တောင်းဆိုချက်နှင့် အကြံပြုချက်များ ........ ၆၂

အခန်း (၆) ပထမဆုံးမဲပေးမည့်လူငယ်များ၏ အခက်အခဲများ ....... ၆၆

က) ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုအခြေအနေ ....... ၆၇

ခ) ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ရရှိမှု ....... ၆၈

ဂ) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးမှုအခြေအနေ ....... ၇၁

ဃ) COVID-19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန်မှု ....... ၇၄

င) ရွေးကောက်ပွဲဆိုင်ရာ မျှော်လင့်ချက်များ ....... ၇၅

အခန်း (၇) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလက်အောက်ရှိ ဒေသခံပြည်သူများ၏ အခက်အခဲများ ....... ၇၇

ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ မွန်ပြည်သစ်ပါတီထိန်းချုပ်ရာဒေသများမှ ဒေသခံပြည်သူတို့၏ ရွေးကောက်ပွဲဆိုင်ရာ အခြေအနေများ ....... ၈၀

က) မဲစာရင်းကောက်ခံခြင်း ....... ၈၁

ခ) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးခြင်း ....... ၈၁

ဂ) ဆန္ဒမဲပေးခြင်းဆိုင်ရာ အခက်အခဲများ ....... ၈၂

ရေးမြို့နယ်ရှိ မွန်ပြည်သစ်ပါတီထိန်းချုပ်ရာဒေသများမှ ဒေသခံပြည်သူတို့၏ ရွေးကောက်ပွဲဆိုင်ရာ အခြေအနေများ ....... ၈၅

က) မဲစာရင်းကောက်ခံခြင်း ....... ၈၆

ခ) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးခြင်း ....... ၈၈

ဂ) ဆန္ဒမဲပေးခြင်းဆိုင်ရာ အခက်အခဲများ ....... ၈၉

ရေဖြူမြို့နယ်ရှိ မွန်ပြည်သစ်ပါတီ ထိန်းချုပ်ရာဒေသများမှ ဒေသခံပြည်သူတို့၏ ရွေးကောက်ပွဲဆိုင်ရာ အခြေအနေများ ....... ၉၁

က) မဲစာရင်းကောက်ခံခြင်း ....... ၉၁

ခ) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးခြင်း ....... ၉၂

ဂ) ဆန္ဒမဲပေးခြင်းဆိုင်ရာ အခက်အခဲများ ....... ၉၂

အခန်း (၈) နိဂုံး ....... ၉၅

အခန်း (၉) တိုက်တွန်းအကြံပြုချက်များ ....... ၉၇

မြေပုံ ....... ၁၀၁

နောက်ဆက်တွဲများ ....... ၁၀၂

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် စစ်မှန်သည့် ငြိမ်းချမ်းရေး ပြန်လည်ထွန်းကားလာစေရန် ရည်ရွယ်ချက်တို့ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်းဒေးရှင်းကို ၁၉၉၅ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၉၈ ဒီမိုကရေစီအရေးတောင်ပုံမှ ကျောင်းသားလူငယ် မျိုးဆက်များနှင့် ဒေသတွင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဖြင့် ဖွဲ့စည်းခဲ့သော လူ့အခွင့်အရေးဖောင်ဒေးရှင်းအဖြစ် မြန်မာနိုင်ငံတောင်ပိုင်းရှိ လူ့အခွင့်အရေး အခြေအနေများကို စတင်ဖွဲ့စည်းခဲ့စဉ်ကတည်းက ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေး၊ စစ်မှန်သော ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်အတွက် တိုက်တွန်းလှုံ့ဆော်မှုများ၊ ပညာပေးရေးအစီအစဉ်များ၊ သတင်းအချက်အလက်များနှင့် အစီရင်ခံစာများ ထုတ်ဝေခြင်းများ ပုံမှန်ဆောင်ရွက်နေသည့် လူ့အခွင့်အရေးဖောင်ဒေးရှင်းဖြစ်သည်။

Copyright @ 2020 Human Rights Foundation of Monland [HURFOM]
All Rights reserved.

October 2020
Human Rights Foundation of Monland – Burma [HURFOM]
www.rehmonnya.org
info@rehmonnya.org, monhumanrights@gmail.com



# အခန်း (၁) နိဒါန်း

လာမည့် ၂၀၂၀ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက် တတိယအကြိမ်မြောက် ကျင်းပသည့် ရွေးကောက်ပွဲ ဖြစ်သည်။ ပထမအကြိမ်ကျင်းပသည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် (၇၇) ရာခိုင်နှုန်း မဲပေးခဲ့ပြီး ဒုတိယအကြိမ် ၂၀၁၅ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် (၇၀) ရာခိုင်နှုန်းခန့် မဲပေးခဲ့သည်ဟု ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ သိရှိရသည်။[1]

သို့သော် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ရရှိထားသည့် စာရင်းဇယားများအရ ၂၀၁၅ ရွေးကောက်ပွဲ၌ မွန်ပြည်နယ်အတွင်းရှိ မဲဆန္ဒနယ်များတွင် မဲပေးပိုင်ခွင့်ရှိသူ (၅၀) ရာခိုင်နှုန်းဝန်းကျင်သာ လာရောက်မဲပေးခဲ့သည်။ အဆိုပါအရေအတွက်ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြုပြင်ပြောင်းလဲရေးကိုလိုလားသော ပြည်သူများသည် ရွေးကောက်ပွဲတွင် အားရကျေနပ်ဖွယ်ကောင်းသည်အထိ ပါဝင်လာမှု မရှိဟု ကောက်ချက်ချရမည် ဖြစ်သည်။

ပြုပြင်ပြောင်းလဲရေးကို လိုလားသော်လည်း ရွေးကောက်ပွဲဝင် အားတက်သရော ပါဝင်လာမှုမရှိခြင်း ၏ နောက်ကွယ်တွင် ၎င်းတို့အတွက် အခက်အခဲများ၊ အတားအဆီးများနှင့် စိန်ခေါ်မှုများ မလွဲမသွေ ရှိနေမည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထင်မြင်ယူဆပါသည်။ ဖယ်ကြဉ်ခံရမှုမရှိဘဲ

1 ၂၀၁၅ ရွေးကောက်ပွဲ၌ မဲပေးခွင့်ရှိသူ ၃၄ သန်းကျော်တွင် ၇၀ ရာခိုင်နှုန်းခန့် မဲပေးခဲ့ - ဒီဇင်ဘာ ၃၁၊ ၂၀၁၅ – 7Day News Journal

အားလုံးပါဝင်နိုင်မှသာ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်မည်ဟုလည်း ယုံကြည်ပါသည်။

ထိုသို့ဖြစ်လာစေရန်အတွက် မဲပေးပိုင်ခွင့်ရှိသူ ပြည်သူများအနေဖြင့် ရွေးကောက်ပွဲဖြစ်စဉ်တွင် ယခုထက်ပိုမို၍ ပါဝင်လာရန် လိုအပ်နေသည်။ ၎င်းတို့၏ အခက်အခဲကိုသိရှိပြီး ဖြေရှင်းမှုများ ပြုလုပ်ပေးနိုင်မှသာ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲဖြစ်စဉ်တွင် အားကြိုးမာန်တက် ပါဝင်လာမည် ဖြစ်သည်။

မဲဆန္ဒရှင်ပြည်သူများ၏ ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲ၊ အတားအဆီးနှင့် စိန်ခေါ်မှုများကို လက်တွေ့ကျကျသိရှိပြီး အဆိုပါပြဿနာများအတွက် အသုံးဝင်ပြီး လက်တွေ့ကျသည့် ဖြေရှင်းမှုကို ပြုလုပ်ပေးခြင်းဖြင့် "ဖယ်ကြဉ်မှုမရှိသည့် အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီးတရားမျှတသော ရွေး ကောက်ပွဲဖြစ်လာရေး" သည် ဤအစီရင်ခံစာထုတ်ဝေရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။

ရွေးကောက်ပွဲတွင် မပါဝင်နိုင်ဘဲ ဖယ်ကြဉ်ခံနေရသည့် လူ့အသိုင်းအဝိုင်းများကို လေ့လာမည်ဆိုပါက ကျေးလက်နေပြည်သူ အထူးသဖြင့် အမျိုးသမီးများ၊ စာတတ်မြောက်မှုနှင့် အသိပညာဗဟုသုတ နည်းပါးသည့် သက်ကြီးရွယ်အိုများ၊ နေရပ်စွန့်ခွာတိမ်းရှောင်ရသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသမှ ပြည်သူများ၊ ပထမဆုံးမဲပေးမည့် ပြည်သူများ၊ ပြည်ပတွင် တရားဝင်ဖြစ်စေ တရားမဝင်ဖြစ်စေ သွားရောက်အလုပ်လုပ်ကိုင်နေသူများနှင့် အခြားနည်းဖြင့် သန်စွမ်းသူများကို မြင်တွေ့ရမည် ဖြစ်သည်။

အထက်ဖော်ပြပါအုပ်စုများ၏ အခက်အခဲနှင့် စိန်ခေါ်မှုများကိုသိရှိပြီး ၎င်းပြဿနာများအတွက် လက်တွေ့ကျသည့်အဖြေရှာမှုများကို ပြုလုပ်ရာတွင် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများအတွက် အချက်အလက်နှင့် သဘောထားအမြင်ပိုင်းဆိုင်ရာ ထောက်ကူမှုများ ဖြစ်ပေါ်လာစေရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကြိုးပမ်းထားသည်။

ရွေးကောက်ပွဲများကို ပုံမှန်ကျင်းပရုံဖြင့် စစ်မှန်သော ဒီမိုကရေစီစနစ်ကို မဖော်ဆောင်နိုင်ကြောင်း ပညာရှင်များက ပြောဆိုထားပြီးဖြစ်သည်။ ရွေးကောက်ပွဲကို ပုံမှန်ကျင်းပရုံမျှမက အဆိုပါရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတစေရန်လည်းကောင်း၊ ၎င်းရွေးကောက်ပွဲဖြစ်စဉ်တွင် ဖယ်ကြဉ်ခံရမှုမရှိဘဲ လူ့အသိုင်းအဝိုင်းအုပ်စုအားလုံး တန်းတူညီမျှပါဝင်လာရန်လည်းကောင်း သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးက ကိုယ်စီကိုယ်င ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ရမည် ဖြစ်သည်။

ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်(Federal)စနစ်တို့ကို ဖော်ဆောင်မည်ဟု ကြွေးကြော်ထားသည့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါစနစ်များအတွက် အခြေခံအကျဆုံး အစိတ်အပိုင်းတစ်ခုဖြစ်သည့် ရွေးကောက်ပွဲကို ကျင်းပရာတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ဖြေရှင်းဖြည့်

ဆည်းသည့်နေရာ၌ ဤ "**ဖယ်ကြဉ်မရှိမှ လွတ်မျှတ**" ဟူသည့် အစီရင်ခံစာက တစ်ထောင့်တစ်နေရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် အထောက်အကူဖြစ်မည်ဆိုပါက မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းအနေဖြင့် ပင်ပန်းရကျိုးနပ်မည် ဖြစ်သည်။





# အခန်း (၂) အစီရင်ခံစာပြုစုပုံ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒေသခံပြည်သူတို့၏ ဆန္ဒအသံများကို ၁၉၉၅ ခုနှစ်ကတည်းကပင် မှတ်တမ်းတင်ကောက်ခံခဲ့ပြီး သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းအတွေ့အကြုံ (၂၅) နှစ် ရှိပြီဖြစ်သည်။

ဤအစီရင်ခံစာအတွက် သတင်းအချက်အလက်ကောက်ခံစုဆောင်းရာတွင် "ဒေသခံပြည်သူများ၏ယုံကြည်မှုဖြင့် ပူးပေါင်းပါဝင်ခြင်းသည် အဓိက" ဟူသော မူတစ်ရပ်ကို ချမှတ်ခဲ့သည်။ ထို့ကြောင့် သတင်းအချက်အလက်များကို ကောက်ခံရာတွင် ကိုယ်တိုင်ကောက်ခံခြင်းထက် ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ဆောင်ခဲ့သည်။

စီမံကိန်းနယ်မြေများဖြစ်သော မွန်ပြည်နယ် ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်များ၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်တို့မှ တစ်မြို့နယ်လျှင် ဒေသခံအကြံပေးပုဂ္ဂိုလ် (၁) ဦးစီနှင့် ဒေသခံစေတနာ့ဝန်ထမ်းလူငယ် (၂) ဦးစီ စုစုပေါင်း အကြံပေးပုဂ္ဂိုလ် (၆) ဦးနှင့် စေတနာ့ဝန်ထမ်း (၁၂) ဦးတို့ကို ခန့်အပ်ကာ သတင်းအချက်အလက်များကို ကောက်ခံခဲ့သည်။

ဒေသခံစေတနာ့ဝန်ထမ်းလူငယ် (၁၂) ဦးကို မော်လမြိုင်မြို့တွင် (၃) ရက်တာ သီးခြားလေ့ကျင့်သင်ကြားပေးခဲ့သည်။ ၎င်းတို့သည် ယခင့်ယခင်ကလည်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏

သတင်းအချက်အလက်ကောက်ခံခြင်းလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်ကူညီလုပ်ကိုင်ဖူးသူများဖြစ်သဖြင့် အရည်အသွေးပိုင်းအရ စိတ်ချရသူများ ဖြစ်သည်။

၎င်းပြင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အမြဲတမ်းအဖွဲ့ဝင် (၂) ဦးကလည်း သီးခြားတွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါအဖွဲ့ဝင်များသည် မြို့နယ် (၆) မြို့နယ်ရှိ ကျေးရွာ (၃၀) သို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ပြီး ဒေသခံပြည်သူ (၁၂၉) ဦးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ထို့အတူ လူဦးရေ (၃၀) ဝန်းကျင် ပါဝင်တက်ရောက်သည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကိုလည်း (၂) ကြိမ် ပြုလုပ်ခဲ့သည်။ ၎င်းပြင် ဒေသခံအကြံပေးပုဂ္ဂိုလ်များ၏ ပါဝင်လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူ (၁၂) ဦးကို အင်တာ နက်နှင့် ဖုန်းများမှတဆင့် ဆက်သွယ်မေးမြန်းခြင်းများကိုလည်း ပြုလုပ်ခဲ့သည်။

သတင်းအချက်အလက်ကောက်ခံရာတွင် ရွေးကောက်ပွဲမှ ဖယ်ကြဉ်ခံရမှုနှုန်းမြင့်မားသည့် အုပ်စုများဖြစ်သော ကျေးလက်နေပြည်သူများ အထူးသဖြင့် သက်ကြီးရွယ်အိုနှင့် အမျိုးသမီးများ၊ အခြားနည်းဖြင့် သန်စွမ်းသူများ၊ ပထမဆုံးမဲပေးမည့်လူငယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသမှ ဒေသခံပြည်သူများကို အဓိကထား တွေ့ဆုံမေးမြန်းပြီး စစ်တမ်းကောက်ခဲ့သည်။

၂၀၂၀ ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ကောက်ခံရရှိခဲ့သော သတင်းအချက်အလက်များကို ကဏ္ဍနှင့် နေရာဒေသအလိုက် စုစည်းသိမ်းဆည်းခဲ့သည်။ ရရှိလာသောအချက်အလက်များကို လေ့လာသုံးသပ် ခွဲခြမ်းစိတ်ဖြာပြီး သက်ဆိုင်ရာအခန်းအလိုက် အစီရင်ခံစာကို ရေးသားပြုစုခဲ့သည်။ တွေ့ရှိခဲ့သည့် အချက်အလက်များအပေါ် လုံးလုံးလျားလျား မှီခိုခြင်းမျိုးမဟုတ်ဘဲ အခြားရှိနှင့်ပြီး သောသတင်းအချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးကာ သုတေသနပြုလုပ်ခဲ့သည်များလည်း ရှိသည်။

သတင်းအချက်အလက်ကောက်ခံစုဆောင်းရာတွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း အဖွဲ့ဝင်များအနေဖြင့် အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသည်။

မွန်ပြည်နယ်တွင် COVID-19 ကူးစက်ရောဂါကြောင့် ပြည်သူလူထုနှင့်တွေ့ဆုံခြင်းသည် စွန့်စားမှု တစ်ခုဖြစ်နေသည်။ မွန်ပြည်နယ်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အသွားအလာကန့်သတ်ချက်များကြောင့် လူထုတွေ့ဆုံပွဲ (၂) ခုကို ဖျက်သိမ်းပေးခဲ့ရသည့်အပြင် ကောက်ခံခဲ့သည့် အချက်အလက်များကို အချိန်မီစုဆောင်းနိုင်ရန်အတွက်လည်း ရုန်းကန်ခဲ့ရသည်။

၎င်းပြင် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် လှုပ်ရှားမှုဖြစ်သည့်အတွက် မဲဆွယ်စည်းရုံးမှုပြုလုပ်သည်ဟုဆိုကာ တိုင်ကြားခံရမှုလည်း ရှိခဲ့သည်။

အသွားအလာကန့်သတ်ခြင်းကြောင့် ကွင်းဆင်းသုတေသနပြုလုပ်မည့် မူလအစီအစဉ်ကို ဖျက်သိမ်းပြီး အင်တာနက်နှင့် ဖုန်းများမှတဆင့် ဆက်သွယ်ဆောင်ရွက်ရသည်များလည်း ရှိခဲ့သည်။


ဝေးလံခေါင်သီသည့်ကျေးရွာများကို ဦးစားပေးအဖြစ် သတ်မှတ်ထားခြင်းကြောင့် ကုန်းတစ်တန်ရေတစ်တန် သွားရခြင်း၊ ညအိပ်ခရီးများ သွားရခြင်းများလည်း ရှိခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်းကြောင့် ခက်ခက်ခဲခဲ သွားခဲ့ရသည်များလည်း ရှိသည်။

သတင်းအချက်အလက်ရယူမှု အကန့်အသတ်ရှိသော မြန်မာနိုင်ငံတွင် အချက်အလက်ပိုင်းဆိုင်ရာ အတည်ပြုခြင်းနှင့် သုတေသနပြုလုပ်ခြင်းလုပ်ငန်းများတွင်လည်း ခက်ခဲမှုရှိခဲ့သည်။ သက်ဆိုင်ရာဌာနများမှ အချက်အလက်များ တောင်းခံရာတွင်လည်း အဆင်မပြေမှုများနှင့် ငြင်းပယ်ခံရမှုများ ရှိခဲ့သည်။

ကူးစက်ရောဂါကာလဖြစ်သည့်အတွက် ရောဂါပြန့်ပွားမှု မဖြစ်စေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ရောဂါကာကွယ်ရေးနည်းလမ်းများကို စနစ်တကျလိုက်နာရန် အဖွဲ့ဝင်များကို ညွှန်ကြားခဲ့ပြီး လိုအပ်သော ကာကွယ်ရေးပစ္စည်းများကိုလည်း လုံလုံလောက်လောက် ထောက်ပံ့ခဲ့သည်။

ဒေသခံပြည်သူများနှင့် အဖွဲ့ဝင်များ၏ ကျန်းမာရေးနှင့် လုံခြုံရေးကို ဦးစားပေးအဖြစ် သတ်မှတ်ပြီး လုပ်ငန်းအကောင်အထည်ဖော်ခဲ့သည်။





## အခန်း (၃) ဥပဒေ၊ နည်းဥပဒေပိုင်းဆိုင်ရာ အခက်အခဲများ

### ၁) နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်

နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights (ICCPR)) ကို ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၆၆ ခုနှစ် ဒီဇင်ဘာ လ (၁၆) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီလ (၁၉) ရက်နေ့ ကတည်းက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်လာခဲ့သော်လည်း နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ထိုးထားခြင်း မရှိသေးချေ။

နိုင်ငံတော်အစိုးရအနေဖြင့် ICCPR စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် အိမ်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာက ၂၀၁၉ စက်တင်ဘာလတွင် အဆိုတင်သွင်းခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် ဆောင်ရွက်နေသည်ဟု သိရသည်။

"ICCPR မှာက ဘယ်သူ့ကိုမှ ခွဲခြားခြင်း မရှိရဘူး။ တိုင်းရင်းသားဒေသ၊ အမျိုးသမီး၊ ကလေးတွေကို အားလုံးလွှမ်းခြုံပြီးတော့ ကာကွယ်ပေးရမယ်ဆိုတော့ အစိုးရရဲ့တာဝန်ရှိမှုကို ပိုမိုအားကောင်းစေ တယ်" ဟု လူ့အခွင့်အရေးအသိပညာပေး အရပ်ဖက်အဖွဲ့အစည်းဖြစ်သည့် Equality Myanmar မှ ဒါရိုက်တာ ဦးအောင်မျိုးမင်းက Eleven Media Group ကို ပြောကြားထားသည်။[2]

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လွတ်လပ်သော နိုင်ငံရေးခံယူချက်ကို အာမခံသည့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights (ICCPR)) တွင် ပါဝင်လက်မှတ်ရေးထိုးရန် အတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်ကို အထူးတိုက်တွန်းပါသည်။

## ၂) ရွှေးကောက်ပွဲနည်းဥပဒေ ပုဒ်မ (၁၀)

ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ (၁၀) သည် မြန်မာပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူနှင့် ရွှေ့ပြောင်း လုပ်သားများ ဆန္ဒမဲလွယ်ကူစွာပေးနိုင်ရန် ရည်ရွယ်သည့်ပုဒ်မ ဖြစ်သည်။



2 လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် သဘောတူစာချုပ် နှစ်ခုကို အစိုးရ လက်မှတ်ရေးထိုးရေး အရပ်ဖက်အဖွဲ့အစည်းအချို့ လွှတ်တော်ကော်မတီများနှင့် တွေ့ဆုံဆွေးနွေး၊ ဖေဖော်ဝါရီ ၅၊ ၂၀၂၀၊ Eleven Media Group

၂၀၁၀ ပြည့်နှစ် မတ် (၁၇) ရက်၌ အသက်ဝင်ခဲ့သည့် ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ (၁၀) တွင် မဲဆန္ဒနယ်ပြင်ပရောက်ရှိနေပြီး မိမိနေရပ်သို့ အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်မဲမပေးလိုသည့် မဲဆန္ဒရှင်များအနေဖြင့် မိမိရောက်ရှိရာ မဲဆန္ဒနယ်အတွင်း မဲပေးလိုပါက ၎င်းဒေသတွင် အနည်းဆုံး ရက်ပေါင်း (၁၈၀) (တစ်နည်း ခြောက်လ) နေထိုင်ပြီးဖြစ်ရမည်ဟု ပြဌာန်းထားသည်။

သို့သော် လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရက်ပေါင်း (၁၈၀) အစား ရက်ပေါင်း (၉၀) ဖြင့် ပြင်ဆင်ရန် အဆိုပြုခဲ့ပြီး အဆိုပါပြင်ဆင်ချက်ကို ပြည်သူ့လွှတ်တော်က ၂၀၂၀ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် အတည်ပြုခဲ့သည်။

တိုင်းရင်းသားနိုင်ငံရေးပါတီ (၁၂) ပါတီဖြင့် စုဖွဲ့ထားသည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ (United Nationalities Alliance (UNA)) အပါအဝင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီတို့က ၂၀၂၀ ဖေဖော်ဝါရီ (၂၄) ရက်နေ့ တွင် ပူးတွဲကြေညာချက်ထုတ်ပြန်ပြီး ကန့်ကွက်ခဲ့သည်။ ပြင်ဆင်ချက်ကို အလိုမရှိကြောင်း ကချင်အမျိုးသားကွန်ရက်ပါတီကလည်း မတ်လ (၉) ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဆန္ဒပြကန့်ကွက်ခဲ့ သည်။[3]



သို့သော် အဆိုပါပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကလည်း မေလ (၂၀) ရက်နေ့တွင် ကန့်ကွက်သူမရှိ အတည်ပြုခဲ့သဖြင့် ပြည်ထောင်စု လွှတ်တော်တွင် အဆုံးအဖြတ်ရယူရန် မလိုတော့ချေ။

"ကျွန်တော်တို့ မွန်ညီညွတ်ရေးပါတီကရော တစ်ခြားတိုင်းရင်းသားပါတီတွေကပါ ရွေးကောက်ပွဲကော်မရှင်ကို စာပို့ပြီး ကန့်ကွက်ခဲ့ပါတယ်။ လွှတ်တော်အသီးအသီးကိုလည်း စာပို့ထားတယ်။ ဒါပေမယ့် ကန့်ကွက်နေတဲ့ကြားက အတည်ပြုလိုက်တာကတော့ သဘာဝမကျဘူး" ဟု မွန်ညီညွတ်ရေးပါတီမှ တွဲဖက်အတွင်းရေးမှူး (၁) ဖြစ်သူ နိုင်လယိတမက ပြောပါသည်။ ကာလတိုပြောင်းရွှေ့နေထိုင်ရုံမျှဖြင့် မဲပေးပိုင်ခွင့်ကို ခွင့်ပြုလိုက်သည့်အတွက် (ဗမာမဟုတ်သော) တိုင်းရင်းသားဒေသအတွင်းရှိ ဒေသခံကိုယ်စားလှယ်များ၏ ကိုယ်စား

3 ရက်ပေါင်း ၉၀ သဘောတူညီချက်နှင့် လူနည်းစုတိုင်းရင်းသားပါတီများ၏ အပူ၊ မေ ၃၁၊ ၂၀၂၀၊ Eleven Media Group

> ပြုမှုသည် မေးခွန်းထုတ်စရာဖြစ်လာမည်ဟု (ဗမာမဟုတ်သော) တိုင်းရင်းသား နိုင်ငံရေး ပါတီများက ရှုမြင်သည်။

ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ၎င်းတို့နေရင်းရပ်ရွာတွင် ဆန္ဒမဲပေးရန် သွားလာရေးအခက်အ ခဲများ ရှိနေပါက ကြိုတင်မဲပေးနိုင်ရန် နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ပေးသင့်သည်ဟု နိုင်လယိတမက မှတ်ချက်ပြုခဲ့သည်။

လက်ရှိရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်ရာတွင် နိုင်ငံရေးပါတီ များနှင့် တွေ့ဆုံဆွေးနွေးပြီး အကြံဉာဏ်များ ရယူခြင်း မရှိဟု မွန်ညီညွတ်ရေးပါတီက ၂၀၂၀ ဩဂုတ်လ (၁၈) ရက်နေ့တွင် ပြောဆိုထားသည်။

“အရင်ကော်မရှင်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် နိုင်ငံရေးပါတီတွေဆီက အကြံဉာဏ်ရယူတဲ့အပိုင်း နိုင်ငံရေး ပါတီတွေရဲ့အသံတွေကို နားထောင်တဲ့အပိုင်းတွေမှာ လက်ရှိကော်မရှင်က အများကြီးအားနည်းနေ တယ်။ ဒီနည်းဥပဒေပြင်တဲ့အပိုင်းမှာ ကော်မရှင်က နိုင်ငံရေးပါတီတွေရဲ့ သဘောထားကို ရယူဆွေး နွေးခြင်း မရှိဘူး" ဟု နိုင်လယိတမက ပြောဆိုခဲ့သည်။



## ၃) နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (the Code of Conduct for Political Parties and Candidates) ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများက ၂၀၂၀ ဇွန်လ (၂၆) ရက်နေ့တွင် ရန်ကုန်မြို့ Melia Yangon Hotel ၌ လက်မှတ်ရေးထိုးခဲ့ကြသည်။[4]

ကျင့်ဝတ်များသည် တရားဥပဒေအရ စည်းနှောင်ထားခြင်းမရှိသဖြင့် မလိုက်နာသည့်လူပုဂ္ဂိုလ်နှင့် နိုင်ငံရေးပါတီများကို အရေးယူနိုင်ခြင်း မရှိသော်လည်း ရွေးကောက်ပွဲတွင် ဂုဏ်သိက္ခာရှိရှိ ယှဉ်ပြိုင်နိုင်ရေးအတွက် အထောက်အကူဖြစ်နိုင်မည်ဟု နိုင်ငံရေးပါတီများက ရှုမြင်သည်။

> "လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီအချင်းချင်း ဆွေးနွေးညှိနှိုင်းသဘောတူပြီးတော့ ချမှတ်ထားတဲ့ကျင့်ဝတ်ဆိုတော့ ဒါတွေရှိခြင်းအားဖြင့် တစ်ပါတီနဲ့ တစ်ပါတီ မဲဆွယ်စည်းရုံးတဲ့အခါမှာ အပြန်အလှန် ပဋိပက္ခမဖြစ်စေဖို့၊ တရားမျှတမှုကို ထိန်းသိမ်းဖို့ အပြန်အလှန်ပုတ်ခတ်တိုက်ခိုက်မှုတွေမရှိဖို့ ဒီလိုကျင့်ဝတ်တွေရှိခြင်းအားဖြင့် ရွေးကောက်ပွဲအတွက် တရားမျှတမှုကို ပိုပြီးအထောက်အကူဖြစ်တာပေါ့" ဟု နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်ကို လက်မှတ်ထိုးခဲ့သည့် မွန်ညီညွတ်ရေးပါတီမှ တွဲဖက်အတွင်းရေးမှူး (၁) နိုင်လယီတမက ပြောပါသည်။

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် အခန်း (၃) မဲဆွယ်စည်းရုံးခြင်း အခန်း၌ -

> "နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ အခန်း (၂) ပုဒ်မ ၆(ဃ)နှင့်အညီ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ လူတစ်ဦးချင်း သို့မဟုတ် ပြည်သူလူထု၏ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားတို့အပေါ် သက်ရောက်မှုရှိစေနိုင်သော၊ ပဋိပက္ခဖြစ်စေနိုင်သော ရေးသားခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်းများ မပြုလုပ်ရန်" ဟု လည်းကောင်း၊ "အမျိုးသားစည်းလုံးမှုကို ခြိမ်းခြောက်လာနိုင်သည့် ဒေသစွဲ၊ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစု စွဲကြီးမှုကို ပိုမိုကြီးမားအောင် လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ရန်" ဟုလည်းကောင်း ပါရှိသည်။[5]

4 နိုင်ငံရေးပါတီကျင့်ဝတ်စည်းမျဉ်းပြင်ဆင်ချက် ပါတီတချို့ သဘောမတူ၊ ဇွန် ၂၆၊ ၂၀၂၀၊ VOA။

5 နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတါက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ် - စက်တင်ဘာ ၆၊ ၂၀၂၀ - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



အထက်ပါဖော်ပြချက်များသည် ယေဘုယျဆန်ပြီး လိုရာဆွဲ,ကောက်ချက်ချနိုင်သည့်အတွက် (ဗမာမဟုတ်သော) တိုင်းရင်းသားနိုင်ငံရေးပါတီများအတွက် စိတ်မသက်သာစရာ ဖြစ်နေသည်။

"အမုန်တကယ်ဆို ဒီပုဒ်မက ပယ်ဖျက်သင့်တဲ့ ပုဒ်မမျိုးပဲ။ မပယ်ဖျက်ဘူးဆိုရင်တောင်မှ ပိုပြီးတော့ တိတိကျကျ ဖော်ပြသင့်တယ်။ ဒေသစွဲ၊ လူမျိုးစွဲဆိုတာတော့ ပြောရမှာပဲလေ၊ ကိုယ့်ဒေသအကြောင်း၊ ကိုယ့်လူမျိုးအကြောင်း။ ဂိုဏ်းဂဏစွဲဆိုတာ အဓိပ္ပာယ်ဘယ်လိုဖွင့်ဆိုမလဲ။ ရှင်းရှင်းလင်းလင်း ရေးမထားဘူး" ဟု မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပြည် နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) တွင် မွန်ညီညွတ်ရေးပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်မင်းလတ် (ခေါ်) နိုင်ထွန်းမြင့်ကျော်က ပြောပါသည်။

"လူမျိုးစွဲ" ဟူသော ဖော်ပြချက်သည်လည်း နိုင်ငံတစ်ဝန်းလုံးရှိ မဲနယ်ဆန္ဒနယ်မြေအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိဘဲ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဆန္ဒမဲအပေါ် အဓိကအားထားနေရသည့် (ဗမာမဟုတ်သော)တိုင်းရင်းသားနိုင်ငံရေးပါတီများအတွက် မဲဆွယ်စည်းရုံးသည့်အခါတွင် အခက်အခဲရှိလာစေမည့် သတ်မှတ်ချက်ဖြစ်သည်။

## ၄) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများ

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၅၈-ဂ) တွင် လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း သို့မဟုတ် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း ဟု ပြဋ္ဌာန်းထားသည်။

"အဲဒီအချက်က တော်တော်တော့ ဂွကျတာပေါ့နော်။ မြန်မာ့နိုင်ငံရေးပြဿနာမှာ ဒီလူမျိုးရေးပြဿနာက ရှိနေပြီးသား။ အဲဒီပုဒ်မအတိုင်းသာဆိုလို့ရှိရင် နိုင်ငံရေးပြဿနာကိုတောင် မှ ပြောလို့ဆိုလို့မရတော့တဲ့အနေအထား ဖြစ်သွားတယ်" ဟု နိုင်မင်းလတ်က ပြောပါသည်။

အဆိုပါပြဋ္ဌာန်းချက်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဥပဒေတွင် ဖော်ပြထားသည်။

"တစ်ဖက်မှာလည်း ဒီပုဒ်မကို ပြဋ္ဌာန်းပြီး လိုရင်တစ်မျိုး မလိုရင်တစ်မျိုး သုံးလာမှာကိုပဲ စိုးရိမ်တယ်။ ... မဲဆွယ်စည်းရုံးတဲ့အခါမှာ နိုင်ငံရေးပြဿနာတွေ ပြောဖို့ဆိုဖို့ဆိုတဲ့အခါ ကျတော့ ခက်သွားတာပေ့ါ" ဟု နိုင်မင်းလတ်က မှတ်ချက်ပြုပါသည်။

## ၅) ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေနှင့် ၂၀၀၈ အခြေခံဥပဒေ

၂၀၂၀ အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့သည့် ၂၀၂၀ ဇူလိုင်လ (၁) ရက်နေ့၏ နောက်တစ်နေ့ဖြစ်သည့် ဇူလိုင်လ (၂) နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်သမ္မတဖြစ်သူ ဒုတိယဥက္ကဋ္ဌ (၁) ဦးဝင်းမြင့်တို့သည် ပါတီစည်းရုံးရေးလုပ်ငန်းများနှင့် နယ်မြေစည်းရုံးရေးလုပ်ငန်းများကို ယနေ့မှစ၍ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထူးကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထိုသို့လုပ်ဆောင်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်အရ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က စတင်ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပြီး ပုဒ်မ (၇) တွင် နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးသည် ရွေးကောက်တင်မြှောက်ပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ပါတီစည်းရုံးရေးနှင့် နယ်မြေစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

သို့သော် ၂၀၀၈ အခြေခံဥပဒေ အခန်း (၃) ပုဒ်မ (၆၄) တွင် "နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း (ယင်း) ပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ" ဟူ၍လည်းကောင်း၊

အခန်း (၅) ပုဒ်မ (၂၃၂) နှင့် (၂၃၄) များတွင် "ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် မိမိရာထူးသက်တမ်းအတွင်း ပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

အလားတူ အခန်း (၁၄) ပုဒ်မ (၄၄၇) တွင် "တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်" ဟု ပြဋ္ဌာန်းထားရာ အခြေခံဥပဒေနှင့် ဆန့်ကျင်သဖွယ်ဖြစ်နေသည့်အပြင် အာဏာရပါတီကို အခြားနိုင်ငံရေးပါတီများထက် မျက်နှာသာပေးထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ (၇) ကို ပြင်ဆင်သင့်သည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထင်မြင်ယူဆသည်။

## ၆) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး

၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအ တာဖြင့် စောင့်ကြည့်လေ့လာခဲ့သော ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections – PACE) အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲကိုလည်း တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် စောင့်ကြည့်လေ့လာသွားနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ၂၀၂၀ ဇူလိုင်လ (၁၄) ရက်နေ့တွင် လျှောက်ထားခဲ့ရာ ခွင့်မပြုနိုင်ကြောင်း ကော်မရှင်က ဇူလိုင်လ (၃၀) ရက်နေ့တွင် အကြောင်းပြန်ခဲ့သည်။




ကော်မရှင်၏ ပိတ်ပင်မှုကို ပြန်လည်သုံးသပ်ရန် အရပ်ဖက်အဖွဲ့အစည်း (၄၅၁) ဖွဲ့က ၂၀၂၀ ဩဂုတ်လ (၁၃) ရက်နေ့တွင် ကြေညာချက် ထုတ်ပြန် တောင်းဆိုခဲ့ပြီး နောက် PACE အဖွဲ့၏ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်ကို ပြန်လည်ခွင့်ပြုကြောင်း ကော်မရှင်က တယ်လီဖုန်းဖြင့် အကြောင်း

ကြားခဲ့သည်။

ဩဂုတ်လ (၁၈) ရက်နေ့တွင် ကော်မရှင်က အသင်းအဖွဲ့မှတ်ပုံတင် လျှောက်ထားနိုင်ရန်အတွက် PACE အဖွဲ့ကို ထောက်ခံချက် ထုတ်ပေးခဲ့သော်လည်း အဖွဲ့အနေဖြင့် အသင်းအဖွဲ့မှတ်ပုံ တင်ခွင့်ပြု ချက် ရရှိပြီးမှသာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့် အသိအမှတ်ပြုလွှာကို ထုတ်ပေးနိုင်မည်ဟု ကော်မရှင်က ဩဂုတ် (၂၁) ရက်နေ့တွင် အကြောင်းပြန်ခဲ့သည်။[6]

ပိတ်ပင်ရခြင်းအတွက် ကော်မရှင်၏ အဓိကအကြောင်းပြချက် (၂) ရပ်မှာ မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းမဟုတ်ခြင်းနှင့် နိုင်ငံခြားအထောက်အပံ့ရယူထားခြင်း တို့ဖြစ်သည်။

သို့သော် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ အခန်း (၄) ပုဒ်မ (၇) တွင် "ဆန္ဒအလျောက် မှတ်ပုံတင်လိုပါက" ဟု ဖော်ပြထားခြင်းကြောင့် မှတ်ပုံတင်ထားသည့်အဖွဲ့အစည်း မဟုတ်သဖြင့် လှုပ်ရှားမှုပိတ်ပင်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း မရှိချေ။ ၎င်းပြင် PACE အဖွဲ့က ၂၀၂၀ ခုနှစ်အစောပိုင်းတွင် အသင်းအဖွဲ့မှတ်ပုံတင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ထောက်ခံချက် တောင်းဆိုခဲ့သော်လည်း ကော်မရှင်က ထောက်ခံချက်ပေးရန် ငြင်းဆန်ခဲ့ဖူးသည်ဟု ဆိုသည်။



ဒုတိယတစ်ချက်ဖြစ်သည့် "နိုင်ငံခြားအထောက်အပံ့ရယူထားခြင်း" နှင့်ပတ်သက်၍လည်း လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရနှင့်တကွ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်တိုင် နိုင်ငံတကာထောက်ပံ့မှုများကို လက်ခံရယူနေသဖြင့်[7] အဆိုပါအကြောင်းပြချက်သည်လည်း ကျိုးကြောင်းဆီ လျော်မှု မရှိချေ။

6 ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) ကို ယာယီအသင်းအဖွဲ့မှတ်ပုံတင်ဖြင့် ၂၀၂၀ ရွေးကောက်ပွဲကို လေ့လာခွင့်ပြုမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၂၀ စက်တင်ဘာလ (၃) ရက်နေ့တွင် ပြောဆိုခဲ့သည်။

7 မြန်မာနိုင်ငံရွေးကောက်ပွဲအတွက် ဂျပန်နိုင်ငံနှင့် UNDP မှ ရွေးကောက်ပွဲမင်များ ထောက်ပံ့မည်၊ ဩဂုတ် ၁၅၊ ၂၀၂၀၊ မဇ္ဈိမသတင်းဌာန။



ပြီးခဲ့သည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မွန်ပြည်နယ်၌ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး အဖွဲ့ (၁၇) ဖွဲ့အထိ [8] ရှိခဲ့သော်လည်း မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟိဏ်းလင်းထက်၏ ပြောကြားချက်အရ ၂၀၂၀ ဩဂုတ်လ (၁၇) ရက်နေ့အထိ မွန်ပြည်နယ်တွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန် လျှောက်ထားသည့်အဖွဲ့အစည်း မရှိသေး ကြောင်း သိရသည်။[9]

စောင့်ကြည့်လေ့လာမည့်အဖွဲ့များ လျော့နည်းနေမည်ဆိုပါက လွတ်လပ်ပြီးမျှတသော ရွေးကောက်ပွဲ ဖြစ်ရန် အလားအလာနည်းမည် ဖြစ်သည်။

> "တကယ်လို့ (ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာဖို့) တစ်ဖွဲ့နှစ်ဖွဲ့ပဲ ရှိမယ်(ဆိုရင်) ဒီဟာတွေက အားလုံးလွှမ်းခြုံနိုင်တယ်လို့ ပြောလို့မရတော့ဘူး။ စောင့်ကြည့်တာနည်းသွားရင်တော့ လွတ်လပ်ပြီးတရားမျှတဖို့ အားနည်းသွားမယ်" ဟု မွန်ပြည်နယ်လူငယ်ကွန်ရက် ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လဲ့မြင့်က ပြောဆိုခဲ့သည်ဟု Southern Myanmar News သတင်းဌာနက ၂၀၂၀ ဩဂုတ်လ (၁၉) ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။[10]

8 မွန်ပြည်နယ်၌ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့်အဖွဲ့ လျှောက်ထားမှု မရှိသေး၊ ဩဂုတ် ၁၈၊ ၂၀၂၀၊ DVB သတင်းဌာန။

9 မွန်မှာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာဖို့ လျှောက်ထားသည့်အဖွဲ့မရှိသေး၊ ဩဂုတ် ၁၇၊ ၂၀၂၀၊ သံလွင်တိုင်းမ်သတင်းဌာန။

10 မွန်ပြည်နယ်မှာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် လျှောက်ထားသူ မရှိသေး၊ ဩဂုတ် ၁၉၊ ၂၀၂၀၊ Southern Myanmar News




ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအတွက် ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် ယခင်ရွေးကောက်ပွဲကော်မရှင်လက်ထက်တွင် ရွေးကောက်ပွဲကော်မရှင်၊ စောင့်ကြည့်လေ့လာသူများနှင့် အရပ်ဖက်အဖွဲ့အစည်းများ အတူတကွရေးဆွဲအတည်ပြုခဲ့သော်လည်း ယခုကော်မရှင်လက်ထက်တွင် အပြန်အလှန်ဆွေးနွေးမှုပင် လုပ်ဆောင်ခဲ့ခြင်း မရှိချေ။[11]

၎င်းပြင် "ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ" ဟူသောစကားစုအစား "လေ့လာသူများ" ဟုသာ ကော်မရှင်က သုံးနှုန်းထုတ်ပြန်ခဲ့သည့်အတွက် ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအပေါ် သဘောထားတင်းမာသည်ဟု ကောက်ချက်ချနိုင်ဖွယ် ရှိနေသည်။

"လွတ်လပ်မျှတ ဆောင်ရွက်ကြ" ဟူသော ကော်မရှင်၏ ဆောင်ပုဒ်အတိုင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်လာရန်အတွက် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက အရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်နေသောကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းဖြစ်စဉ်နှင့်ပတ်သက်၍ တင်းကြပ်ခြင်း၊ သဘောထားတင်းမာခြင်းများ မရှိသင့်ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တိုက်တွန်းပါသည်။



11 ရွေးကောက်ပွဲလေ့လာသူများ ဆောင်ရွက်ရန် အရေးပါသော အချက် (၃) ချက် ချန်လှပ်ခံရဟုဆို၊ ဇူလိုင် ၁၀၊ ၂၀၂၀၊ ဧရာဝတီသတင်းဌာန။



# အခန်း (၄) ကျေးလက်နေပြည်သူများ၏ အခက်အခဲများ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် ကျေးလက်နေပြည်သူများ၏ ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲများကို လက်တွေ့ကျကျသိရှိနိုင်ရန်အတွက် ရွေးချယ်ထားသည့် မြို့နယ် (၆) မြို့နယ်မှ ကျေးရွာပေါင်း (၃၀) တွင် ကွင်းဆင်းလေ့လာ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါလေ့လာမှုအတွင်း ကျေးလက်နေပြည်သူပေါင်း (၁၂၉) ဦးကိုတွေ့ဆုံခဲ့ပြီး ၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲများကို နားထောင်ခဲ့ပါသည်။

ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲများကို စနစ်တကျသိရှိနိုင်ရန်အတွက် ကဏ္ဍအလိုက်မေးခွန်းများ ပြုစုပြီး တစ်ဦးချင်းမေးမြန်းခဲ့သည်များရှိသကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး အုပ်စုလိုက် ဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့သည်။

အဆိုပါတစ်ဦးချင်းတွေ့ဆုံမေးမြန်းခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးမှုများမှ ရရှိလာသော ကျေးလက်နေပြည်သူ၏ စကားသံများကို ဤအခန်းတွင် ဖော်ပြသွားမည် ဖြစ်သည်။

## ၁) ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ရရှိမှု

မြန်မာနိုင်ငံတွင် ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် အစိုးရလက်အောက်တွင် ဆယ်စုနှစ်တစ်ခုနီးပါး ဖြတ်သန်းပြီးသော်လည်း သတင်းအချက်အလက်ရယူပိုင်ခွင့်သည် အကန့်အသတ်ဖြင့်သာ တည်ရှိနေသည်။ ပြည်သူ့လွှတ်တော်က ၂၀၁၉ ဩဂုတ်လ (၆) ရက်နေ့တွင် အတည်ပြုလိုက်သည့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းအရ အစိုးရက ထိန်းချုပ်ထားသည့် သတင်းအချက်အလက်များကို ရယူပါ ထောင်ဒဏ် (၅) နှစ်အထိ ကျခံရမည် ဖြစ်သည်။[12]

> “ဘယ်မှလည်း မသွား ဘယ်မှလည်း မရောက်ဆိုတော့ ဘာမှမသိရပါဘူး။ ရေဒီယိုလည်း မရှိ၊ တီဗီလည်း မရှိပါဘူး” ဟု ရေဖြူမြို့နယ် ပေတာခတ်ကျေးရွာမှ အသက် (၆၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

မွန်ပြည်နယ်တွင်လည်း ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်ရရှိမှုတွင် အခက်အခဲ၊ အတားအဆီးများ ရှိနေသည်။ မေးမြန်းမှုများအရ ကျေးလက်နေပြည်သူများအနေဖြင့် ရွေးကောက်ပွဲသတင်းနှင့်ပတ်သက်၍ ရပ်ကျေးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကျေးရွာအုပ်ချုပ်ရေးမှူးရုံး) ကိုသာ အဓိကအားထားနေရသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ သတင်းအချက်အလက်ရရှိမှု (၇၀) ရာခိုင်နှုန်းအထိ ရှိနေသည်။



12 သတင်းသိရှိခွင့်ကို ထပ်ပြီးကန့်သတ်မယ့် ဥပဒေ လွှတ်တော်အတည်ပြု - ဩဂုတ် ၆၊ ၂၀၁၉ – BBC News မြန်မာ



"အုပ်ချုပ်ရေးမှူးက အသံချဲ့စက်နဲ့ လိုက်လံနှိုးဆော်တာကနေ သတင်းတွေ သိရှိတယ်။ ဖုန်းလဲမကိုင်တတ်ဘူး။ စာလဲမဖတ်တတ်ဘူး" ဟု ကျိုက်မရော မြို့နယ် ကတုံစိကျေးရွာမှ အသက် (၄၂) အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်စသည့် သမာရိုးကျသတင်းမီဒီယာများမှ သတင်းအချက်အလက် ရယူသူ (၄၀) ရာခိုင်နှုန်းနီးပါးရှိသော်လည်း အင်တာနက်စာမျက်နှာ သို့မဟုတ် လူမှု ကွန်ရက်စာမျက်နှာများကို အသုံးပြုသူ သို့မဟုတ် ၎င်းစာမျက်နှာများမှ သတင်းအချက်အလက်ရ ယူသူ နည်းပါးနေသေးသည်။

တွေ့ဆုံမေးမြန်းခဲ့သူများတွင် မြန်မာနိုင်ငံတွင် လူသုံးများသည့် လူမှုကွန်ရက်တစ်ခုဖြစ်သော Facebook ကို အသုံးပြုသူ (၃) ပုံ (၁) ပုံ ရှိသည့်အနက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လူမှုကွန်ရက်စာမျက်နှာကိုသိရှိသူ အနည်းအကျဉ်းသာရှိပြီး ပုံမှန်ဝင်ရောက်ကြည့်ရှုသူ မရှိသလောက် နည်းပါးသည်။

ပြီးခဲ့သည့်စက်တင်ဘာလ (၁၀) ရက်နေ့တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် အလယ်စခန်းကျေးရွာမှ ဒေသတစ်ဦးကိုမေးမြန်းရာ ၎င်းက -

> "ကျွန်တော်ကတော့ မဲစာရင်းမှာ ပါ,ပါတယ်။ ... ဒါကလည်း ခုနက စာရွက်မှာ ဖြေထားတဲ့အတိုင်းပဲ Facebook ကနေ သိတာပါ။ မဲဆန္ဒနယ်အမှတ် ဘယ်လောက်လဲ မသိဘူး။ (ကိုယ်စားလှယ်လောင်းနာမည်ကို ပြောပြီးတော့) ကလည်း ဘယ်သူမှန်း အခုထိတော့ မသိသေးဘူး။ ဒီကိုဗစ်နဲ့ကျတော့ သူလည်း ကျွန်တော်တို့ ကျေးရွာအုပ်စုတွေကို မျက်နှာလာပြဖို့ ခက်လိမ့်မယ်ထင်တယ်" ဟု ပြောပါသည်။



မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက သံဖြူဇရပ်မြို့နယ်တွင် ပြုလုပ်ခဲ့သည့် လူထုတွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်သူလူထုနှင့် တစ်သားတည်းဖြစ်စေရန်အတွက် သတင်းအချက်အလက်များကို ကျေးလက်နေပြည်သူများအပါအဝင် နိုင်ငံသားတိုင်း လက်လှမ်းမီရန်၊ လုပ်ဆောင်သင့်သည်ဟု အကြံပြုချက်များ ရရှိခဲ့သည်။

၎င်းပြင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများကလည်း ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို အောက်ခြေအထိ ကျယ်ကျယ် ပြန့်ပြန့် သိရှိအောင် လုပ်ဆောင်သင့်ကြောင်း တိုက်တွန်းခဲ့ကြသည်။

## ၂) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးမှုအခြေအနေ

၂၀၀၈ အခြေခံဥပဒေ အတည်ပြုပြီးနောက် အထွေထွေရွေးကောက်ပွဲကို နှစ်ကြိမ်ဆက် ကျင်းပပြီးစီးခဲ့သော်လည်း တွေ့ဆုံမေးမြန်းမှုများအရ ရွေးကောက်ပွဲပညာပေးသင်တန်းများနှင့် ထိတွေ့သူ နည်းပါးနေသည်။ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများက ရွေးကောက်ပွဲဆိုင်ရာ အမြင်ဖွင့်သင်တန်းများ ပို့ချနေသည်ဟုဆိုသော်လည်း ၎င်းသင်တန်းကို ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ဖူးသူ (၃) ပုံ (၁) ပုံပင် မပြည့်ချေ။

> "သင်တန်းမတက်ဘူးပါဘူး။ အရပ်ဘက်အဖွဲ့အစည်းတွေကတော့ သင်တန်းလာပေးကြပါတယ်။ ဒါပေမယ့် ကိုယ်မတက်ဖြစ်လို့ မသိတာပါ" ဟု သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာမှ အသက် (၃၂) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

> "အရင်နှစ်တွေကတော့ ရှိပါတယ်။ ဒီနှစ်အတွက်တော့ မရှိသေးဘူး" ဟု ရေဖြူမြို့နယ် ဖားချောင်းရွာမှ အသက် (၄၃) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်းရှင်းက စစ်တမ်းကောက်ချိန်တွင် မဲဆွယ်စည်းရုံးရေးကာလ မသတ်မှတ်ရသေးသောကြောင့် နိုင်ငံရေးပါတီနှင့် အရပ်ဘက်အဖွဲ့အစည်းများက လှုပ်ရှားနိုင်ခြင်း မရှိသေးသဖြင့် ရွေးကောက်ပွဲဆိုင်ရာ အမြင်ဖွင့်သင်တန်းများနှင့် ထိတွေ့မှုနည်းပါးနေသည်ဟု ထင်မြင်ယူဆပါသည်။

> "အရင်နှစ်တုန်းကတော့ သင်တန်းလာပေးတာတော့ရှိတယ်။ ဒါပေမယ့် အခေါ်ကတော့ မတက်ဖူးဘူး။ အခုနောက်ပိုင်း သင်တန်းလာပေးတာတော့ မရှိပါဘူး" ဟု ကျိုက်မရော မြို့နယ် ကတုံစိကျေးရွာမှ အသက် (၃၉) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းများနှင့် ထိတွေ့မှုမရှိခြင်းကြောင့် ဆန္ဒမဲပေးရာတွင် လွဲချော်မှုများ ရှိနိုင်ပြီး နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးများ ထိခိုက်ဆုံးရှုံးသွားနိုင်သည်။

> "သင်တန်းတော့ တစ်ခါမှမတက်ဘူးဘူး။ မဲသွားထည့်ရင် အရင်ဆုံးမဲထည့်တဲ့လူက ဘယ်လို ပုံစံနဲ့ ထည့်တယ်ဆိုတာကို သူ့ကိုမေးပြီးတော့ ထည့်တယ်။ မဲကို ထည့်တော့ထည့်တယ်။ ကိုယ်မှ စာမတတ်တာ။ မှန်လား မှားလာတော့ မသိဘူး" သံဖြူဇရပ်မြို့နယ် အနင်းကျေး ရွာမှ အသက် (၅၄) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

ကျေးလက်နေပြည်သူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတနည်းပါးနေခြင်းကြောင့် အမြင်ဖွင့်သင်တန်းများ ပိုမိုလုပ်ဆောင်ပေးရန် လိုအပ်နေသည်။



သံဖြူဇရပ်မြို့နယ် ရသေ့တောင်ကျေးရွာမှ အသက် (၅၅) နှစ်အရွယ် အမျိုးသား တစ်ဦးက "နောက်ပြီး ကျွန်တော်တို့ရွာမှာက ဗဟုသုတ နည်းပါးနေသေးတယ်။ သူတို့တွေ မဲပေးနိုင်ဖို့ အတွက် ကျွန်တော်တို့အချိန်ရရင် ရသလို ရွာသူရွာသားတွေအတွက် သင်တန်း ပေးဖို့ အစီအစဉ်တော့ရှိပါတယ်" ဟု ပြောကြား ခဲ့သည်။

ယခုအခါ COVID-19 ကူးစက်ရောဂါကြောင့် ပြည်သူလူထုများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းများနှင့် ထိတွေ့ခွင့် ပိုမိုခက်ခဲလာခဲ့သည်။ မွန်ပြည်နယ်တွင် ပြည်တွင်းကူးစက်မှု မြင့်လာတာခြင်းကြောင့် ရပ်ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို ပို့ချပေးနေသည့် ရွေးကောက်ပွဲဆိုင်ရာသင်တန်းများကို ရပ်

နားထားရကြောင်း မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်း ရေးမှူး ဦးဟိဏ်းလင်းထက်က စက်တင်ဘာ (၁၁) ရက်နေ့တွင် ပြောဆိုခဲ့သည်။[13]

## ၃) နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအကြောင်း သိရှိမှု

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မွန်ပြည်နယ်၌ နိုင်ငံရေးပါတီ (၁၂) ခုမှ ကိုယ်စားလှယ်လောင်း (၂၉၁) ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း (၁၁) ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။[14]

နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအကြောင်း သိရှိမှုကို မေးမြန်းရာတွင် ဒေသခံ တိုင်းရင်းသားပါတီများနှင့် အင်အားကြီးပါတီများကို အများစုသိရှိကြသော်လည်း ကိုယ်စားလှယ် လောင်းများအကြောင်းကိုမူ အနည်းအကျဉ်းသာ သိရှိကြသည်။ စစ်တမ်းကောက်ယူချိန်သည် မဲဆွယ် စည်းရုံးရေးကာလ မစတင်သေးသည့်အချိန်ဖြစ်သဖြင့် ထိုကဲ့သို့ သိရှိမှုနည်းပါးနေသည်ဟု မှတ်ယူနိုင် ပါသည်။

> "နိုင်ငံရေးပါတီတွေ တစ်ခုမှမသိဘူး။ ဘာမှမသိဘူး။ ကိုယ်စားလှယ်လောင်းနာမည်တွေ လည်း ဘာမှမသိဘူး" ဟု ရေးဖြူမြို့နယ် ပေတခတ်ရွာမှ အသက် (၆၅) နှစ်အရွယ် အမျိုး သား တစ်ဦးက ပြောပါသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ ကျောက်ဘီလူးကျေးရွာအုပ်စုမှ မဲစာရင်းတွင် ပါဝင်သူ အသက် (၄၂) အရွယ် အမျိုးသမီးတစ်ဦးမှာ ၎င်းမဲဆန္ဒနယ်မြေမှ ကိုယ်စားလှယ်လောင်းများ၏ အချက်အလက်များကို စက်တင်ဘာလ (၉) ရက်နေ့အထိ သိရှိခြင်းမရှိသေးကြောင်း သိရ သည်။

> သံဖြူဇရပ်မြို့နယ် ရသေ့တောင်ကျေးရွာမှ အသက် (၅၅) နှစ်အရွယ် အမျိုးသားတစ်ဦးက "နိုင်ငံရေးပါတီ (၃) ပါတီရှိတယ်။ ကိုယ်စားလှယ်လောင်းတွေရဲ့ အကြောင်းကိုတော့ မသိ ပါဘူး။ ကိုယ်စားလှယ်လောင်းတွေက ဒီရွာကလူတွေမဟုတ်လို့လေ" ဟု မှတ်ချက်ပြုသည်။

မိမိ၏ ရည်ရွယ်ချက်နှင့် မိမိပါတီ၏ မူဝါဒများကို အများပြည်သူများ သိရှိနားလည်ပြီး ရွေးကောက်ပွဲ တွင် ပါဝင်လာရန်အတွက် မဲဆွယ်စည်းရုံးရေးကာလတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အထူးလုံ့လစိုက်ရန် လိုအပ်နေသည်ကို တုံ့ပြန်မှုများက သက်သေပြနေသည်။

13 ရပ်ကျေးကော်မရှင်အဖွဲ့ဝင်တွေကို ပို့ချနေတဲ့ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများ ရပ်နားထားရ (ရှပ်သံဖိုင်) - စက်တင်ဘာ ၁၁၊ ၂၀၂၀ - သံလွင်တိုင်းမ်

14 မွန်ပြည်နယ်တွင် ပါတီ (၁၇) ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း စုစုပေါင်း ၉၃၀၂ ဦး ဝင်ရောက်ယှဉ်ပြိုင်မည် - စက်တင်ဘာ ၁၁၊ ၂၀၂၀ - သံလွင်တိုင်းမ်

> "ကိုယ်စားလှယ်လောင်းတွေက ဒီဒေသဘက်မှာ (ပြည်သူတွေနဲ့)ထိတွေ့မှုသိပ်မရှိတော့ သူတို့အကြောင်းတွေကိုလည်း ကျွန်တော်တို့ သိပ်မသိကြဘူး" ဟု ရသေ့တောင်ကျေးရွာမှ အသက် (၆၃) နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

ပြည်သူလူထုကို ရွေးကောက်ပွဲတွင်ပါဝင်လာစေရန် စည်းရုံးရာတွင် ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များသည်လည်း အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသောကြောင့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး ပါတီမူဝါဒနှင့် ရွေးကောက်ပွဲကတိကဝတ်များကို သေချာရှင်းပြသင့်သည်။

ၿငင်းပြင် ရွေးကောက်ပွဲအလွန်ကာလတွင်လည်း အဆိုပါကတိကဝတ်များကို ဖော်ဆောင်ပေးရန် တာဝန်ရှိသည်။ ရွေးကောက်ပွဲကတိကဝတ်များကို မဖော်ဆောင်နိုင်ခြင်းသည် ပြည်သူလူထုက ရွေးကောက်ပွဲအပေါ်တွင် စိတ်ဝင်စားမှုမရှိခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်နေသည်။

> "သမီးတို့ရွာမှာဆို အုပ်ချုပ်ရေးမှူးက အသံချဲ့စက်နဲ့ လိုက်နှိုးဆော်နေတယ်။ ဆွေမျိုးသားချင်းတွေကို မဲစာရင်းသွားကြည့်ဖို့ ပြောတော့ သူတို့က ဘာပြန်ပြောလဲဆိုတော့ "ဘာလို့မဲပေးမှာလဲ။ သူတို့မဲနိုင်ပြီး(ရွေးကောက်ခံပြီး)ရင် သူတို့အမျိုး သူတို့မိသားစုတွေပဲ အခွင့်အရေးရသွားတာ။ ငါတို့အတွက် ဘာလုပ်ပေးတာရှိလို့လဲ" လို့ အဲလိုပြောကြတယ်။ ရွာသူရွာသားအတော်များများရဲ့စိတ်ထဲမှာလည်း အဲလိုပဲရှိနေတော့ မဲစာရင်း (မှန်ကန်မှုရှိမရှိဆိုတဲ့) အပေါ်မှာ သိပ်အလေးမထားဘူး" ဟု ရွေးကောက်ပွဲနှင့်လူငယ်အရေးအတွက် လှုပ်ရှားနေသူ သံဖြူဇရပ်မြို့နယ်မှ လူငယ်အမျိုးသမီးတစ်ဦးက ပြောပါသည်။[15]

## ၄) မဲစာရင်းဆိုင်ရာ အခက်အခဲများ

၂၀၂၀ ရွေးကောက်ပွဲကို ဟန်ပြမဟုတ်ဘဲ စံပြရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြောဆိုထားသော်လည်း[16] ၂၀၂၀ ဇူလိုင်လ (၂၅) ရက်နေ့ မဲစာရင်း ထုတ်ပြန်ရာတွင် မှားယွင်းမှု အမြောက်အမြား ပါရှိနေသည်။

15 Interest in politics declines as election promises go unfulfilled – July 30, 2020 – HURFOM

16 ၂၀၂၀ ရွေးကောက်ပွဲ ဟန်ပြမလုပ် စံပြလုပ်မည်ဟု ကော်မရှင်ဥက္ကဋ္ဌ ကတိပေး - ဩဂုတ် ၂၄၊ ၂၀၂၀ - ဧရာဝတီသတင်းဌာန



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် မဲစာရင်းတွင် (၂) နေရာတွင် အမည်စာရင်း ပါဝင်နေသည့်အပြင် [17] အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မိသားစုဝင်များ၏ မဲစာရင်းတွင်လည်း မှားယွင်းမှုများ ရှိနေသည်။[18]

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၏ ပြောကြားချက်အရ တစ်နိုင်ငံလုံးအတိုင်းအတာတွင် မဲစာရင်းမှားယွင်းသဖြင့် ကန့်ကွက်သူလူဦးရေသည် ၂၀၂၀ ဩဂုတ်လ (၄) ရက်နေ့အထိ (၄) သိန်း (၂) သောင်းကျော် ရှိကြောင်း သိရသည်။[19]

မွန်ပြည်နယ်တွင် ပထမအကြိမ်ကပ်ထားကြေညာသည့်မဲစာရင်းတွင် မှားယွင်းမှုရှိနေသဖြင့် ပြန်လည်လျှောက်ထားသူ (၂၁,၀၀၀) ကျော် ရှိသည်ဟု မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟိဏ်းလင်းထက်က ပြောဆိုထားသည်။[20]

တွေ့ဆုံမေးမြန်းခဲ့သူများ၏ (၈၀) ရာခိုင်နှုန်းဝန်းကျင်တွင် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းစသည့် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ ကိုင်ဆောင်ထားနိုင်သော်လည်း (၆၀) ရာခိုင်နှုန်းခန့်ကသာ မဲစာရင်းတွင် ပါဝင်သည်ဟု[21] အတည်ပြုဖြေကြားခဲ့သည်။

17 နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏အမည် မဲစာရင်း ၂ နေရာတွင် ပါဝင်နေ - ဩဂုတ် ၁၄၊ ၂၀၂၀ - DVB

18 လဝကဝန်ကြီး ဦးသိန်းဆွေမိသားစု မဲစာရင်း မှားယွင်းနေ - ဩဂုတ် ၅၊ ၂၀၂၀ – RFA Burmese

19 ၂၀၂၀ ရွေးကောက်ပွဲ တစ်နိုင်ငံလုံးမှာ မဲစာရင်းမှားလို့ ကန့်ကွက်သူ လေးသိန်းကျော် ရှိ - ဩဂုတ် ၅၊ ၂၀၂၀ – BBC News မြန်မာ

20 မွန်ပြည်နယ် မဲစာရင်းမှာ အမည်မပါလို့ ပြန်လျှောက်ထားသူ (၂၁၀၀၀) ကျော်ရှိ - ဩဂုတ် ၁၆၊ ၂၀၂၀ - သံလွင်တိုင်းမ်

"အိမ်ထောင်စုစာရင်းလည်း ရှိတယ်။ မှတ်ပုံတင်လည်း ရှိတယ်။ မဲစာရင်းထဲမှာ မိသားစု နာမည်အကုန်ပါ,ပါတယ်။ ပြည်ပရောက်နေတဲ့သူတွေလည်း မဲစာရင်းထဲမှာ နာမည်ထည့်ထားပါတယ်" ဟု ကျိုက်မရောမြို့နယ် ကတုံစိကျေးရွာမှ အသက် (၃၉) နှစ်အရွယ် မဲဆန္ဒရှင် အမျိုးသမီးတစ်ဦးက ပြောပါသည်။

မဲစာရင်းတွင် မပါဝင်သည့် ရာခိုင်နှုန်းများသည် မဲစာရင်းမှ ချန်လှပ်ခံရခြင်း ဖြစ်နိုင်သကဲ့သို့ မဲစာရင်း သွားရောက်ကြည့်ရှုခြင်း မရှိသဖြင့် အတည်မပြုနိုင်သည်များလည်း ဖြစ်နိုင်ချေရှိသည်။ တွေ့ဆုံမေးမြန်းခဲ့သူများ၏ (၆၀) ရာခိုင်နှုန်းခန့်က တစ်နည်းနည်းဖြင့် မဲစာရင်းကြည့်ရှုခဲ့သည်ဟု ဖြေကြားထားသည်။

"မှတ်ပုံတင်လည်း ရှိတယ်။ အိမ်ထောင်စုစာရင်းလည်း ရှိတယ်။ မဲစာရင်းကိုတော့ သွားမကြည့်သေးဘူး။ မဲစာရင်းထုတ်တဲ့အချိန်မှာ ကျွန်မက အိမ်မှာမရှိဘူး။ ကိုယ့်နာမည်ပါလား မပါဘူးလားဆိုတာကို မသိသေးဘူး" ဟု မုဒုံမြို့နယ်မှ အသက် (၅၀) နှစ်အရွယ် မဲဆန္ဒရှင် အမျိုးသမီးတစ်ဦးက ပြောပါသည်။


"မဲထည့်ဖို့ မှတ်ပုံတင်လည်း ရှိ၊ အိမ်ထောင်စုစာရင်းလည်း ရှိတယ်။ မဲစာရင်းကိုတော့ သွားမကြည့်ရ သေးဘူး။ အချိန်တန်ရင် အုပ်ချုပ်ရေးမှူးက လာပြီးတော့ ပြောမယ်။ ပြီးရင် မဲသွားထည့်မယ်" ဟု ကျိုက်မရောမြို့နယ်မှ အသက် (၄၆) နှစ်အရွယ် အမျိုးသမီး မဲဆန္ဒရှင် တစ်ဦးက ပြောပါသည်။

မဲစာရင်းကြည့်ရှုခဲ့သူများ၏ (၁၅) ရာခိုင်နှုန်းကျော်က ၎င်းတို့၏ မဲစာရင်း မှားယွင်းကြောင်း ဖြေကြားခဲ့ပြီး ပြန်လည်ပြင်ဆင်လျှောက်ထားခဲ့သည်ဟု ဆိုသည်။ ပြန်လည်ပြင်ဆင်လျှောက်ထားရာတွင်မူ အခက်အခဲတစ်စုံတရာ မရှိဘဲ အဆင်ပြေချောမွေ့သည်ဟု ဆိုသည်။

"မဲစာရင်းသွားကြည့်တယ်။ မိသားစုဝင်နှစ်ယောက် နာမည်မှားနေတယ်။ ဒါပေမယ့် ပြန်လျှောက်ထားပါတယ်။ လျှောက်တဲ့အခါမှာလည်း ဘာအခက်အခဲမှမရှိပါဘူး" ဟု သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာမှ အသက် (၅၄) နှစ်အရွယ် အမျိုးသမီးမဲဆန္ဒရှင်တစ်ဦးက ပြောပါသည်။

မုဒုံမြို့နယ်မှ အသက် (၅၆) နှစ်အရွယ် အမျိုးသားတစ်ဦးက "မဲစာရင်းမှာ နာမည်မှားနေတော့ အုပ်ချုပ်ရေးမှူးကနေတဆင့် ပြန်လျှောက်ထားတယ်။ ကိုယ့်နာမည်က (၂) ခု ဖြစ်နေပြီးတော့ သားသမီးတွေရဲ့

21 ကျန်ရာခိုင်နှုန်းများသည် မဲစာရင်းမှ ချန်လှပ်ခံရသည်လည်း ဖြစ်နိုင်သကဲ့သို့ မဲစာရင်းသွားရောက် မကြည့်ရှုသဖြင့် အတည်မပြုနိုင်သည်များလည်း ရှိသည်။




အမေနာမည်က ပျောက်နေတယ်။ ပြန်လျှောက်တဲ့အခါမှာ အခက်အခဲတော့ မရှိပါဘူး" ဟု ပြောပါသည်။

ပထမအကြိမ်မဲစာရင်းစိစစ်မှုကို ဩဂုတ်လမတိုင်မီ အပြီးသတ်ရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ညွှန်ကြားထားပြီး ဒုတိယအကြိမ် မဲစာရင်းကြေညာကပ်ထားမှုကို စက်တင်ဘာလ (၂၀) ရက်နေ့တွင် ထပ်မံပြုလုပ်ခဲ့သည်။

မဲစာရင်းမှန်ကန်ပြည့်စုံမှု ရှိစေရေး၊ မဲစာရင်းတွင် ချန်လှပ်ခံရမှုနှင့် ဖယ်ကြဉ်ခံရမှု မရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အလေးထားဆောင်ရွက်သင့်သကဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများနှင့် မဲဆန္ဒရှင်ပြည်သူများကလည်း ပူးပေါင်းပါဝင်ကူညီခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများ ပြုလုပ်သင့်ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၂၀ ဩဂုတ်လ (၃၁) ရက်နေ့တွင် သံဖြူဇရပ်မြို့၌ ကျင်းပခဲ့သည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲက အကြံပြုတိုက်တွန်းထားသည်။

> "ကျွန်တော်တို့ရွာမှာ (ရွေးကောက်ပွဲအတွက်) လူငယ်အဖွဲ့လေးတစ်ဖွဲ့ ဖွဲ့ထားတယ်။ မဲစာရင်းကပ်တဲ့အခါကျရင် အဲလူငယ်အဖွဲ့က ရွာသူရွာသားတွေကို လိုက်ပြောမယ်။ သူတို့ မဲစာရင်းကြည့်တာတွေ ပြီးတော့ စာရင်းမှားနေတာရှိရင် ပြန်ပြင်တာတွေ ကူညီဖို့ပါ။ အဲလို စီစဉ်ထားတယ်" ဟု မုဒုံမြို့နယ် နိုင်လုံကျေးရွာအုပ်ချုပ်ရေးမှူး နိုင်မွန်စိုးနွယ်က ပြောပါသည်။[22]

22 Administrators say villagers more interested in election than ever before – July 23, 2020 – HURFOM

## ၅) မဲရုံအခြေအနေ

၂၀၁၅ ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တပ်တွင်းမဲရုံများအပါအဝင် မဲရုံစုစုပေါင်း (၄) သောင်းကျော်ရှိပြီး မဲဆန္ဒရှင် (၃၄) သန်း လာရောက်မဲပေးခဲ့သည်။ [23] ၂၀၂၀ ရွေးကောက်ပွဲအတွက် ကောက်ယူထားသည့်အခြေခံမဲစာရင်းအရ မဲပေးပိုင်ခွင့်ရှိသူဦးရေ (၃၇) သန်းရှိပြီး ၂၀၁၅ ရွေးကောက်ပွဲထက် (၃) သန်း ပိုလာသည်ဟု ရွေးကောက်ပွဲကော်မရှင်က ပြောဆိုထားသည်။[24]

၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူ လူဦးရေ (၃၀၀) မှ (၃,၀၀၀) အတွင်းရှိ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုလျှင် မဲရုံ (၁) ရုံနှုန်း သတ်မှတ်ထားရှိခဲ့ပြီး ၂၀၂၀ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ တိုးပွားလာသဖြင့် မဲရုံများ တိုးချဲ့ဖွင့်လှစ်မည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြောဆိုထားသည်။ [25] သို့သော် မဲရုံအရေအတွက် မည်မျှတိုးချဲ့မည်ကို အတိအကျပြောဆိုထားခြင်း မရှိချေ။



မွန်ပြည်နယ်တွင် ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ (၁၅) သန်း (၃) သောင်းကျော် [26] ရှိခဲ့ပြီး လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ (၁၇) ကျော်ရှိပြီး ၎င်းအရေအတွက်တွင် အသက် (၁၈) နှစ်ပြည့်ခါစ လူငယ်မဲဆန္ဒရှင် (၁) သိန်းကျော်၊ ပြည်ပမှပြန်လာသူ (၅) ထောင်ကျော်နှင့် အခြားနည်းဖြင့် သန်စွမ်းသူမဲဆန္ဒရှင် (၄) ထောင်ကျော် ပါဝင်သည်ဟု သိရသည်။[27]

အထက်ပါကိန်းဂဏန်းများအရ ယခုနှစ်ရွေးကောက်ပွဲ၌ မွန်ပြည်နယ်တွင် မဲဆန္ဒရှင်ဦးရေ (၃) သန်းနီးပါး ပိုလာမည် ဖြစ်သည်။ မွန်ပြည်နယ်တွင် ၂၀၂၀ ရွေးကောက်ပွဲအတွက် တပ်မတော်သားများ ပါဝင်မဲပေး

23 တပ်တွင်းမဲရုံများကိစ္စ တပ်မတော်နှင့် ရွေးကောက်ပွဲကော်မရှင် ညှိနှိုင်းမည် - စက်တင်ဘာ ၂၆၊ ၂၀၁၉ - Myanmar Now

24 ၂၀၂၀ ရွေးကောက်ပွဲအခြေခံမဲစာရင်းအရ မဲပေးနိုင်သူ ၃၇ သန်းကျော် ရှိမည် - နိုဝင်ဘာ ၂၇၊ ၂၀၁၉ - မြန်မာတိုင်းမ်အပတ်စဉ်

25 ၂၀၂၀ ရွေးကောက်ပွဲတွင် မဲရုံများ ထပ်တိုးဖွင့်လှစ်မည် -ဇွန် ၂၊ ၂၀၂၀ - ဧရာဝတီသတင်းဌာန

26 မွန်ပြည်နယ်တွင် အမျိုးသားထက် အမျိုးသမီးမဲဆန္ဒရှင် အနည်းငယ်ပိုများ - ဩဂုတ် ၇၊ ၂၀၂၀ - မွန်သတင်းအေဂျင်စီ

27 မွန်ပြည်နယ်၏ မဲပေးပိုင်ခွင့်ရှိသူ အရေအတွက် ဖော်ပြချက် - ဇွန် ၁၇၊ ၂၀၂၀ - သံလွင်တိုင်းမ်


ရမည့် မဲရုံ (၄၉) ရုံအပါအဝင် မဲရုံပေါင်း (၉၅၄)[28] ရုံ လျာထားသည်ဟု မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရှိရသည်။[29]

၎င်းပြင် မဲဆန္ဒရှင်ဦးရေတိုးလာခြင်းနှင့် COVID-19 ကူးစက်ရောဂါကြောင့် မွန်ပြည်နယ်တွင် နောက်ထပ်မဲရုံ (၂၂) တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး မဲရုံစုစုပေါင်း (၉၇၃) ရုံ ရှိမည်ဟု မွန်ပြည်နယ်ရွေး ကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟိဏ်းလင်းထက်က ပြောကြားထားသည်။[30]

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် မြို့ပြဒေသများတွင် မဲဆန္ဒရှင်ဦးရေကို အခြေခံပြီး မဲရုံသတ်မှတ်ခြင်းသည် သင့်လျော်သော်လည်း သွားလာရေးခက်ခဲသည့် ကျေးလက်ဒေသများတွင် ကျေးရွာများ၏အကွာအဝေးကို ထည့်သွင်းစဉ်းစားရန် လိုသည်။

> "နီးတယ်တော့ မဟုတ်ဘူး။ လှေနဲ့သွားရမယ်။ သင်္ကန်းတောရွာက စာသင်ကျောင်းမှာ မဲသွားထည့်ရမယ်" ဟု ရေဖြူမြို့နယ် ပေတခတ်ကျေးရွာမှ အသက် (၆၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

> "ကော်မရှင်က (၃) ရွာကို မဲရုံ (၁) ရုံ နှုန်း စီစဉ်ထားတယ်။ နီးကပ်တဲ့ရွာတွေဆိုရင် အဆင်ပြေပါတယ်" ဟု ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တွင် ဝင်ရောက်ယှဉ်ပြိုင်မည့်




28 မဲရုံပေါင်း (၉၅၁) ရုံ ဟုလည်း ဆိုသည်။

29 မွန်ပြည်နယ်တွင် မဲရုံ ၁၀၀၀ နီးပါး လျာထား - ဩဂုတ် ၂၄၊ ၂၀၂၀ – BNI Multimedia Group

30 မွန်ပြည်နယ်မှာ မဲရုံ (၂၂) ရုံကို တိုးချဲ့ဖွင့်လှစ် (ရုပ်သံဖိုင်) စက်တင်ဘာ ၁၁၊ ၂၀၂၀ - သံလွင်တိုင်းမ်

နိုင်ချမ်းမွန်က ပြောပါသည်။[31]

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တွေ့ဆုံမေးမြန်းခဲ့သူများ၏ (၄၀) ရာခိုင်နှုန်းကျော်က မဲရုံများသည် ၎င်းတို့နှင့် အလှမ်းကွာဝေးနေသည်ဟု ပြောဆိုခဲ့ပြီး (၂၀) ရာခိုင်နှုန်းကျော်က မဲရုံသို့သွားလာရန် အခက်အခဲရှိသည်ဟု ဆိုသည်။

"မဲရုံနဲ့အိမ်က နီးပါတယ်။ (ဒါပေမယ့်) လှေနဲ့ သွားရတယ်" ဟု ရေဖြူမြို့နယ် သဲချောင်းရွာမှ အသက် (၃၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

"မဲရုံကတော့ နည်းနည်းဝေးတယ်။ ဒါပေမယ့် သွားရတာလွယ်ပါတယ်။ မဲရုံဝန်ထမ်းတွေကလည်း ပွင့်ပွင့်လင်းလင်း ကူညီပေးပါတယ်" ဟု သံဖြူဇရပ်မြို့နယ် ကရုပ်ပိကျေးရွာမှ အသက် (၅၁) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

"မဲ (၂) ကြိမ် ထည့်ဖူးတယ်။ မဲရုံနဲ့ ကျွန်မတို့အိမ်က ဝေးနေတယ်" ဟု မုဒုံမြို့နယ်မှ အသက် (၅၀) နှစ်အရွယ် မဲဆန္ဒရှင်အမျိုးသမီးတစ်ဦးက ပြောပါသည်။

မဲရုံတည်နေရာနှင့်ပတ်သက်၍ အခက်အခဲအနည်းငယ် ရှိသော်လည်း မဲရုံဝန်ထမ်းများက ဆက်ဆံရေးကောင်းမွန်ပြီး မဲပေးရာတွင် အဆင်ပြေစေရန် ကူညီပေးခဲ့ကြောင်း တွေ့ဆုံမေးမြန်းခဲ့သူများ၏ (၇၀) ရာခိုင်နှုန်းကျော်က ဖြေကြားခဲ့သည်။

မုဒုံမြို့နယ်မှ အသက် (၅၆) နှစ်အရွယ် အမျိုးသားမဲဆန္ဒရှင်တစ်ဦးက "မဲရုံးက အိမ်နဲ့နီးနီးလေးပဲ။ သွားလာရေးအခက်အခဲ မဖြစ်ဘူး။ မဲရုံဝန်ထမ်းတွေက အခက်အခဲမဖြစ်အောင်လည်း လုပ်ပေးတယ်" ဟု ပြောကြားခဲ့သည်။

သံဖြူဇရပ်မြို့နယ် ရသေ့တောင်ကျေးရွာမှ အသက် (၅၅) နှစ်အရွယ် မဲဆန္ဒရှင်အမျိုးသားတစ်ဦးက "မဲရုံဝန်ထမ်းတွေလည်း ကူညီပေးပါတယ်။ မဲပေးတဲ့အခါမှာလည်း အေးအေးဆေးဆေးပါပဲ။ လုံခြုံမှုရှိပါတယ်" ဟု ဖြေကြားခဲ့သည်။

မဲဆန္ဒရှင်အများစုက မဲပေးရာတွင် လုံခြုံစိတ်ချမှု ရှိသည်ဟု ဖြေဆိုခဲ့ပြီး (၅) ရာခိုင်နှုန်းအောက်သော မဲဆန္ဒရှင်အနည်းအကျဉ်းကသာ မဲပေးရာတွင် စိတ်ချလုံခြုံမှု မရှိခြင်း၊ ဖိအားပေးခံရခြင်းများကို ကြုံတွေ့ခဲ့ရသည်ဟု ဆိုသည်။


31 Candidate says Kyarinnseikyi voter education urgently needed fro new voters – September 7, 2020 – HURFOM

> "ပြီးခဲ့တဲ့ရွေးကောက်ပွဲတုန်းက ဖိအားပေးခံရတာရှိတယ်။ သူတို့ဘက်ကိုပဲ မဲထည့်ခိုင်းတယ်။ တခြားဘက်ကို မဲပေးမထည့်တဲ့ဟာမျိုး ရှိခဲ့ဖူးတယ်။ ကြောက်ရတာတော့ မရှိပါဘူး။ ဒီနှစ်ကတော့ မသိသေးဘူးပေါ့နော်" ဟု ကျိုက်မရောမြို့နယ် ကတုံစိကျေးရွာမှ အသက် (၃၉) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

မဲရုံအခြေအနေနှင့်ပတ်သက်၍ မေးမြန်းရာတွင် ကျေနပ်စရာကောင်းသော တုံ့ပြန်မှုများကို ရရှိခဲ့သည်ဟု ဆိုနိုင်ပြီး မဲရုံတိုးချဲ့ဖွင့်လှစ်မည့် မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကိုလည်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကြိုဆိုပါသည်။

ရွေးကောက်ပွဲကော်မရှင်အနေဖြင့်အခြေအနေကောင်းများကို ထိန်းသိမ်းပြီး တိုးပွားလာသည့်မဲဆန္ဒရှင်များနှင့် လိုက်လျောညီထွေစွာ ဖြစ်စေရန်အတွက် မဲရုံများတိုးချဲ့ခြင်း၊ ကျေးလက်ဒေသများရှိမဲရုံများထားရှိရာတွင် မဲဆန္ဒရှင်ဦးရေထက် ကျေးရွာတည်နေရာကို ထည့်သွင်းစဉ်းစားခြင်းများ ပြုလုပ်မည်ဆိုပါက ဆန္ဒမဲပေးရာတွင် ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်မည်ဖြစ်သည်။

## ၆) မဲပေးပုံနည်းစနစ်




၂၀၁၀ ရွေးကောက်ပွဲတွင် အမှန်ခြစ်ပြီး မဲပေးခဲ့ရကာ ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲတွင်မူ တံဆိပ်တုံးနှိပ်၍ မဲပေးခဲ့ကြရသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက စစ်တမ်းကောက်ယူသည့်

အချိန်[32]တွင် ၂၀၂၀ ရွေးကောက်ပွဲ၌ မည်ကဲ့သို့ မဲပေးရမည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အတည်ပြုထုတ်ပြန်ခြင်း မရှိသေးချေ။

ရွေးကောက်ပွဲကျင်းပရန် (၂၅) ရက်အလို စက်တင်ဘာလ (၁၁) ရက်နေ့တွင်မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ရွေးကောက်ပွဲအတွက် ခိုင်လုံမဲနှင့် ပယ်မဲနမူနာပုံစံများ၊ မဲပေးပုံနည်းစနစ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

မုဒုံမြို့နယ်မှ အသက် (၅၆) နှစ်အရွယ် အမျိုးသားတစ်ဦးက "ပြီးခဲ့တဲ့ ၂၀၁၅ ရွေးကောက်ပွဲက မဲပေးပုံစနစ်ကို သိတယ်။ ဒီလာမည့် ၂၀၂၀ ရွေးကောက်ပွဲမှာ မဲပေးပုံစနစ် ပြောင်းလဲဖြစ်ရင်တော့ ပြောင်းသွားတဲ့(ပုံစံ) ဘယ်လိုလဲဆိုတာကို မသိသေးဘူး" ဟု ပြောပါသည်။

> "မဲပေးပုံပေးနည်းကို မသိပါဘူး။ ထည့်ဆိုရင်လည်း ထည့်လိုက်တာပဲ။ ပယ်မဲဖြစ်မဖြစ် မသိဘူး။ မဲတစ်ပြားပဲ ထည့်ရတယ်။ ကိုယ့်နာမည်ခေါ်ရင် သွားထည့်လိုက်တယ်။ ဒီလောက်ပါပဲ" ဟု ရေဖြူမြို့နယ် ပေတခတ်ရွာမှ အသက် (၆၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

တွေ့ဆုံမေးမြန်းခဲ့သူများ၏ (၆၀) ရာခိုင်နှုန်းနီးပါးက ပယ်မဲမဖြစ်စေရန် မဲပေးတတ်သည်ဟု ဖြေကြားခဲ့ပြီး (၇၀) ရာခိုင်နှုန်းခန့်က လွှတ်တော် (၃) ရပ်အတွက် ဆန္ဒမဲပေးရမည်ကို သိရှိသည်ဟု ဆိုသည်။

သံဖြူဇရပ်မြို့နယ် ရသေ့တောင်ကျေးရွာမှ အသက် (၆၃) နှစ်အရွယ် မဲဆန္ဒရှင်အမျိုးသားတစ်ဦးက "ပယ်မဲမဖြစ်အောင်တော့ မဲပေးတတ်ပါတယ်။ ဒါပေမယ့် ရွာသားတွေ ဒါကိုသိရှိအောင် သင်တန်းပေးနိုင်ရင်တော့ ပိုကောင်းတယ်။ မဲ (၃) ကြိမ်ပေးရတယ်" ဖြေကြားခဲ့သည်။

မဲရုံသို့ရောက်ရှိလာသော်လည်း ဆန္ဒမဲပေးပုံပေးနည်းကို သေချာစွာမသိရှိသူ မဲဆန္ဒရှင်များလည်း အများအပြားရှိနေသဖြင့် အဖိုးတန်သည့် မဲပြားတစ်ပြား မဆုံးရှုံးစေရေးအတွက် အထက်ပါမဲဆန္ဒရှင်အကြံပြုသကဲ့သို့ သက်ဆိုင်ရာအဖွဲ့အစည်းများက "မဲပေးပုံပေးနည်း" သင်တန်းများ ကျယ်ကျယ်ပြန့်ပြန့် ပို့ချပေးရန် လိုအပ်နေသည်။

> "မဲ ဘယ်လိုပေးရတယ်ဆိုတာ သိတယ်။ လက်မပဲ နှိပ်ရတယ်။ မဲ (၂) ကြိမ် ပေးရတယ်" ဟု ရေဖြူမြို့နယ် ပေတခတ်ရွာမှ အသက် (၃၉) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

32 ၂၀၂၀ ဩဂုတ်လ



မဲရုံသို့ ကိုယ်တိုင်လာရောက် မဲပေးကြသော်လည်း မဲပေးပုံနည်းစနစ်ကို မှန်မှန်ကန်ကန် သိရှိထားခြင်း မရှိပါက ပယ်မဲဖြစ်သွားနိုင်ပြီး နိုင်ငံသားအခွင့်အရေး ဆုံးရှုံးသွားနိုင်သည်။ ၂၀၁၅ အထွေထွေရွေး ကောက်ပွဲတွင် ပေးအပ်ခဲ့သောဆန္ဒမဲစုစုပေါင်း၏ (၅.၃၈) ရာခိုင်နှုန်းမှာ ပယ်မဲဖြစ်ခဲ့သည်။[33]

> "မဲပေးတဲ့အခါမှာ အမှန်ခြစ်တာ မှန်လား၊ မှားလားဆိုတာတော့ မသိဘူး။ ခြစ်ခိုင်းရင် ခြစ်တာပဲသိတယ်" ဟု ကျိုက်မရောမြို့နယ် ကတုံစိကျေးရွာမှ အသက် (၄၂) အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

မုဒုံမြို့နယ်မှ အသက် (၆၀) နှစ်အရွယ် အမျိုးသမီးတစ်ဦးက "တစ်ခါမှ မဲမပေးဘူးဘူး။ မဲပေးစနစ်ကို နီးလာရင် အုပ်ချုပ်ရေးမှူးကနေတစ်ဆင့် လာပြီးတော့ သင်ပြပေးမယ်လို့ ဘေးပတ်ဝန်းကျင်က ပြောထားတာတော့ ရှိတယ်။ သူတို့ ပြောတဲ့အတိုင်း ထည့်ရမယ်" ဟု ပြောသည်။

> "မသိဘူး။ ဘာမှ မသိဘူး။ ထည့်ပြီးရင် ပြီးသွားတာပဲ" ဟု ကျိုက်မရောမြို့နယ် ပေါက်တော ကျေးရွာမှ အသက် (၅၃) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒရှင် (၂၃) သန်း လာရောက်မဲပေးခဲ့ပြီး ပယ်မဲနှင့် ပျောက်ဆုံးမဲအရေအတွက် စုစုပေါင်း (၁) သန်းခွဲခန့်အထိ

33 မြန်မာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အချက်အလက်နှင့် ကိန်းဂဏန်းများ - ဖေဖော်ဝါရီ၊ ၂၀၁၆ – ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်

ရှိခဲ့သည်။ အမျိုးသားလွှတ်တော်အတွက် မဲဆန္ဒရှင် (၂၃) သန်း လာရောက်မဲပေးခဲ့ပြီး ပယ်မဲနှင့်ပျောက်ဆုံးမဲ (၁) သန်းကျော် ရှိခဲ့သည်။[34]

အထက်ပါကိန်းဂဏန်းကို ကြည့်ခြင်းအားဖြင့် ပယ်မဲအရေအတွက် များပြားနေသည်ကို တွေ့ရမည် ဖြစ်သည်။ မဲရုံသို့ တက်ကြွစွာ ကိုယ်တိုင်ကိုယ်ကျ မဲဆန္ဒမဲလာရောက်ပေးခဲ့ကြသည့် ပြည်သူလူထုများ၏ ကြိုးပမ်းအားထုတ်မှုများ အလဟဿမဖြစ်စေရန်အတွက် မဲပေးပုံနည်းစနစ်များကို အောက်ခြေအဆင့်အထိ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ပို့ချသင့်သည်။

## ၇) ရွေးကောက်ပွဲဆိုင်ရာ ခြိမ်းခြောက်မှု၊ တားမြစ်မှု၊ မဲဝယ်မှုများ

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ် အခန်း (၄) လုံခြုံရေးအခန်းတွင် "မည်သည့်အချိန်တွင်မဆို အကြမ်းဖက်ခြင်း (သို့မဟုတ်) အကြမ်းဖက်မည်ဟု ခြိမ်းခြောက်ခြင်းဖြင့် မဲဆွယ်စည်းရုံးခြင်း" ကို တားမြစ်ရမည် ဟုလည်းကောင်း၊ အခန်း (၅) တန်းတူရည်တူ ယှဉ်ပြိုင်ခွင့်ရှိသောအခြေအနေအခန်းတွင် ဆုလာဘ်များ ချီးမြှင့်၍ဖြစ်စေ ခြိမ်းခြောက်၍ဖြစ်စေ အလားတူနည်းလမ်းများကို အသုံးပြု၍ဖြစ်စေ လုပ်ပိုင်ခွင့်အာဏာအဆင့်အတန်းကို အလွဲသုံးစား ပြုခြင်း၊ ရွေးကောက်ပွဲရည်မှန်းချက်အတွက် အထူးအခွင့်အရေးရယူခြင်း (သို့မဟုတ်) လွှမ်းမိုးခြင်း" မပြုရဟုလည်းကောင်း၊ "ပြည်သူပိုင်ပစ္စည်းများအား အသုံးပြုပြီး ပြည်သူများထံမှ မဲရစေရန်ပြုလုပ်ခြင်း (သို့မဟုတ်) မဲဝယ်ခြင်းများ ပြုလုပ်ခြင်း" မပြုရဟုလည်းကောင်း ဖော်ပြထားသည်။[35]

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စစ်တမ်းအရ ရွေးကောက်ပွဲဆိုင်ရာ ခြိမ်းခြောက်ခြင်းနှင့် တားမြစ်ပိတ်ပင်ခြင်းများကို ကြုံတွေ့ဖူးခြင်း မရှိသော်လည်း မဲဝယ်မှုနှင့်အလားသဏ္ဍာန်တူသည့် ထောက်ပံ့ပေးကမ်းမျိုးကို မေးမြန်းခဲ့သည့် မဲဆန္ဒရှင်ပြည်သူ (၃၀) ရာခိုင်နှုန်းနီးပါးက ကြုံတွေ့သိရှိခဲ့သည်။

> "ဘယ်ပါတီလဲတော့ မသိဘူး။ ဒါပေမဲ့ ထောက်ပံ့ပေးနေတာတော့ရှိတယ်။ သူတို့ထောက်ပံ့ပေးတယ်ဆိုတာက မဲဆွယ်တာပဲပေါ့။ မဲရချင်လို့ ဒီလိုမျိုးထောက်ပံ့ပေးတယ်လို့ ကျွန်မထင်တယ်။ တွေ့ဖူးတယ်။ ဒါပေမယ့် ကျွန်မတို့ရွာကတော့ မဟုတ်ဘူးပေါ့နော်" ဟု သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာမှ အသက် (၅၁) နှစ်အရွယ် မဲဆန္ဒရှင်အမျိုးသမီးတစ်ဦးက ပြောပါသည်။

34 ၂၀၁၅ ရွေးကောက်ပွဲ၏ ထူးခြားသောကိန်းဂဏန်းများ - ဒီဇင်ဘာ ၁၆ – ၂၀၁၅ – 7Day News

35 နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ် - စက်တင်ဘာ ၇၊ ၂၀၂၀ - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မုဒုံမြို့နယ်မှ အသက် (၂၄) နှစ်အရွယ် အမျိုးသမီးမဲဆန္ဒရှင်တစ်ဦးကလည်း "ခြိမ်းခြောက်မှု၊ တားမြစ်မှုတော့ မတွေ့ဘူးဘူး။ နိုင်ငံရေးပါတီအနေနဲ့ ထောက်ပံ့မှုပေးတာကတော့ တွေ့ဖူးတယ်" ဟု ပြောပြပါသည်။

> "အချို့ပါတီတွေ မဲဆွယ်စည်းရုံးရေး ခေါ်သွားရင် လမ်းစရိတ်၊ စားစရိတ်ပေးတာတော့ ရှိတယ်" ဟု မုဒုံမြို့နယ် ကွမ်းကဗွီးကျေးရွာမှ အသက် (၅၆) နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

> "...........ပါတီအနေနဲ့ ဆန်၊ ဆီတွေ ထောက်ပံ့တာတော့ ရှိတယ်" ဟု မုဒုံမြို့နယ်မှ အသက် (၃၉) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲမဲဆွယ်အသုံးစရိတ် ကျပ်သိန်း (၁၀၀) ထက်ပိုမိုသုံးစွဲခြင်းမပြုရန် ပြည်ထောင်စုရွေးကောက်ပွဲဥပဒေများတွင် ပြဋ္ဌာန်းသတ်မှတ်ထားပြီး ရွေးကောက်ပွဲကာလအတွင်းသုံးစွဲခဲ့သည့် အသုံးစရိတ်များကိုလည်း ရွေးကောက်ပွဲကျင်းပပြီး ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာခရိုင်ရုံးများသို့ အထောက်အထားများနှင့်တကွ တင်ပြရမည်ဟု သတ်မှတ်ထားသည်။[36]

ရွေးကောက်ပွဲဆိုင်ရာခြိမ်းခြောက်မှုများကို ကိုယ်တွေ့ကြုံတွေ့ဖူးခြင်းမရှိဟု တွေ့ဆုံမေးမြန်းခဲ့သည့် ဒေသခံပြည်သူများက ဖြေကြားခဲ့သော်လည်း မွန်ပြည်နယ် ပေါင်မြို့နယ် ထန်းပင်ချောင်ကြီးကျေးရွာအပါအဝင် အခြားမြို့နယ်အတော်များများတွင် လက်ရှိအာဏာရပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲမဲဆွယ်ဗီနိုင်းပိုစတာများကို ဖျက်ဆီးမှုများ ရှိနေသည်။

အလားတူ ကျိုက်မရောမြို့နယ် ကော့သတ်ကျေးရွာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မဲဆွယ်ဗီနိုင်းပိုစတာကို လူငယ်တစ်ဦးက ဖျက်စီးခဲ့ပြီး ၎င်းအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပုဒ်မ (၅၇) နှင့် (၅၈) တို့ဖြင့် အမှုဖွင့်ခဲ့ကြောင်း သိရသည်။

ဗီနိုင်းဖျက်ဆီးခံရသူ လက်ရှိအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်ဇော်ဦးက "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဂုဏ်သိက္ခာ၊ ဆရာတို့ရဲ့ဂုဏ်သိက္ခာ ပြီးတော့ သူဖျက်ဆီးလိုက်တဲ့ ဗီနိုင်းပေါ်မှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပုံ ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နာယကပုံလည်း ပါတယ်။ ဒါကြောင့် ဂုဏ်သိက္ခာအရ အမှုဖွင့်လိုက်တယ်။ ဒီလိုမျိုးအမှုမဖွင့်ဘူးဆိုရင် ဆရာတို့ထောင်ထားတဲ့ ဆိုင်းဘုတ်တွေ တစ်ခုမှကျန်မှာမဟုတ်ဘူး" ဟု ပြောသည်။[37]

---

36 ရွေးကောက်ပွဲအသုံးစရိတ် မတင်သွင်းသည့် ကိုယ်စားလှယ်လောင်း ၂၉ ဦးကို ရွေးကောက်ပွဲ ဝင်ခွင့်ပိတ်ပင်မည် - ဖေဖော်ဝါရီ ၁၂၊ ၂၀၁၆ – 7Day News

37 NLD's election campaign poster destroyed in Kyaikmayaw – September 15, 2020 – HURFOM

## ၈) COVID-19 ကူးစက်မြန်ကပ်ရောဂါ

၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးကြမည့် မဲဆန္ဒရှင်များ ကြုံတွေ့နေရသည့် နောက်ထပ်အခက်အခဲတစ်ခုမှာ COVID-19 ကူးစက်မြန်ကပ်ရောဂါ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းကူးစက်မှု မြင့်တက်လာပြီးနောက်ပိုင်း မြို့နယ်အချို့ကို Stay at Home အဖြစ် သတ်မှတ်ခြင်း၊ လှုပ်ရှားသွားလာမှုများကို ကန့်သတ်ခြင်းနှင့် အခြားသော ကျန်းမာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ပိုမိုတင်းကြပ်လာခဲ့သည်။

ရွေးကောက်ပွဲမဲဆွယ်ခြင်းနှင့်ပတ်သက်၍ လူဦးရေ (၅၀) အထိ ခွင့်ပြုခဲ့သော်လည်း Stay at Home မြို့နယ်များတွင် မဲဆွယ်စည်းရုံးခြင်းများကိုမူ ပိတ်ပင်ထားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ စက်တင်ဘာလ (၈) ရက်နေ့တွင် ပြုလုပ်မည့် မဲဆွယ်စည်းရုံးရေးခရီးသည်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ခွင့်မပြုသဖြင့် ဖျက်သိမ်းခဲ့ရသည်။[38]

ပြည်သူ့ပါတီဥက္ကဋ္ဌက ရွေးကောက်ပွဲကို ရွှေ့ဆိုင်းသင့်သည်ဟု စက်တင်ဘာလ (၈) ရက်နေ့တွင် [39] မှတ်ချက်ပြု ပြောကြားခဲ့သကဲ့သို့ လူစုလူဝေးကြောင့် ရောဂါကူးစက်မှု ပိုမိုများပြားလာနိုင်ခြင်းနှင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ခဲယဉ်းခြင်းတို့ကြောင့် ရွေးကောက်ပွဲကို ဒီဇင်ဘာလ (၂၇) ရက်နေ့အထိ ရွှေ့ဆိုင်းပေးရန် ပြည်သူ့ရှေ့ဆောင်ပါတီက စက်တင်ဘာ (၁၁) ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့သည်။[40]

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ တွေ့ဆုံမေးမြန်းမှုအရ မဲဆန္ဒရှင်ပြည်သူများသည် ကူးစက်မြန်ကပ်ရောဂါကို ကြောက်ရွံ့ကြသော်လည်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲသွားထည့်ကြမည်ဖြစ်ကြောင်းသိရသည်။[41]

သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာမှ အသက် (၃၂) အရွယ် အမျိုးသမီးတစ်ဦးက "ရောဂါကတော့ ကြောက်ပါတယ်။ ဒါပေမဲ့ ဒီရောဂါကြောင့် မဲမထည့်တော့ဘူးဆိုတာမျိုးတော့ မဖြစ်ချင်ဘူးပေါ့နော်။ တစ်နည်းမဟုတ်တစ်နည်းတော့ မဲသွားပေးပါ့မယ်" ဟု ဖြေကြားခဲ့သည်။

---

38 ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမဲဆွယ်ခရီးစဉ် ဖျက်သိမ်း - စက်တင်ဘာ ၇၊ ၂၀၂၀ - ရေဝတီသတင်းဌာန

39 ရွေးကောက်ပွဲကို နိုင်ငံရေးအကျပ်အတည်းမတွေ့နိုင်သည့် ဒီဇင်ဘာလကုန်အထိ ရွှေ့ဆိုင်း၍ရဟု ဦးကိုကိုကြီး ဆို - စက်တင်ဘာ ၉၊ ၂၀၂၀ - မြန်မာတိုင်းမ်နေ့စဉ်

40 လူစုလူဝေးကြောင့် ရောဂါကူးစက်မှု ပိုမိုများပြားလာနိုင်ခြင်းနှင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ခဲယဉ်းခြင်းတို့ကြောင့် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းသင့်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)က အိတ်ဖွင့်ပေးစာ ပေးပို့ - စက်တင်ဘာ ၁၁၊ ၂၀၂၀ - Eleven Media Group

41 စစ်တမ်းကောက်ယူချိန်တွင် မွန်ပြည်နယ်၌ ဒေသတွင်းကူးစက်မှု မရှိသလောက်နည်းပါးနေချိန် ဖြစ်သည်။



အဆိုပါကျေးရွာမှ နောက်ထပ် အသက် (၃၂) အရွယ် အမျိုးသမီးတစ်ဦးကလည်း "ရောဂါမကူးအောင် ကာကွယ်ပြီး မဲသွားပေးပါ့မယ်" ဟု အားတက်သရော ပြောပါသည်။

> "ကိုယ့်ရွာနဲ့ကိုယ်ပဲဆိုတော့ ဘာမှ ကြောက်စရာမရှိဘူးလေ။ ကိုဗစ်ရောဂါကြောက်လို့ မဲသွား မပေးဘူးဆိုတာမျိုးတော့ စိတ်ထဲမှာ မရှိဘူး" ဟု မုဒုံမြို့နယ်မှ အသက် (၆၀) အရွယ် အမျိုး သမီးတစ်ဦးက ပြောပါသည်။

> "ကိုဗစ်ကိုကြောက်နေတော့လည်း ဘာလုပ်လို့ရမှာလဲ။ သူများတွေ (သွားရင်) ကိုယ်လည်း သွားရမှာ ပေါ့။ မသွားလို့လည်း မရဘူးဆိုတော့ သွားရမှာပဲ။ ကိုဗစ်ကိုတော့ ကြောက်ပါတယ်" ဟု ကျိုက်မ ရောမြို့နယ်မှ အသက် (၄၆) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောပါသည်။

လူတစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ တန်းစီရန် အပါအဝင် အခြား COVID-19 ရောဂါဆိုင်ရာ ကာကွယ် ရေးစည်းကမ်းချက်များကြောင့် မဲရုံတွင်မဲပေးမည့်လူများ အချိန်လုံလောက်မှု ရှိစေရန်အတွက် စီမံ ဆောင်ရွက်ထားရန် ၂၀၂၀ ဩဂုတ်လ (၅) ရက်နေ့က ကျင်းပခဲ့သည့် Online ဆွေးနွေးပွဲတွင် နိုင်ငံ တော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ညွှန်ကြားထားသည်။[42]

---

42 ၂၀၂၀ ရွေးကောက်ပွဲ တစ်နိုင်ငံလုံးမှာ မဲစာရင်းမှားလို့ ကန့်ကွက်သူ လေးသိန်းကျော် ရှိ - ဩဂုတ် ၅၊ ၂၀၂၀ – BBC News မြန်မာ

COVID-19 ကူးစက်ရောဂါကြောင့် အသွားအလာကန့်သတ်ထားသူများနှင့် ဆေးရုံတက်နေသူများအနေဖြင့် ကြိုတင်မဲပေးနိုင်ကြောင်း မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟိဏ်းလင်းထက်က ပြောဆိုထားသည်။

> "Quarantine ဝင်နေသူတွေက ဆေးရုံတက်နေတဲ့ လူနာတွေနဲ့ (အခွင့်အရေး) အတူတူပါပဲ။ (သူတို့ကို ဆေးရုံမှာ ထားဖို့) နေရာမရှိလို့ အပြင်မှာ နေ,နေရတာပါ။ သူတို့အတွက် သီးခြား မဲရုံထားပေးဖို့က မဖြစ်နိုင်ဘူး။ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်မှာ ရှိတဲ့အတွက် (ဆေးရုံတက်နေတဲ့ အတွင်းလူနာအဖြစ် သတ်မှတ်တဲ့အတွက်) ကြိုတင်မဲပေးပိုင်ခွင့်ဥပဒေမှာ ပါနေပါတယ်" ဟု မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ညွှန်ကြားရေးမှူး ဦးဟိဏ်းလင်းထက်က ပြောပါသည်။[43]




43 Those who were in quarantine due to COVID-19 movement restrictions, still have right to cast advance ballots – July 22 – 2020 - HURFOM



# အခန်း (၅) အခြားနည်းဖြင့်သန်စွမ်းသူများ၏ အခက်အခဲများ

မြန်မာနိုင်ငံသည် ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် Convention on the Rights of Persons with Disabilities (CRPD) ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။[44]

၎င်းပြင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ် ဇွန်လ (၅) ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး [45] မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာ နက ထုတ်ပြန်ခဲ့သည်။[46]

44 မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

45 နိုင်ငံတော်သမ္မတရုံး

46 လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန

အဆိုပါဥပဒေ၏ ရည်ရွယ်ချက်တွင် အခြားနည်းဖြင့်သန်စွမ်းသူများအနေဖြင့် နိုင်ငံရေးနယ်ပယ်တွင် အခြားသူများနှင့် တန်းတူပေါင်းစည်းပါဝင်နိုင်ရန် ဟူသောအချက်လည်း ပါဝင်သည်။[47]

ဥပဒေ၏ အခန်း (၈) ပုဒ်မ (၂၉) နှင့် (၃၀) တွင် အခြားနည်းဖြင့်သန်စွမ်းသူများအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ (၃၁-က) တွင် အခြားနည်းနှင့်သန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟု ဖော်ပြထားသည်။[48]

၂၀၁၄ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အခြားနည်းဖြင့် သန်စွမ်းသူဦးရေ (၂.၃) သန်းရှိပြီး စုစုပေါင်းလူဦးရေ၏ (၄.၆) ရာခိုင်နှုန်းရှိသည်၊[49] လူဦးရေ (၂) သန်းကျော်ရှိသော မွန်ပြည်နယ်တွင် အခြားနည်းဖြင့်သန်စွမ်းသူဦးရေ (၁၀၉,၂၉၈) ဦး ရှိပြီး စုစုပေါင်းလူဦးရေ၏ (၅.၃) ရာခိုင်နှုန်း ရှိသည်။[50]

အခြားနည်းဖြင့် သန်စွမ်းသူများအရေး ဆောင်ရွက်နေသူ ရွှေမင်းသားဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမြတ်သူဝင်း၏ ပြောကြားချက်အရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြားနည်းဖြင့်သန်စွမ်းသူမဲဆန္ဒရှင်ဦးရေ တစ်သိန်းကျော်ရှိကြောင်း သိရသည်။[51]

မွန်ပြည်နယ်တွင် ၂၀၂၀ ခုနှစ်၌ အခြားနည်းဖြင့် သန်စွမ်းသူမဲဆန္ဒရှင် (၂၆,၀၀၀) ကျော် ရှိသည်ဟု မွန်ပြည်နယ် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌက ပြောကြားထားသော်လည်း မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ကမူ အခြားနည်းဖြင့် သန်စွမ်းသူမဲဆန္ဒရှင်ဦးရေ (၄,၀၇၀) သာရှိသည်ဟု ပြောဆိုထားသည်။[52]

> "အခြားနည်းဖြင့် သန်စွမ်းသူတွေမှာ မွေးသက္ကရာဇ် အတိအကျ မရှိကြဘူး။ မှတ်ပုံတင်လည်း မရှိကြဘူး။ သက်ဆိုင်ရာဌာနတွေက မှတ်ပုံတင် လုပ်မပေးဘူး။ ရွေးကောက်ပွဲကော်မရှင်စာရင်းမှာ (မဲပေးပိုင်ခွင့်ရှိတဲ့ အခြားနည်းဖြင့် သန်စွမ်းသူဦးရေက) လေးထောင်ကျော်ပဲ ရှိတော့ အဲဒါကို ပြန်ပြင်ပေးဖို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ကို သွားပြောတယ်။ "ခင်ဗျားတို့ မသန်စွမ်းအသင်းက စာရင်းကို တိတိကျကျကောက်လေ" လို့ (ကော်မရှင်က) ပြန်ပြောတာကို ခံခဲ့ရတယ်" ဟု မွန်ပြည်နယ် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးစောအောင်သိမ်းတင်က မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ဩဂုတ်လ (၂၀) ရက်နေ့တွင် ပြောပါသည်။

---

47 မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ အခန်း (၃) ပုဒ်မ (၃-ဃ)

48 မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ အခန်း (၈)

49 အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

50 ၂၀၁၄ သန်းခေါင်စာရင်း

51 မန္တလေးတိုင်းရှိ မသန်စွမ်းမဲဆန္ဒရှင်အတွက် စံပြမဲရုံများ တည်ဆောက်မယ်၊ ဩဂုတ် ၂၅၊ ၂၀၂၀၊ မြန်မာတိုင်းမ်နေ့စဉ်

52 UEC to provide assistance for voters with disabilities – June 23, 2020 - HURFOM




အခြားနည်းဖြင့် သန်စွမ်းသူများ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ အချက်အလက်များကို အတိအကျမှတ်တမ်းတင်ထားမှု အားနည်းခြင်းကြောင့် ၎င်းတို့နှင့်ပတ်သက်သည့် ကိန်းဂဏန်းအချက်အလက်များကို အတိအကျ ရရှိရန် ခက်ခဲနေသည်။

၎င်းပြင် အခြားနည်းဖြင့် သန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်နိုင်ရန် အခြားသောအခက်အခဲ၊ အတားအဆီးနှင့် စိန်ခေါ်မှုများစွာ ရှိနေသေးသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မြို့နယ် (၆) မြို့နယ်၌ ကွင်းဆင်းလေ့လာမေးမြန်းခဲ့စဉ်တွင် အခြားနည်းဖြင့် သန်စွမ်းသူများကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည်။

အခြားနည်းဖြင့် သန်စွမ်းသူများ အဓိကရင်ဆိုင်ကြုံတွေ့နေရသည့် ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲ၊ အတားအဆီးနှင့် စိန်ခေါ်မှုများကို ဤအခန်းတွင် ဖော်ပြသွားမည်ဖြစ်သည်။

## က) နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားမရှိခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တွေ့ဆုံမေးမြန်းခဲ့သည် အခြားနည်းဖြင့် သန်စွမ်းသူများ အများစု (---) တွင် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ မရှိကြချေ။

အခြားနည်းဖြင့် သန်စွမ်းသူများအနေဖြင့် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများကို ကိုယ်တိုင်သွားရောက် လျှောက်ထားရန် မလွယ်ကူခြင်းကြောင့်လည်းကောင်း၊ အခြားနည်းဖြင့် သန်စွမ်းသူများ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများအပေါ် မိသားစုဝင်များက အလေးထားမှု မရှိခြင်းကြောင့် လည်းကောင်း အဆိုပါအထောက်အထားများကို ကိုင်ဆောင်ထားနိုင်ခြင်းမရှိချေ။

> "မဲစာရင်းထဲမှာတော့ အစ်မနာမည် မပါဘူး။ အစ်မ မိသားစုဝင်တွေတော့ ပါတယ်။ အစ်မ တစ်ခါမှ မဲမ ပေးဘူးပါဘူး။ မှတ်ပုံတင်မရှိလို့။ မှတ်ပုံတင်မရှိရင် မဲမပေးရဘူးမဟုတ်လား။ မှတ်ပုံတင် မရှိတဲ့ အကြောင်းက မှတ်ပုံတင်ဆိုတော့ လူကိုယ်တိုင်သွားရပြီးတော့ အသေးစိတ်လုပ်ရမယ်မဟုတ်လား။ (အခြားနည်းဖြင့်သန်စွမ်းသူ) တွေအနေနဲ့ သွားလာဖို့ အခက်အခဲရှိနေတော့ မသွားနိုင်ဘူး။ အဲလိုနဲ့ပဲ မှတ်ပုံတင်ကမလုပ်ဖြစ်ဘူး။ အိမ်ထောင်စုစာရင်း မှာလည်း အစ်မနာမည်မပါဘူး" ဟု မုဒုံမြို့နယ်မှ အသက် (၄၂) အရွယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အမျိုးသမီးတစ်ဦးက ပြောပါသည်။

အခြားနည်းဖြင့် သန်စွမ်းသူများအနေဖြင့် သက်ဆိုင်ရာအစိုးရဌာနများသို့ သွားရောက်မည်ဆိုပါက ကူညီဖေးမပေးမည့်တစ်စုံတစ်ယောက်လိုအပ်နေပြီး ၎င်းတို့၏မိသားစုဝင်များကလည်း စားဝတ်နေရေးနှင့် အိမ်မှုကိစ္စများအတွက် လုံးပန်းနေရသဖြင့် ၎င်းတို့အတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ လျှောက်ထားရာတွင် အချိန်ပေးနိုင်ခြင်း မရှိချေ။

> "အရင်တုန်းကတော့ ကိုယ့်မိဘတွေ ဒါကို နားမလည်ဘူးပေါ့နော်။ နောက်ပြီး (ကိုယ့်လက်ထက်ရောက်လာတဲ့အခါကျပြန်တော့လည်း) ကိုယ့်သားသမီးတွေက လမ်းလျှောက်လို့မရတော့ သူတို့တွေနဲ့ပဲ လုံးပန်းနေရတယ်။ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်ဘက်ကို အချိန်မပေးဖြစ်ဘူး" ဟု မုဒုံမြို့နယ်မှ အသက် (၄၂) အရွယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အမျိုးသမီး တစ်ဦးက ပြောပါသည်။

> "တချို့မသန်စွမ်းသူတွေဆိုရင် အိမ်ထောင်စုစာရင်းထဲမှ နာမည်မပါဘူး။ ကိုယ်လက်အင်္ဂါမသန်စွမ်းလို့ သက်ဆိုင်ရာဌာနတွေမှာ မှတ်ပုံတင်သွားလုပ်ဖို့က အဆင်မပြေဘူး။ အဲလိုကျလို့ရှိရင် အုပ်ချုပ်ရေးမှူးတွေက ဌာနဆိုင်ရာတွေကို ပြောပြီး ကွင်းဆင်းလုပ်ပေးဖို့ တောင်းဆိုချင်ပါတယ်" ဟု မုဒုံမြို့နယ် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးဝင်းချိုက ပြောပါသည်။

နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ ကိုင်ဆောင်ထားနိုင်ခြင်းမရှိသည့်အပြင် ၎င်းအထောက်အထားများ ရရှိနိုင်ရန်အတွက် မိသားစုဝင်များနှင့် သက်ဆိုင်ရာအစိုးရဌာနများက အာရုံစိုက်လုပ်ဆောင်ပေးခြင်း မရှိခြင်းကြောင့် အခြားနည်းဖြင့်သန်စွမ်းသူအများအပြားမှာ အခွင့်အရေးဆုံးရှုံး နစ်နာလျက်ရှိသည်။

> "သားမှာ မှတ်ပုံတင်မရှိတော့ (မဲစာရင်းမှာ) သားနာမည်မပါဘူး။ အမေတွေ မိသားစုဝင်တွေရဲ့ နာမည်တော့ပါ,ပါတယ်။ အခု သားမှတ်ပုံတင်လျှောက်ဖို့ လုပ်ထားပါတယ်" ဟု မုဒုံမြို့နယ်မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အသက် (၁၉) နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ မရှိသဖြင့် မဲစာရင်းတွင် ချန်လှပ်ခြင်း ခံခဲ့ရသော်လည်း အခြားနည်းဖြင့်သန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်မဲပေးနိုင်ရန် ဆန္ဒရှိနေကြသည်။

> "ကျွန်တော့်မိသားစုဝင်တွေ မဲစာရင်းသွားမကြည့်ရသေးလို့ မဲစာရင်းမှာ နာမည်ပါ,မပါ ကျွန်တော်မသိရသေးဘူးခင်ဗျ။ ကျွန်တော့်မှာ မှတ်ပုံတင်လည်း မရှိဘူး။ အခုမှ မှတ်ပုံတင် လုပ်ဖို့ ရပ်ကွက်လူကြီးတွေဆီမှာ စာရင်းတင်ထားတယ်။ ကျွန်တော်ကတော့ မဲထည့်ဖို့ ဆန္ဒရှိ ပါတယ်ခင်ဗျာ" ဟု မုဒုံမြို့နယ်မှ အမြင်အာရုံချို့ယွင်းနေသူ အသက် (၂၇) နှစ်အရွယ် အမျိုး သားတစ်ဦးက ပြောပါသည်။

## ခ) ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ရရှိမှု အားနည်းခြင်း

တွေ့ဆုံမေးမြန်းမှုများအရ အခြားနည်းဖြင့်သန်စွမ်းသူများအတွက် သီးခြားအထူးပြုထုတ်ပြန်ထား သည့် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ မရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ၊ အမြင်အာရုံချို့ယွင်းသူ၊ အကြားအာရုံချို့ယွင်းသူနှင့် ဉာဏ်ရည်မသန်စွမ်းသူဟူ၍ အခြားနည်းဖြင့်သန်စွမ်းသူအမျိုးအစား (၄) မျိုး [53] ရှိရာတွင် အမြင်အာ ရုံချို့ယွင်းသူများသည် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ရရှိရန် အခက်အခဲဆုံးဖြစ် နေပြီး ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲသတင်းနှင့်ပတ်သက်၍ ရေဒီယိုတစ်မျိုးတည်းကိုသာ အားကိုးနေ ရသည်။

မွန်ပြည်နယ်ရှိ အခြားနည်းဖြင့်သန်စွမ်းသူများတွင် အမြင်အာရုံချို့ယွင်းသူဦးရေသည် အများဆုံးဖြစ်ပြီး ပြည်နယ်လူဦးရေစုစုပေါင်း၏ (၃) ရာခိုင်နှုန်း ရှိနေသည်။ [54] ၎င်းတို့အတွက် သီးခြားထုတ်ပြန်သည့် သတင်းအချက်အလက်များမရှိပါက အဆိုပါ (၃) ရာခိုင်နှုန်းသောလူဦးရေမှာ တန်းတူညီမျှမှု အခွင့်အ ရေးဆုံးရှုံးပြီး ရွေးကောက်ပွဲမှ ဖယ်ကြဉ်ခံနေရမည်ဖြစ်သည်။

---

53 ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး - နိုဝင်ဘာ ၇၊ ၂၀၁၂

54 ၂၀၁၄ သန်းခေါင်စာရင်း



"အမြင်အာရုံမသန်စွမ်းတဲ့သူတွေ တကယ်တမ်းလိုအပ်နေတဲ့ဟာက လက်စမ်းစာပေနဲ့ မဲလက်မှတ်ပါ။ ကူညီပေးတဲ့သူတွေက သူတို့ကြိုက်တဲ့သူကိုပဲ မဲပေးလိုက်မယ်ဆိုရင် အခြားနည်းနဲ့သန်စွမ်းသူရဲ့ မဲတစ်ပြားဆုံးရှုံးသွားနိုင်ပါတယ်" ဟု မွန်ပြည်နယ် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးစောအောင်သိမ်းတင်က ပြောပါသည်။[55]

"ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်ကတော့ ရေဒီယိုကနေ ရပါတယ်။ ရွေးကောက်ပွဲကျင်းပတဲ့နေ့က (၁၁) လပိုင်း (၈) ရက်နေ့လို့ ရေဒီယိုကနေ ကြားတယ်။ ကျန်တာတော့ ကျွန်တော်မမှတ်မိတော့ဘူး၊ မေ့မေ့သွားတယ်။ သတင်းအချက်အလက်ရဖို့က အခက်အခဲရှိပါတယ်။ ... ကျွန်တော်ကလည်း အလုပ်တစ်ဖက်နဲ့ဆိုတော့ ရေဒီယိုက တစ်ခါတလေမှ နားထောင်ဖြစ်တယ်။ ကျွန်တော်ကတော့ မော်လမြိုင်မြို့ အနှိပ်ခန်းမှာ အနှိပ်သည် အလုပ်၊ လုပ်နေပါတယ်" ဟု မုဒုံမြို့နယ်မှ အသက် (၂၇) အရွယ် အမြင်အာရုံချို့ယွင်းသူတစ်ဦးက ပြောပါသည်။

အခြားအမျိုးအစားများအနေဖြင့် အင်တာနက်၊ ရေဒီယို၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးမှူးရုံးများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှတဆင့် ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များ ရရှိနေသော်လည်း အချက်အလက်မှန်ကန်မှုနှင့် အချိန်မီရရှိမှုနှင့်ပတ်သက်၍ အခက်အခဲများ ရှိနေဆဲဖြစ်သည်။

"အင်တာနက်ကနေ သတင်းရတယ်။ ရွာထဲမှာ ကြားတော့ကြားတယ်၊ ဒါပေမယ့် သတင်းကအမှန်ပဲလား၊ အမှားလား ကိုယ်လည်း မသိဘူး။ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ရွေးကောက်ပွဲနီးမှ လာပြောတဲ့အခါကျတော့ မကောင်းဘူးပေါ့နော်" ဟု ကျိုက်မရောမြို့နယ် ကွမ်ငန်းကျေးရွာမှ အသက် (၄၉) နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

"၂၀၂၀ ရွေးကောက်ပွဲသတင်းကိုတော့ ဖုန်းကနေပဲ အချက်အလက်တွေ ရတယ်။ ဘကြီးအနေနဲ့ အခက်အခဲတော့ မရှိဘူး။ မျက်လုံးလည်းမြင်တယ်၊ သွားလာလို့လည်း ရတယ်ဆိုတော့ အခက်အခဲ မရှိပါဘူး" ဟု မုဒုံမြို့နယ် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးဝင်းချိုက ပြောပါသည်။

55 UEC to provide assistance for voters with disabilities – June 23, 2020 - HURFOM

အမြင်အရုံချို့ယွင်းသည့်အုပ်စုမဟုတ်သော အင်တာနက်အသုံးမပြုနိုင်သည့် အခြားနည်းဖြင့်သန် စွမ်းသူများအုပ်စုတွင်လည်း ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်ရရှိမှုသည် အကန့်အသတ်ရှိနေဆဲဖြစ်သည်။

> "ဘာသတင်းမှ မရရှိဘူး။ ရွေးကောက်ပွဲလုပ်မယ့်နေ့ကိုလည်း ကျွန်တော်မသိဘူး။ သတင်းအချက်အလက်ရဖို့ အခက်အခဲရှိပါတယ်။ အိမ်မှာ ကျွန်တော်တစ်ယောက်တည်းပဲရှိတယ်။ အပြင်မသွားတော့ ဘာမှမသိဘူး။ အင်တာနက်လည်း မသုံးဘူး" ဟု ကျိုက်မရောမြို့နယ်မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အသက် (၃၇) အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

နိုင်ငံရေးစသည့် နယ်ပယ်အသီးသီးတွင် အခြားသူများနှင့် တန်းတူလူမှုအဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင်နိုင်ရန် [56] ဟု မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေတွင် ပြဋ္ဌာန်းထားသဖြင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ အခြားသူများနည်းတူ သိရှိနိုင်ရန် သတင်းထုတ်ပြန်ရာတွင် အခြားနည်းနှင့်သန်စွမ်းသူများအတွက် အထူးပြုထုတ်ပြန်ရန်နှင့် ၎င်းအချက်အလက်များကို အခြားနည်းနှင့်သန်စွမ်းသူများအားလုံးက လက်လှမ်းမီရန် ကော်မရှင်က အထူးအာရုံစိုက်လုပ် ဆောင်သင့်ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တိုက်တွန်းပါသည်။

ထိုသို့ လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ဖယ်ကြဉ်မှုမရှိသည့် အားလုံးပါဝင်နိုင်သော ရွေးကောက်ပွဲတစ်ခု ဖြစ်လာမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ပုဒ်ဖြစ်သော "လွတ်လပ်မျှတ ဆောင်ရွက်ကြ" ဟူသည့် စကားရပ်နှင့်လည်း ကိုက်ညီမည်ဖြစ်သည်။

> "ရေဒီယိုကနေ့တဆင့် ရွေးကောက်ပွဲသတင်းကို ကြားတယ်။ ပြီးခဲ့တဲ့နှစ်ကဆို မဲသွားပေးတဲ့နေ့မှာ ရပ်ကွက်လူကြီးက လာနှိုးဆော်တယ်။ အဲကျရင် မဲသွားထည့်တယ်။ အခက်အခဲတော့ မရှိဘူး" ဟု မုဒုံမြို့နယ်မှ အသက် (၅၇) နှစ်အရွယ် အမြင်အာရုံချို့ယွင်းသူ အမျိုးသားတစ်ဦးက ပြောပါသည်။

## ဂ) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းများကို လက်လှမ်းမမီခြင်း

တွေ့ဆုံမေးမြန်းခဲ့သော အခြားနည်းဖြင့်သန်စွမ်းသူများအားလုံးနီးပါးက ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းများ ရရှိတက်ရောက်ခဲ့ဖူးခြင်း မရှိကြောင်း ဖြေကြားခဲ့သည်။

56 မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ အခန်း (၂) ရည်ရွယ်ချက်များ

"တခြားမြို့နယ်မှာတော့ မသိဘူး။ ကျွန်တော်တို့မြို့နယ်မှာတော့ သင်တန်းလာပေးတာ မရှိပါဘူး" ဟု ကျိုက်မရောမြို့နယ်မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အသက် (၃၇) အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ အခြေခံဥပဒေ အတည်ပြုပြီးနောက်ပိုင်း ရွေးကောက်ပွဲနှစ်ဆက် ကျင်းပပြီးစီးခဲ့သည့်အပြင် ၂၀၂၀ ရွေးကောက်ပွဲကျင်းပမည့်အချိန် နီးကပ်နေပြီဖြစ်သော်လည်း အခြားနည်းဖြင့် သန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းများနှင့် အလှမ်းကွာနေခြင်းသည် ၎င်းတို့အား ရွေးကောက်ပွဲဖြစ်စဉ်မှ တစ်စိတ်တစ်ပိုင်းအားဖြင့်ဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ ဖယ်ကြဉ်ထားသကဲ့သို့ ဖြစ်နေသည်။

"ဘယ်သူမှ မရှိဘူး။ အဲဒီလိုမျိုး ကျွန်တော်တို့ မသန်စွမ်းတွေအတွက် သင်တန်းပေးတာ တစ်ခါမှ မတွေ့ဘူးဘူး။ နောက်ဆိုရင်တော့ ပြောမတတ်ဘူး" ဟု ကျိုက်မရောမြို့နယ်မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူတစ်ဦးဖြစ်သူ အသက် (၄၀) အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

အခြားနည်းဖြင့်သန်စွမ်းသူများအတွက် ရွေးကောက်ပွဲအသိပညာပေးသင်တန်းများကို ပြည်နယ်အဆင့်တွင် ပြုလုပ်ခဲ့ဖူးသည်ဟုဆိုသော်လည်း တက်ရောက်ခွင့်ရသူအရေအတွက် လွန်စွာနည်းပါးခြင်းနှင့် မြို့နယ်နှင့် ရပ်ကျေးအဆင့်များတွင် ဆင့်ပွားသင်တန်းများ ထပ်မံမပြုလုပ်နိုင်ခြင်းတို့ကြောင့် ထိရောက်မှု မရှိလှချေ။

မုဒုံမြို့နယ် ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးဝင်းချိုက -

"မွန်ပြည်နယ်မှာ သင်တန်းပေး တဲ့အခါ မြို့နယ်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ခေါ်ရင် သွားတက်ပါတယ်။ သင်တန်းတက်တဲ့သူကို စားစရိတ် လမ်းစရိတ် ထုတ်ပေးတယ်။ အဲဒီဝန်ဆောင်မှုစရိတ်ကို မြို့နယ်အနေနဲ့ပါ လုပ်မပေးနိုင်ဘူး။ ဥပမာ ကျွန်တော်က သင်တန်းသွားတက်ထားပြီး ကိုယ့်မြို့နယ်ကို ပြန်ရောက်လို့ မသန်စွမ်းသူတွေအားလုံးကို ခေါ်ပြီး သင်တန်းပေးမယ်ဆိုရင် ကြိုပို့လုပ်ပေးရမယ်။ ပြီးရင် စားစရိတ်၊ လမ်းစရိတ်လည်း (ပေးရမယ်။ အဲဒါတွေ လုပ်ပေးဖို့) မတတ်နိုင်တော့ သင်တန်းပေးဖို့အတွက်က ဖြစ်မလာဘူး" ဟု ပြောပါသည်။

ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းများ ရရှိတက်ရောက်နိုင်မှုမရှိခြင်းက အခြားနည်းဖြင့် သန်စွမ်းသူများ၏ မဲပေးပိုင်ခွင့်အခွင့်အရေးအပေါ် များစွာအကျိုးသက်ရောက်နေမည်ဖြစ်သည်။



လက်ရှိသမ္မတဖြစ်သော ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည့် ၂၀၁၈ ခုနှစ် မတ်လ (၂၈) ရက်နေ့ ပြည်ထောင်စုလွှတ်တော်မှာပင် ပယ်မဲ (၄) မဲ [57] ရှိခဲ့ရာ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်း မရရှိဘူးသော အခြားနည်းဖြင့်သန်စွမ်းသူများ၏ ဆန္ဒမဲများသည် ပယ်မဲဖြစ်ရန် အလားအလာများနေသည်။

"သင်တန်းပေးတာတော့ မရှိဘူး။ သင်တန်းမပေးထားတော့ ပယ်မဲတွေများတာကို တွေ့ရတယ်" ဟု ကျိုက်မရောမြို့နယ် ကွမ်ငန်းကျေးရွာမှ အသက် (၄၉) နှစ်အရွယ် အခြားနည်းဖြင့်သန်စွမ်းသူ အမျိုးသားတစ်ဦးက ပြောပါသည်။

ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်သော်လည်းကောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်သော်လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချမည်ဆိုပါက အခြားနည်းဖြင့်သန်စွမ်းသူများကို ပါဝင်ထည့်သွင်းစဉ်းစားရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တိုက်တွန်းပါသည်။

## ဃ) မဲပေးခြင်းဆိုင်ရာ အခက်အခဲများ

၂၀၂၀ နိုဝင်ဘာလ (၈) ရက်နေ့၌ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အခြားနည်းဖြင့်သန်စွမ်းသူမဲဆန္ဒရှင်များအတွက် သီးသန့်မဲရုံ ဖွင့်လှစ်ထားရှိမည်မဟုတ်သော်လည်း ၎င်းတို့ လွယ်ကူချောမွေ့စွာ မဲပေးနိုင်ရန်အတွက် မဲရုံမှူးများနှင့် မဲရုံဝန်ထမ်းများက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့၏အတွင်းရေးမှူး ဦးဟိဏ်းလင်းထက်က ပြောဆိုထားသည်။[58]

ထို့ပြင် မဲရုံသို့လာရောက်၍ မဲပေးနိုင်ခြင်းမရှိသော အခြားနည်းဖြင့်သန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိကြောင်း၊ ကိုယ်တိုင်မဲမပေးနိုင်သူများ

57 မြန်မာနိုင်ငံ၏ (၁၀) ဦးမြောက်သမ္မတ ဦးဝင်းမြင့် ဖြစ်လာ - မတ် ၂၈၊ ၂၀၁၈၊ ရောဝတီသတင်းဌာန

58 UEC to provide assistance for voters with disabilities – June 23, 2020 – HURFOM

အနေဖြင့်လည်း မိသားစုဝင်တစ်ဦးဦး၏ အကူအညီဖြင့် မဲပေးနိုင်ကြောင်း၊ အကူအညီပေးသူများ အနေဖြင့် မဲဆန္ဒရှင်၏ သဘောဆန္ဒအတိုင်းသာ မဲပေးရမည်ဖြစ်ကြောင်း မွန်ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်က ပြောဆိုထားသည်။

သို့သော် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တွေ့ဆုံမေးမြန်းခဲ့သော အခြားနည်းဖြင့် သန်စွမ်းသူ အများစုမှာ ရွေးကောက်ပွဲများတွင် ဆန္ဒမဲတစ်ကြိမ်တစ်ခါမျှ ပေးဖူးခဲ့ခြင်း မရှိကြောင်း သိရသည်။

အခြားနည်းဖြင့် သန်စွမ်းသူများအနေဖြင့် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ မရှိခြင်းနှင့် မဲစာရင်းတွင် မပါဝင်ခြင်းတို့ကြောင့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် တွန့်ဆုတ်နေကြသည်။

> "ကျွန်တော့်မိသားစုဝင်တွေ မဲစာရင်းသွားမကြည့်ရသေးလို့ မဲစာရင်းမှာ နာမည်ပါ,မပါ မသိရှိရသေးဘူးခင်ဗျ။ ကျွန်တော့်မှာ မှတ်ပုံတင်လည်း မရှိဘူး။ အခုမှ မှတ်ပုံတင်လုပ်ဖို့ ရပ်ကွက်လူကြီးတွေကို စာရင်းတင်ထားတယ်" ဟု မုဒုံမြို့နယ်မှ အသက် (၂၇) နှစ်အရွယ် အမြင်အာရုံချို့တဲ့သူတစ်ဦးက ပြောပါသည်။

ထို့အတူ မုဒုံမြို့နယ်မှ အသက် (၄၂) အရွယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အမျိုးသမီးတစ်ဦးကလည်း "မဲစာရင်းထဲမှာတော့ အစ်မ နာမည်မပါဘူး။ အစ်မမိသားစုဝင်တွေတော့ ပါတယ်။ အစ်မ တစ်ခါမှ မဲမပေးဘူးပါဘူး။ မှတ်ပုံတင်မရှိလို့။ မှတ်ပုံတင်မရှိရင် မဲမပေးရဘူးမဟုတ်လား" ဟု ပြောသည်။

> "မဲသွားပေးဖို့ လက်ရှိ မိသားစုဝင်တွေ တစ်ယောက်မှ မဲစာရင်းသွားမကြည့်ရသေးဘူး" ဟု မုဒုံမြို့နယ်မှ အမြင်အာရုံချို့ယွင်းသူ အသက် (၅၇) နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

အခြားနည်းဖြင့် သန်စွမ်းသူများ မဲစာရင်းတွင် ပါဝင်လာနိုင်ရန် ကူညီပေးနိုင်မည်ဆိုပါက ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲတွင် အများနည်းတူ ပါဝင်လာနိုင်မည်ဖြစ်သည်။

> "ကျွန်တော်တို့ရွာမှာ (ရွေးကောက်ပွဲအတွက်) လူငယ်အဖွဲ့လေးတစ်ဖွဲ့ ဖွဲ့ထားတယ်။ မဲစာရင်းကပ်တဲ့အခါကျရင် အဲလူငယ်အဖွဲ့က ရွာသူရွာသားတွေကို လိုက်ပြောမယ်။ သူတို့ မဲစာရင်းကြည့်တာတွေ ပြီးတော့ စာရင်းမှားနေတာရှိရင် ပြန်ပြင်တာတွေ ကူညီဖို့ပါ။ အဲလို စီစဉ်ထားတယ်" ဟု မုဒုံမြို့နယ် နိုင်လုံကျေးရွာအုပ်ချုပ်ရေးမှူး နိုင်မွန်စိုးနွယ်က ပြောပါ သည်။[59]

ဆန္ဒမဲပေးရာတွင် အများနည်းတူ တန်းစီစောင့်ဆိုင်းရန် အဆင်မပြေခြင်းနှင့် ၎င်းတို့အား ကူညီဖေးမ မည့်သူ မရှိခြင်းတို့ကြောင့်လည်း ရွေးကောက်ပွဲတွင် ပါဝင်မဲပေးရန် ခက်ခဲနေသည်။

---

59 Administrators say villagers more interested in election than ever before – July 23, 2020 – HURFOM

> "သာမန်ပြည်သူတွေလိုပဲ တန်းစီပြီး မဲသွားပေးရတယ်။ ချိုင်းထောက်နဲ့ သွားတဲ့လူတွေက တော့ အခက်အခဲရှိတာပေါ့။ တစ်နေ့လုံး ရပ်နေရတာဆိုတော့လေ။ လမ်းလျှောက်လို့ မရတဲ့လူတွေဆိုရင် ချီပြီးတော့ မဲရုံကို မဲသွားပေးဖို့ကလည်း အဆင်မပြေဘူး။ အဲဒါကြောင့် သွားမထည့်ရင် အလုပ်လည်း မရှုပ်တော့ဘူး။ မိသားစုဝင်တွေအတွက် အခက်အခဲမဖြစ်တော့ဘူး" ဟု ကျိုက်မရောမြို့နယ်မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အသက် (၄၇) အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

မုဒုံမြို့နယ်မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အသက် (၁၉) နှစ်အရွယ် လူငယ်တစ်ဦးကလည်း "သားတို့လို ကိုယ်လက်အင်္ဂါမသန်စွမ်းသူတွေအနေနဲ့ မဲရုံကိုသွားပြီး အကြာကြီး တန်းစီနေရရင် အဆင်မပြေတာက တစ်ခု။ နောက်တစ်ခုက အိမ်ကနေ မဲရုံအထိရောက်ဖို့က သွားလာရေးအခက်အခဲဖြစ်တယ်" ဟု မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောပါသည်။

အခြားနည်းဖြင့်သန်စွမ်းသူအများစုမှာ ဆန္ဒမဲပေးဖူးသည့်အတွေ့အကြုံမရှိခြင်းနှင့် ရွေးကောက်ပွဲဆိုင် ရာ အသိပညာပေးသင်တန်း မတက်ရောက်ဘူးခြင်းတို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲမည် သို့ပေးရမည်ကို မသိရှိကြချေ။

> "မဲဘယ်လိုပေးရမလဲဆိုတာကို သား မသိသေးဘူး။ ဒီနှစ်မှစပြီး မဲသွားပေးရမယ်ဆိုတော့ လေ" ဟု မုဒုံမြို့နယ်မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အသက် (၁၉) နှစ်အရွယ် လူငယ်တစ်ဦးက ပြောပါသည်။

မုဒုံမြို့နယ်မှ အသက် (၂၇) နှစ်အရွယ် အမြင်အာရုံချို့တဲ့သူတစ်ဦးက "အရင်နှစ်တွေမှာလည်း မဲမထည့် ခဲ့ရဘူး။ မဲလည်း မထည့်ဘူးဘူး။ ကိုယ့်မိသားစုမှာ အခက်အခဲတွေရှိနေလို့ မဲထည့်ဖို့ အချိန်မပေးနိုင်ခဲ့ ဘူး" ဟု ပြောသည်။

အခြားနည်းနှင့်သန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက် ကူညီဆောင်ရွက် ပေးရမည်ဟု ပြဌာန်းထားသည့်အတိုင်း ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံတော်အစိုးရနှင့် အရပ်ဘက် အဖွဲ့အစည်းများက ကူညီဖေးမမှု ပြုလုပ်ပေးမည်ဆိုပါက အခြားနည်းဖြင့်သန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲတွင် တန်းတူညီမျှစွာ ပါဝင်လာနိုင်မည်ဖြစ်သည်။

> "ပြီးခဲ့တဲ့ ၂၀၁၅ ရွေးကောက်ပွဲတုန်းက မဲသွားထည့်ဖူးတယ်။ ဘာအခက်အခဲမှ မရှိပါဘူး။ မဲရုံကဝန်ထမ်းတွေ အကုန်ကူညီပေးတယ်။ ကိုယ့်ထည့်ချင်တဲ့ပါတီကို နှုတ်နဲ့ပြောရင် သူတို့က တံဆိပ်တုံးကို လက်ထဲထည့်ပေးပြီးတော့ ဘကြီးလက်ကိုကိုင်ပြီး နှိပ်လိုက်တယ်။ ပြီးရင် ကိုယ့်မိသားစုလက်ထဲကို ပြန်အပ်ပေးတယ်။ အခက်အခဲတော့မရှိပါဘူး" ဟု မုဒုံမြို့ နယ်မှ အသက် (၅၇) နှစ်အရွယ် အမြင်အာရုံချို့ယွင်းသူ အမျိုးသားတစ်ဦးက ပြောပါသည်။

အခြားနည်းဖြင့်သန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှု ရှိပြီး ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်ရန် စိတ်ဆန္ဒရှိနေခြင်းကြောင့် ၎င်းတို့အား ဖယ်ကြဉ်ထားခြင်း မပြုဘဲ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး တန်းတူညီမျှစွာ ရရှိနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများတွင် အပြည့်အဝတာဝန်ရှိသည်။

> "တကယ်လို့ မဲရုံကိုသွားဖို့ လိုက်ပို့ပေးမယ့်သူရှိရင် စိတ်ချရအောင် မဲရုံကို ကျွန်တော်ကိုယ်တိုင်သွားပြီး မဲပေးချင်တဲ့ဆန္ဒ ရှိပါတယ်" ဟု မုဒုံမြို့နယ်မှ အသက် (၂၇) နှစ်အရွယ် အမြင်အာရုံချို့ယွင်းသူ အမျိုးသားတစ်ဦးက ပြောပါသည်။

## င) ရွေးကောက်ခံကိုယ်စားလှယ်များက အခြားနည်းဖြင့် သန်စွမ်းသူမဲဆန္ဒရှင်များ အပေါ် အလေးထားမှုမရှိခြင်း

ရွေးကောက်ခံကိုယ်စားလှယ်လောင်းများအနေဖြင့် "အခြားနည်းဖြင့်သန်စွမ်းသူများအရေး စိတ်ဝင်စားသည်ဟု ထင်မြင်ယူဆပါသလား" ဟု အခြားနည်းဖြင့်သန်စွမ်းသူများကို မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက မေးမြန်းရာတွင် ၎င်းတို့က "မသိကြောင်းနှင့် မရှိကြောင်း" သာ ဖြေကြားခဲ့သည်။

နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာများ ချမှတ်ရာတွင် အခြားနည်းဖြင့် သန်စွမ်းသူများအရေးကို ထည့်သွင်းစဉ်းစားမှု မရှိခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် အခြားနည်းဖြင့်သန်စွမ်းသူများအရေးကို ထည့်သွင်းပြောဆိုခြင်း မရှိခြင်းတို့ကြောင့်လည်း အခြားနည်းဖြင့်သန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲမှ ၎င်းတို့အား ဖယ်ကြဉ်ထားသည်ဟု ခံစားနေရသည်။

> "လွှတ်တော်ကိုယ်စားလှယ်တွေ မဲဆွယ်စည်းရုံးရေးကာလမှာ လယ်သမားတွေ (အတွက် လုပ်ပေးမယ်)၊ လမ်း၊ တံတား ဆောက်ပေးမယ်ပဲ ပြောနေကြတယ်။ ကျွန်တော်တို့လို မသန်စွမ်းသူတွေကို အခွင့်အရေးပေးမယ်ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်မှ မပြောကြဘူး။ မေ့နေကြတာလား" ဟု မုဒုံမြို့နယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးဝင်းချိုက မေးခွန်းထုတ်ပါသည်။

ကျိုက်မရောမြို့နယ် အသက် (၄၀) အရွယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အမျိုးသားတစ်ဦးက -

> "ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ (အခြားနည်းနဲ့သန်စွမ်းသူတွေ) အတွက် မူဝါဒခိုင်ခိုင်မာမာရှိမယ်လို့ ထင်တော့မထင်ဘူး။ ဘာလို့လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်နဲ့ နိုင်ငံရေးပါတီတွေက ဒီကမသန်စွမ်းတွေနဲ့ ထိတွေ့မှု ချိတ်ဆက်မှုလည်း မရှိတော့ စိတ်ဝင်စားမှုလည်း မရှိမယ် မထင်ဘူး" ဟု ပြောပါသည်။

အခြားနည်းဖြင့်သန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်လိုစိတ်ရှိပြီး ၎င်းတို့အရေးကို ကူညီဆောင်ရွက်ပေးနိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်မဲပေးလိုစိတ် ရှိနေသည်။

> "ကျိုက်မရောမှာ အရင်ပြီးခဲ့တဲ့လွှတ်တော်ကိုယ်စားလှယ်တွေက မသန်စွမ်းအရေးနဲ့ပတ်သက်ပြီး လိုအပ်ချက်တွေ၊ အခက်အခဲတွေကို (လွှတ်တော်မှာ) တင်ပြဖို့ စိတ်မဝင်စားခဲ့ဘူး။ ကိုယ်ရွေးချယ်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဆိုရင်တော့ မသန်စွမ်းအရေးကို တောင်းဆိုလို့ ရမျှားရနိုင်မလားဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့" ဟု ကျိုက်မရောမြို့နယ်မှ အသက် (၅၅) နှစ်အရွယ် အမြင်အာရုံချို့ယွင်းသူ အမျိုးသားတစ်ဦးက ပြောပါသည်။

အလားတူ မုဒုံမြို့နယ်မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အသက် (၁၉) နှစ်အရွယ် လူငယ်တစ်ဦးက "နိုင်ငံရေးပါတီအနေနဲ့ (-----) ကိုတော့ မဲပေးချင်တယ်။ ကိုယ်ရွေးလိုက်တဲ့ပါတီက ကျွန်တော်တို့လို အခြားနည်းနဲ့ သန်စွမ်းသူတွေအတွက် မူဝါဒခိုင်ခိုင်မာမာ ရှိလာမယ်လို့ ယုံကြည်တယ်" ဟု ပြောသည်။

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ် အခန်း (၆) မတူကွဲပြားမှုနှင့် အားလုံးပါဝင်စေမှု တွင် "... မသန်စွမ်းများ ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်အားလုံးတွင် ခွဲခြားဆက်ဆံခြင်းမရှိဘဲ တန်းတူအခွင့်အရေးများ ရရှိစေရန် နိုင်ငံရေးပါတီများက အကောင်းဆုံးအားထုတ်ဆောင်ရွက်ရန် ဖြစ်သည်" [60] ဟု ဖော်ပြထားသည့်အတိုင်း နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ရာတွင် အခြားနည်းဖြင့် သန်စွမ်းသူများအရေးကို ဖယ်ကြဉ်ထားခြင်းမပြုဘဲ ဦးစားပေးထည့်သွင်းသင့်သည်။



60 နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ် - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## စ) ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုနှင့် မျှော်လင့်ချက်

အခြားနည်းဖြင့် သန်စွမ်းသူများအနေဖြင့် နိုင်ငံသားဖြစ်မှုဆိုင်ရာ အတားအဆီးများ၊ ရွေးကောက်ပွဲသတင်းရရှိမှုဆိုင်ရာ အခက်အခဲများ၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းနှင့် မဲပေးပုံနည်းစနစ်များ လက်လှမ်းမီမှု ကန့်သတ်ချက်များ၊ သွားလာရေးဆိုင်ရာ ပြဿနာများနှင့် မိသားစုအရေးကိစ္စများ ရှိနေသည်။

> "နိုင်ငံရေးအပေါ်မှာ စိတ်ဝင်စားမှုတော့ ရှိတယ်။ အားတော့နည်းတယ်။ ဘာကြောင်လဲဆိုတော့ ကျွန်တော်တို့မှာ စီးပွားရေးအခက်အခဲ ဖြစ်နေတယ်။ ကိုယ့်မိသားစုကိစ္စနဲ့ပဲ လုံးပန်းနေရတယ်" ဟု ကျိုက်မရောမြို့နယ်မှ အသက် (၄၀) အရွယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူအမျိုးသားတစ်ဦးက ပြောပါသည်။

အထက်ဖော်ပြပါ အခက်အခဲ၊ အတားအဆီးနှင့် ကန့်သတ်ချက်များ ရှိနေသော်လည်း အခြားနည်းဖြင့်သန်စွမ်းသူများအနေဖြင့်ရွေးကောက်ပွဲကို စိတ်ဝင်စားပြီး ဆန္ဒမဲပေးလိုစိတ် ရှိကြသည်ကို ၎င်းတို့အားတွေ့ဆုံမေးမြန်းခဲ့စဉ်တွင် သိရှိနားလည်ခဲ့သည်။

> "အခြားနည်းနဲ့သန်စွမ်းသူများရဲ့ မဲပြားတွေဟာ တကယ်မျှတပြီး တန်ဖိုးရှိပါတယ်။ Wheelchair (လက်တွန်းလှည်း) မှာ ထိုင်ပြီး သတင်းနားထောင်၊ စာဖတ်နေတဲ့ အခြားနည်းနဲ့သန်စွမ်းသူတွေ အများကြီးရှိတယ်" ဟု မွန်ပြည်နယ် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးစောအောင်သိမ်းတင် က ပြောပါသည်။[61]

> "နိုင်ငံရေးကို စိတ်ဝင်စားပါတယ်။ (-----)ကိုပဲ မဲပေးချင်တယ်။ မဲပေးဖို့ဆန္ဒရှိပါတယ်။ မဲပေးချင်တယ်။ ဒါပေမယ့် မှတ်ပုံတင်မရှိတော့ မဲပေးရမှာ မဟုတ်တော့ဘူး" ဟု မုဒုံမြို့နယ်မှ အသက် (၄၂) အရွယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အမျိုးသမီးတစ်ဦးက ပြောပါသည်။

အခြားနည်းဖြင့် သန်စွမ်းသူများက ရွေးကောက်ပွဲကို စိတ်ဝင်စားမှု ရှိသကဲ့သို့ ရွေးကောက်ပွဲပြီးနောက်ဖြစ်ပေါ်လာမည့် လွှတ်တော်များနှင့် အစိုးရများက ၎င်းတို့အရေးကို အာရုံစိုက်လုပ်ဆောင်ပေးရန်လည်း မျှော်လင့်နေကြသည်။

မုဒုံမြို့နယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးဝင်းချိုက "မသန်စွမ်းသူတွေအတွက်ဘယ်ပါတီကနေပြီးတော့ ဆောင်ရွက်ပေးခဲ့လဲ။ ဆောင်ရွက်ပေးနေသလဲ။ မသန်စွမ်းသူတွေရဲ့အခွင့်အရေးတွေကို ဥပဒေမှာ သတ်မှတ်ပေးထားအတိုင်း ရရှိဖို့အတွက် ဆောင်ရွက်ပေးနိုင်မယ့်လူတွေကို မဲပေးမယ်" ဟု ၎င်း၏ ဆုံးဖြတ်ချက်နှင့် မျှော်လင့်ချက်ကို ထုတ်ပြောပါသည်။

---

61 UEC to provide assistance for voters with disabilities – June 23, 2020 - HURFOM

"ကျွန်တော်တို့ရွေးလိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက မသန်စွမ်းအခွင့်အရေးကို ကြည့်ရှုပြီးတော့ လုပ်သင့်တဲ့အရာတွေကို လုပ်ပေးစေချင်တယ်။ တိတိကျကျ မှန်မှန်ကန်ကန် လုပ်တဲ့ လွှတ်တော်ကိုယ်စားလှယ်မျိုးကို လိုချင်တယ်" ဟု ကျိုက်မရောမြို့နယ်မှ အသက် (၄၀) အရွယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အမျိုးသားတစ်ဦးက မျှော်လင့်တကြီး ပြောပါသည်။

## ဆ) စိတ်ပိုင်းဆိုင်ရာ ခံစားချက်များ

အခြားနည်းဖြင့် သန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်လာနိုင်ရေးနှင့်ပတ်သက်ပါက အဖယ်ကြဉ်ခံနေရသည်ဟု ခံစားနေရသည်ကို ၎င်းတို့နှင့် တွေ့ဆုံမေးမြန်းစဉ်တွင် သိရှိခဲ့ရသည်။

မိသားစုဝင်များက ၎င်းတို့၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ ပြုလုပ်ရာတွင် အလေးထားအာရုံစိုက်မှု မရှိခြင်း၊ အိမ်ထောင်စုစာရင်းတွင် ထည့်သွင်းထားမှု မရှိခြင်းနှင့် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ လျှောက်ထားရာတွင် လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာဌာနဆိုင်ရာများက ကူညီဆောင်ရွက်ပေးမှု မရှိခြင်းတို့ကြောင့် ၎င်းတို့အနေဖြင့် လူမှုအသိုင်းအဝိုင်းတွင် ပါဝင်ခွင့်ဆုံးရှုံးနေရသည်ဟု ထင်မြင်နေကြသည်။

"အခြားနည်းဖြင့် သန်စွမ်းသူတွေမှာ မွေးသက္ကရာဇ် အတိအကျ မရှိကြဘူး။ မှတ်ပုံတင်လည်း မရှိကြဘူး။ သက်ဆိုင်ရာဌာနတွေက မှတ်ပုံတင် လုပ်မပေးဘူး" ဟု မွန်ပြည်နယ် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးစောအောင်သိမ်းတင်က မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောပါသည်။

"မဲစာရင်းထဲမှာတော့ အစ်မနာမည်မပါဘူး။ အစ်မ မိသားစုဝင်တွေတော့ ပါတယ်။ အစ်မ တစ်ခါမှ မဲမပေးဘူးပါဘူး။ မှတ်ပုံတင်မရှိလို့" ဟု မုဒုံမြို့နယ်မှ အသက် (၄၂) အရွယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အမျိုးသမီးတစ်ဦးက ပြောပါသည်။

"အရင်တုန်းကတော့ ကိုယ့်မိဘတွေ ဒါကို နားမလည်ဘူးပေါ့နော်။ နောက်ပြီး (ကိုယ့်လက်ထက်ရောက်လာတဲ့အခါကျပြန်တော့လည်း) ကိုယ့်သားသမီးတွေက လမ်းလျှောက်လို့မရတော့ သူတို့တွေနဲ့ပဲ လုံးပန်းနေရတယ်။ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်ဘက်ကို အချိန်မပေးဖြစ်ဘူး"

ဟု မုဒုံမြို့နယ်မှ အသက် (၄၂) အရွယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အမျိုးသမီးတစ်ဦးက ပြောပါသည်။

အခြားနည်းဖြင့် သန်စွမ်းသူများအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းများ မရှိခြင်းနှင့် ၎င်းတို့အတွက် အထူးထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ မရှိခြင်းကလည်း ရွေးကောက်ပွဲမှ ဖယ်ကြဉ်ခံနေရသည်ဟု ထင်မြင်နေသည့် ၎င်းတို့၏ ခံစားချက်ကို ပိုမိုနက်ရှိုင်းစေသည်။

နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက အခြားနည်းဖြင့် သန်စွမ်းသူများနှင့် ထိတွေ့ဆက်ဆံမှု မရှိခြင်း၊ ၎င်းတို့အရေးကို စိတ်မဝင်စားခြင်းနှင့် ၎င်းတို့အခွင့်အရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှု မရှိခြင်း စသည့်အချက်များကလည်း အခြားနည်းဖြင့် သန်စွမ်းသူများကို ရွေးကောက်ပွဲမှ ဝေးသထက်ဝေးကွာအောင် တွန်းပို့နေသည်။

> ကျိုက်မရောမြို့နယ် အသက် (၄၀) အရွယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အမျိုးသားတစ်ဦးက "ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ (အခြားနည်းနဲ့သန်စွမ်းသူတွေ)အတွက် မူဝါဒခိုင်ခိုင်မာမာရှိမယ်လို့ ထင်တော့ မထင်ဘူး။ ဘာလို့လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်နဲ့ နိုင်ငံရေးပါတီတွေက ဒီကမသန်စွမ်းတွေနဲ့ ထိတွေ့မှု ချိတ်ဆက်မှုလည်း မရှိတော့ စိတ်ဝင်စားမှုလည်း မရှိမယ် မထင်ဘူး" ဟု ပြောပါသည်။



## ဈ) တောင်းဆိုချက်နှင့် အကြံပြုချက်များ

မှတ်ပုံတင်မရှိသော်လည်း မဲစာရင်းတွင် ပါဝင်ပါက မဲပေးနိုင်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြောဆိုထားသော်လည်း အခြားနည်းဖြင့် သန်စွမ်းသူများက ၎င်းတို့ မဲစာရင်းတွင် မပါဝင်ခြင်းသည် မှတ်ပုံတင်မရှိခြင်းကြောင့်ဟု ထင်မြင်နေကြသည်။ ၎င်းထင်မြင်ယူဆချက်သည်လည်း တစ်ဖက်သတ်မဟုတ်ချေ။ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းစသည့် နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ မရှိခြင်းကြောင့်လည်း အခြားနည်းဖြင့် သန်စွမ်းသူအများစုမှာ မဲစာရင်းတွင် မပါဝင်ခြင်း အပါအဝင် အခြားသော အခွင့်အရေးဆုံးရှုံးမှုများ များစွာကြုံတွေ့နေရသည်။

> "နောက်တစ်ခုက မသန်စွမ်းတွေအနေနဲ့ မှတ်ပုံတင်မရှိတာ များတယ်။ အဲဒါတွေကို ဆောင်ရွက်ပေးချင်တယ်။ .... ကိုယ်လက်အင်္ဂါမသန်စွမ်းလို့ သက်ဆိုင်ရာဌာနတွေဆီမှာ မှတ်ပုံတင်သွားလုပ်ဖို့က အဆင်မပြေဘူး၊ အဲလိုကျလို့ရှိရင် အုပ်ချုပ်ရေးမှူးတွေက ဌာနဆိုင်ရာတွေကိုပြောပြီး ကွင်းဆင်းလုပ်ပေးဖို့ တောင်းဆိုချင်ပါတယ်" ဟု မုဒုံမြို့နယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌ ဦးဝင်းချိုက ပြောပါသည်။

ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ထုတ်ပြန်ရာတွင်လည်း ၎င်းတို့အတွက် သီးသန့်ထုတ်ပြန်ရန် အခြားနည်းဖြင့် သန်စွမ်းသူများက အလိုရှိနေသကဲ့သို့ အခြားနည်းဖြင့် သန်စွမ်းသူများအတွက် မဲဆန္ဒရှင်ပညာပေးသင်တန်းများ စီစဉ်ဆောင်ရွက်ပေးရန်ကိုလည်း လိုလားနေကြသည်။

> "အမြင်အာရုံမသန်စွမ်းတဲ့သူတွေ တကယ်တမ်းလိုအပ်နေတဲ့ဟာက လက်စမ်းစာပေနဲ့ မဲလက်မှတ်ပါ" ဟု မွန်ပြည်နယ် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးစောအောင်သိမ်းတင်က ပြောပါ သည်။[62]

"မဲထည့်(တတ်)ဖို့ သင်တန်းတွေ ပေးဖို့ရယ် နောက်ပြီး မဲသွားပေးဖို့ တစ်ယောက်ယောက်ရဲ့ အကူအညီကို လိုအပ်တယ်" ဟု မုဒုံမြို့နယ်မှ အမြင်အာရုံချို့ယွင်းသူ အသက် (၂၇) နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

အခြားနည်းဖြင့် သန်စွမ်းသူများ မဲပေးနိုင်ရေးတွင် အဓိကကြုံတွေ့နေရသည့် အခြားသောအခက်အခဲများမှာ သွားလာရေးနှင့် မဲရုံပိုင်းဆိုင်ရာ အဆင်မပြေမှုများ ဖြစ်သည်။

> "သားတို့လို ကိုယ်လက်အင်္ဂါမသန်စွမ်းသူအနေနဲ့ မဲရုံကိုသွားပြီး အကြာကြီး တန်းစီနေရရင် အဆင်မပြေတာတစ်ခု၊ နောက်တစ်ခုက အိမ်ကနေ မဲရုံအထိ ရောက်ဖို့က သွားလာရေးအ

62 UEC to provide assistance for voters with disabilities – June 23, 2020 - HURFOM

ခက်အခဲဖြစ်တယ်" ဟု မုဒုံမြို့နယ်မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အသက် (၁၉) နှစ်အရွယ် လူငယ်တစ်ဦးက ပြောပါသည်။

"မသန်စွမ်းတွေအတွက် မဲရုံမှာ Wheelchair (လက်တွန်းလှည်း)သွားလမ်းတစ်ခု၊ နောက်ပြီးတော့ ခြေထောက်တစ်ဖက် ပြတ်နေတဲ့သူတွေကို အခြားသန်စွမ်းသူလို မတန်းစီခိုင်းဖို့နဲ့ (သူတို့) မြန်မြန် ဆန်ဆန်နဲ့ မဲထည့်နိုင်ဖို့ မဲရုံဝန်ထမ်းတွေက လုပ်ပေးစေချင်တယ်" ၎င်းလူငယ်က ဆက်ပြောပါသည်။

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတိုင်းတွင် အခြားနည်းဖြင့်သန်စွမ်းသူများ အဆင်ပြေလွယ်ကူစွာ မဲပေးနိုင်ရေးအတွက် စံပြမဲရုံများ တည်ဆောက်ပေးမည်ဟု တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ကျော်စိုးက ပြောကြားခဲ့သော်လည်း[63] မွန်ပြည်နယ်တွင်မူ အခြားနည်း ဖြင့်သန်စွမ်းသူများအတွက် သီးသန့်မဲရုံများ ထားရှိမည်မဟုတ်ကြောင်း ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟိဏ်းလင်းထက်က ပြောကြားထားသည်။[64]

အခြားနည်းဖြင့် သန်စွမ်းသူများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်သည်ဟု မွန်ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်က ပြောကြားခဲ့ဖူးသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၉) ရွေးကောက်ပွဲကျင်း ပခြင်း ပုဒ်မ (၄၅-ဂ) တွင် ၁) အနာကြီးရောဂါစွဲကပ်နေခြင်း ၂) ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရခြင်း ၃) အသက်အရွယ်ကြီးရင့်ခြင်း ၄) သားဖွားနေခြင်း ၅) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရခြင်း ၅) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူနေရခြင်း နှင့် ၇) နိုင်ငံ့ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ ယာယီတာဝန် သွားရောက်ထမ်းဆောင်ရခြင်း စသည့်ကိစ္စရပ်များတွင် ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိ သည်ဟု ဖော်ပြထားသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အခြားနည်းဖြင့်သန်စွမ်းသူမဲဆန္ဒရှင်များကို တွေ့ဆုံမေးမြန်း ရာတွင် ၎င်းတို့အနေဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဆိုပါက ပိုမိုအဆင်ပြေကြောင်း ဖွင့်ဟခဲ့ကြသည်။

> "ကြိုတင်မဲပေးလို့ရမယ်ဆိုရင် အဆင်ပြေမယ်ပေါ့။ မဲရုံမှာ အခြားသောသန်စွမ်းသူတွေလိုမျိုး တန်းမစီရတော့ (ပိုအဆင်ပြေတာပေ့ါ)။ အိမ်တိုင်ရာရောက် (ဆန္ဒမဲ)လာ(ကောက်)မလား၊ မဟုတ်ရင် ရပ်ကွက်မဲရုံမှာပဲ ကြိုတင်မဲပေးရမလား။ တစ်ချို့မသန်စွမ်းတွေက လမ်းလျှောက် လို့ မရဘူး။ အိမ်တိုင်ရာရောက်ကြိုတင်မဲပေးပိုင်ခွင့်ရှိရင် အဆင်ပြေနိုင်မယ်လို့ ကျွန်တော်မြင် တယ်" မုဒုံမြို့နယ် ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌ ဦးဝင်းချိုက ပြောပါသည်။

---

63 မန္တလေးတိုင်းရှိ မသန်စွမ်းမဲဆန္ဒရှင်အတွက် စံပြမဲရုံများ တည်ဆောက်မည် - ဩဂုတ် ၂၅၊ ၂၀၂၀ - မြန်မာတိုင်းမ်နေ့စဉ်

64 UEC to provide assistance for voters with disabilities – June 23, 2020 - HURFOM

မုဒုံမြို့နယ်မှ အမြင်အာရုံချို့ယွင်းသူ အသက် (၅၇) အရွယ် အမျိုးသားတစ်ဦးက "ကြိုတင်မဲ ပေးရရင် ဘကြီးတို့အတွက် အဆင်ပြေတယ်။ အဲလိုမျိုး လုပ်ပေးရင် ဘကြီးတို့လို မျက်မမြင်တွေအတွက် အဆင်ပြေတယ်" ဟူ ပြောပါသည်။

> "ကျွန်တော်တို့လို လမ်းလျှောက်သွားနိုင်တဲ့သူတွေကတော့ ကြိုတင်မဲပေးလို့ မရဘူး။ မဲရုံကိုပဲ မဲသွားပေးရတယ်။ ကြိုတင်မဲပေးလို့ရမယ်ဆို ကောင်းတာပေါ့" ဟု ကျိုက်မရောမြို့နယ်မှ ချိုင်းထောက်ဖြင့် သွားလာနိုင်သူ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အသက် (၃၇) နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

> "မသွားလာနိုင်တဲ့သူတွေအတွက် ဒီရွေးကောက်ပွဲမှာ ကြိုတင်မဲပြင်ဆင်ထားပေးမယ်လို့ ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေက ပြောထားပါတယ်။ မသန်စွမ်းတွေအတွက် သီးသန့်မဲရုံဆိုတာတော့ မရှိဘူး။ ကြိုတင်မဲဆိုရင် ကျွန်တော်တို့လိုမသန်စွမ်းသူတွေအတွက် ပိုပြီးတော့ အဆင်ပြေမယ်ထင်တယ်" ဟု ကျိုက်မရောမြို့နယ်မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အသက် (၄၀) အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

အခြားနည်းနှင့်သန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက် ရွေးကောက်ပွဲကော်မရှင်က ကူညီဆောင်ရွက်ပေးရမည်ဟု ပြဌာန်းထားသည့်အတိုင်း ကော်မရှင်အနေဖြင့် အခြားနည်းနှင့်သန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများကို သေချာစွာလေ့လာအဖြေရှာပြီး ၎င်းတို့၏ အဆင်မပြေမှုများကို ကူညီဖြေရှင်းပေးသင့်သည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ရှုမြင်ပါသည်။



*"အမြင်အာရုံမသန်စွမ်းတဲ့သူတွေ တကယ်တမ်းလိုအပ်နေတဲ့ဟာက လက်စမ်းစာပေနဲ့ မဲလက်မှတ်ပါ"*

~ မွန်ပြည်နယ် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးစောအောင်သိမ်းတင်

*"မသန်စွမ်းတွေအတွက် မဲရုံမှာ Wheelchair (လက်တွန်းလှည်း)သွားလမ်းတစ်ခု၊ နောက်ပြီးတော့ ခြေထောက်တစ်ဖက် ပြတ်နေတဲ့သူတွေကို အခြားသန်စွမ်းသူလို မတန်းစီခိုင်းဖို့နဲ့ (သူတို့) မြန်မြန် ဆန်ဆန်နဲ့ မဲထည့်နိုင်ဖို့ မဲရုံဝန်ထမ်းတွေက လုပ်ပေးစေချင်တယ်"*

~ မုဒုံမြို့နယ်မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အသက် (၁၉) နှစ်အရွယ် လူငယ်တစ်ဦး

*မသန်စွမ်းတွေအနေနဲ့ မှတ်ပုံတင်မရှိတာ များတယ်။ အဲဒါတွေကို ဆောင်ရွက်ပေးချင်တယ်။ .... ကိုယ်လက်အင်္ဂါမသန်စွမ်းလို့ သက်ဆိုင်ရာဌာနတွေဆီမှာ မှတ်ပုံတင်သွားလုပ်ဖို့က အဆင်မပြေဘူး၊ အဲလိုကျလို့ရှိရင် အုပ်ချုပ်ရေးမှူးတွေက ဌာနဆိုင် ရာတွေကိုပြောပြီး ကွင်ဆင်းလုပ်ပေးဖို့ တောင်းဆိုချင်ပါတယ်"*

~ မုဒုံမြို့နယ် ကိုယ်လက်အ ဂင်္ါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌ ဦးဝင်းချို






# အခန်း (၆) ပထမဆုံးမဲပေးမည့်လူငယ်များ၏ အခက်အခဲများ

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ၌ စတင်မဲပေးကြမည့် လူငယ်မဲဆန္ဒရှင် (၄.၈) သန်း ရှိပြီး[65] မဲပေးပိုင်ခွင့်ရှိသူ (၁၇) သိန်းကျော်ရှိသည့် မွန်ပြည်နယ်၌ ယခုရွေးကောက်ပွဲတွင်မှ စတင်မဲပေးခွင့်ရမည့် လူငယ် (၁) သိန်းကျော် ရှိသည်။[66]

ပထမဆုံးမဲပေးမည့်လူငယ်များ၏ ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲ အတားအဆီးများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲအပေါ်ထားရှိသည့် မျှော်လင့်ချက်များကို သိရှိနိုင်ရန်အတွက် မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

65 ပထမဆုံးအကြိမ် မဲပေးရမည့် လူငယ်များအား ဆော်ဩစည်းရုံးပြီး မြန်မာ့အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်း - ဖေဖော်ဝါရီ ၁၂ – ၂၀၂၀ - ဧရာဝတီသတင်းဌာန

66 မွန်ပြည်နယ် မဲစာရင်းမှာ အမည်မပါလို့ ပြန်လည်လျှောက်ထားသူ (၂၁၀၀၀) ကျော်ရှိ - ဩဂုတ် ၁၆၊ ၂၀၂၀ - သံလွင်တိုင်းမ်

## က) ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုအခြေအနေ

မြန်မာနိုင်ငံတွင် လူငယ်များ နိုင်ငံရေးကိစ္စရပ်များကို စိတ်ဝင်စားလာရေးနှင့် ရွေးကောက်ပွဲတွင် ပါဝင်လာရေးသည် စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ မူးယစ်ဆေးဝါး၊ လူမှုကွန်ရက်နှင့် Online Game များအပေါ် အလွန်အကျွံစွဲလမ်းနေခြင်းတို့ကြောင့် လူငယ်များက နိုင်ငံရေးနှင့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုမရှိဟု လူငယ်အရေးလှုပ်ရှားသူများက သုံးသပ်ကြသည်။

> "မဲသွားပေးဖို့က မဲစာရင်းမှာ ကိုယ့်နာမည်ပါသလား မပါဘူးလားဆိုတာတောင် မကြည့်ရသေးဘူး။ မဲကတော့ ပေးချင်တယ်။ ဒီနှစ်မှ စပေးရမယ်ဆိုတော့ မဲသွားပေးရင် ဘာတွေယူသွားရမလဲဆိုတာ မသိဘူး။ ရွာကတချို့လူငယ်တွေဆို မှတ်ပုံတင် မရှိဘူး။ မှတ်ပုံတင်မရှိရင် မဲမပေးရတော့ဘူးလား။ ကျွန်မတို့မှာ အဲဒီအခက်အခဲတော့ ရှိနေတယ်" ဟု သံဖြူဇရပ်မြို့နယ်မှ အသက် (၁၈) နှစ်အရွယ် မိန်းကလေးတစ်ဦးက ပြောသည်။[67]

သို့သော် လူငယ်များ မဲမပေးသည့် အကြောင်းရင်းမှာ အများအပြားပင် ရှိသည်။ ထိုအကြောင်းရင်းများအနက် မဲတစ်ပြားက အပြောင်းအလဲကို ဖော်ဆောင်နိုင်မည်ဟု မယုံကြည်ခြင်းနှင့် နိုင်ငံရေးကို စိတ်မဝင်စားခြင်းသည်လည်း ပါဝင်နေသည်ကို[68] သတိပြုရမည်ဖြစ်သည်။

> "သမီးတို့ရွာမှာဆို အုပ်ချုပ်ရေးမှူးက အသံချဲ့စက်နဲ့ လိုက်နှိုးဆော်နေတယ်။ ဆွေမျိုးသားချင်းတွေကို မဲစာရင်းသွားကြည့်ဖို့ ပြောတော့ သူတို့က ဘာပြန်ပြောလဲဆိုတော့ "ဘာလို့မဲပေးမှာလဲ။ သူတို့မဲနိုင်ပြီး(ရွေးကောက်ခံပြီး)ရင် သူတို့အမျိုး သူတို့မိသားစုတွေပဲ အခွင့်အရေးရသွားတာ။ ငါတို့အတွက် ဘာလုပ်ပေးတာရှိလို့လဲ" လို့ အဲလို ပြောကြတယ်။ ရွာသူရွာသားအတော်များများရဲ့စိတ်ထဲမှာလည်း အဲလိုပဲရှိနေတော့ မဲစာရင်း (မှန်ကန်မှုရှိမရှိဆိုတဲ့) အပေါ်မှာ သိပ်အလေးမထားဘူး" ဟု ရွေးကောက်ပွဲနှင့်လူငယ်အရေးအတွက် လှုပ်ရှားနေသူ သံဖြူဇရပ်မြို့နယ်မှ မိစိုက်နွန်က ပြောပါသည်။[69]

ပထမဆုံးမဲပေးမည့်လူငယ်များ ရွေးကောက်ပွဲတွင် စိတ်ဝင်စားလာရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံရေးပါတီများက မူဝါဒတစ်ရပ်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သင့်သကဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများကလည်း တိုက်တွန်းနှိုးဆော်ခြင်းအပါအဝင် ရွေးကောက်ပွဲတွင်ပါဝင်နိုင်ရေးအတွက် လိုအပ်သောဝန်ဆောင်မှုများပေးခြင်းကို လုပ်ဆောင်သင့်သည်။

67 Mon State Youth Affair Committee launches voter education campaign – August 19, 2020 - HURFOM

68 ပထမဆုံးအကြိမ် မဲပေးရမည့် လူငယ်များအား ဆော်ဩစည်းရုံးပြီး မြန်မာ့အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်း - ဖေဖော်ဝါရီ ၁၂ – ၂၀၂၀ - ဧရာဝတီသတင်းဌာန

69 Interest in politics declines as election promises go unfulfilled – July 30, 2020 - HURFOM

"မဲဆွယ်စည်းရုံးရေးကာလမစတင်သေးတဲ့အတွက် ကော်မတီအနေနဲ့ (ပြည်သူလူထုအကြား) ပညာပေးသင်တန်းတွေကို မလုပ်သေးပါဘူး။ လူငယ်တွေကိုတော့ မြို့နယ်အလိုက် သင်တန်း ပေးထားတယ်။ သူတို့ကနေတဆင့် ကျေးရွာမှာရှိနေတဲ့ လူငယ်တွေကို တိုက်တွန်းနှိုးဆော် သွားမယ်။ မဲဘယ်လိုထည့်ရမယ်ဆိုတာကို အမြင်ဖွင့်သင်တန်းသဘောမျိုး ပေးသွားမယ်" ဟု မွန်ပြည်နယ်လူငယ်ရေးရာကော်မတီဝင် မိဇင်ဝင်းမွန်က ရှင်းပြပါသည်။[70]

## ခ) ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ရရှိမှု



ယနေ့ခေတ်လူငယ်အများစုက ခေတ်မီနည်းပညာများနှင့် ရင်းနှီးပြီးသားဖြစ်လိမ့်မည်ဟု ထင်မြင်ယူဆထားသော်လည်း အဆိုပါနည်းပညာများမှတဆင့် ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက် ရယူရာတွင်မူ အားရကျေနပ်လောက်စရာ မရှိသေးချေ။ ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များကို ရပ်ကျေးအထွေထွေအုပ်ချုပ်ရေးမှူးရုံး (ကျေးရွာအုပ်ချုပ်ရေးမှူး) ထံမှ အများဆုံး (၇၅ ရာခိုင်နှုန်း) အထိ ရရှိခဲ့ကြပြီး လူမှုကွန်ရက် (Social Media) မှ ဒုတိယအများဆုံး (၅၀ ရာခိုင်နှုန်း) ရရှိနေသည်။

သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာမှ အသက် (၂၂) နှစ်အရွယ် လူငယ်တစ်ဦးက "အုပ်ချုပ်ရေးမှူးကနေ ရွာလူကြီးတွေကနေ သတင်းကြားရပါတယ်။ အင်တာနက်ကနေလည်း သတင်းပေါင်းစုံ သိရပါတယ်" ဟု ပြောပါသည်။

လူသုံးများသည့် Facebook လူမှုကွန်ရက်ကို သုံးစွဲသူ (၅၅) ရာခိုင်နှုန်းခန့် ရှိပြီး ၎င်းတို့အနက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Facebook စာမျက်နှာကို သိရှိသူ (၃၀) ရာခိုင်နှုန်း ရှိသည်။ သို့သော် အဆိုပါစာမျက်နှာကို ပုံမှန်ဝင်ရောက်ကြည့်ရှုသူမှာ (၁၃) ရာခိုင်နှုန်းကျော်ကျော်သာ ရှိသည်။

70 Mon State Youth Affairs Committee launches voter education campaign – August 19, 2020 - HURFOM

မုဒုံမြို့နယ် ထုံမံကျေးရွာမှ အသက် (၂၃) နှစ်အရွယ် လူငယ်မဲဆန္ဒရှင်တစ်ဦးက "လူမှုကွန်ရက်စာမျက်နှာကနေ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ သတင်းတွေကို ကြားသိရတာများတယ်။ အုပ်ချုပ်ရေးမှူးကနေတဆင့်လည်း ကြားရတယ်။ ရုပ်မြင်သံကြားကနေလည်း ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေကို ကြည့်ဖူးပါတယ်" ဟု ပြောကြားခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ တွေ့ဆုံမေးမြန်းမှုများအရ အစိုးရထိန်းချုပ်ရာဒေသမှ လူငယ်အများစုမှာ ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များကို တစ်နည်းမဟုတ်တစ်နည်း ရရှိနေသဖြင့် လူငယ်အသိုင်းအဝိုင်း၌ ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်ရယူရာတွင် ပြဿနာများစွာမရှိဟု သုံးသပ်နိုင်သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် မွန်ပြည်သစ်ပါတီထိန်းချုပ်ဒေသဖြစ်သော ခလောက်ခနီ၊ ကျိုက်စွဲမွန်နှင့် ဘလဲ့ဒွန်ဖိုက်ကျေးရွာများမှ ပထမဆုံးအကြိမ်ဆန္ဒမဲထည့်ခွင့်ရရှိမည့် မွန်လူငယ် (၄) ဦးမှာမူ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များရရှိရန် ၎င်းတို့အတွက် အခက်အခဲရှိဆဲဖြစ်ကြောင်း ပြောကြားကြသည်။

ကြားအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့နယ်ခွဲ ကျောက်ဘီလူးမဲကျေးရွာအုပ်စုတွင် မဲထည့်ရမည့် အသက် (၂၀) နှစ်အရွယ် လူငယ်ယောကျ်ားလေးတစ်ဦးက -

> "ပုံမှန်အားဖြင့်တော့ ရေဒီယိုကိုပဲ အားပြုနေရတဲ့ ဒေသမှာနေ,နေတာဆိုတော့ ဘီဘီစီ၊ ဗွီအိုအေမှာပဲ ရွေးကောက်ပွဲအကြောင်း တစ်ခါတလေနားထောင်ဖြစ်တယ်။ ဒီမှာက တောင်ပေါ်အမြင့်ပိုင်းကိုတက်နိုင်မှ ထိုင်းဘက်ကဖုန်းလိုင်းရတာဆိုတော့ Facebookက အင်တာနက်က သတင်းတွေကို ပုံမှန်ကြည့်ဖို့က မဖြစ်နိုင်ဘူး။ ရှင်းရှင်းပြောရရင် အဲဒီနေ့ (နိုဝင်ဘာလ ၈ ရက်နေ့) မဲထည့်ရင် (------)ပါတီကို မဲထည့်ချင်တာမှန်ပေမယ့် (------)ပါတီရဲ့ ကိုယ်စားလှယ်လောင်းက ဘယ်သူလဲဆိုတာ အခုထက်ထိ မသိသေးဘူး။ မဲဘယ်လိုထည့်ရမယ်ဆိုတာ မသိသေးဘူး။ မသိရင်တော့ အခက်အခဲရှိတယ်လို့ ပြောရမှာပေါ့" ဟု ပြီးခဲ့သည့် စက်တင်ဘာလ ၈ ရက်နေ့တွင် ပြောပြခဲ့သည်။

ခလောက်ခနီကျေးရွာမှ လူငယ်အမျိုးသမီးတစ်ဦးနှင့် ကျိုက်စွဲမွန်ကျေးရွာမှ လူငယ်အမျိုးသားတစ်ဦးကလည်း နေထိုင်ရာဒေသ၏ ပထဝီအနေအထားအရ ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်များကို လက်လှမ်းမမီကြောင်း ပြောပြကြသည်။ ပြီးခဲ့သည့် စက်တင်ဘာလဆန်းတွင် (-----) ပါတီမှ ပါတီဝင် (၂) ဦး လာရောက်ဖြန့်ဝေခဲ့သည့် လက်ကမ်းစာစောင်နှင့် ကိုယ်စားလှယ်လောင်းဆိုင်ရာအချက်အလက်တစ်ချို့ကို လက်ခံရရှိခဲ့သည်ဟု ဆိုသည်။

၂၀၁၅ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအစီအစဉ်အတွက် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထုတ်ပြန်ခဲ့သည့် "သမိုင်းမဝင်ခဲ့သော ဆန္ဒများ" အမည်ရှိ အစီရင်ခံစာပါ အချက်အလက်များအရ

ယခုတွေ့ဆုံမေးမြန်းခဲ့သည့် ကျေးရွာ (၄) ရွာစလုံးတွင် မည်သည့်ရွာသားတစ်ဦးတစ်ယောက်မျှ ရွေးကောက်ပွဲဆိုင်ရာအချက်အလက်နှင့် အသိပညာပေးမှုများ ရရှိဖူးခြင်းမရှိချေ။

ယခုရွေးကောက်ပွဲတွင်လည်း သတင်းအချက်အလက်ဆိုင်ရာ အရင်းအမြစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်း မရှိသေးချေ။ အထူးသဖြင့် ဝေးလံခေါင်သီသည့် နယ်စပ်ဒေသကျေးရွာများတွင် ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးမှုမရှိခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများကို နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးရမည်ဟူသော နိုင်ငံတကာစံနှုန်းနှင့် သွေဖယ်နေသည်။ နိုင်ငံတော်အစိုးရသာမက တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးထားသည့် အစိုးရမဟုတ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကပါ ဝေးလံခေါင်သီသော ဒေသရှိ မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရန်အတွက် လိုအပ်သောဆောင်ရွက်မှုများ ပြုလုပ်ထားရမည့်အပြင် ဒေသခံပြည်သူများ မဲပေးမှုတွင် စိတ်ပါဝင်စားလာစေရန်အတွက် တိုက်တွန်းလှုံ့ဆော်မှုများကိုလည်း ဝိုင်းဝန်းဆောင်ရွက်ရန် တာဝန်ရှိသည်။



## ဂ) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးမှုအခြေအနေ

စစ်တမ်းအရ ပထမဆုံးမဲပေးမည့်လူငယ်များ အဓိကကြုံတွေ့နေရသည့်ပြဿနာမှာ ရွေးကောက်ပွဲပညာပေးသင်တန်းများနှင့် ထိတွေ့မှု နည်းပါးနေခြင်းနှင့် မဲပေးပုံနည်းစနစ်ကို မသိရှိခြင်းတို့ ဖြစ်သည်။[71] ရွေးကောက်ပွဲပညာပေးသင်တန်းများနှင့်ထိတွေ့ဖူးသူ (၂၀) ရာခိုင်နှုန်းခန့်သာ ရှိသည်။

ယခုနှစ်ရွေးကောက်ပွဲတွင် COVID-19 ကပ်ရောဂါဆိုင်ရာ ထိန်းချုပ်မှုများနှင့် အသွားအလာကန့်သတ်ချက်များကြောင့် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးမှုသင်တန်းများကို ယခင်ရွေးကောက်ပွဲကာလလောက် လုပ်ဆောင်နိုင်ဖွယ်မရှိခြင်းကြောင့် ယခုရွေးကောက်ပွဲတွင်မှ ဆန္ဒမဲစတင်ပေးမည့် လူငယ်များအတွက် စိန်ခေါ်မှုဖြစ်လာမည် ဖြစ်သည်။

> "သင်တန်းပေးထားတာ မရှိဘူး။ ဒီနှစ်ရွေးကောက်ပွဲဝင်ပြိုင်မယ့် ကိုယ်စားလှယ်တစ်ယောက်က မဲဘယ်လိုပေးရမလဲဆိုတာကို သင်တန်းပေးဖို့ ရှိတယ်လို့တော့ သတင်းကြားတယ်" ဟု ကျိုက်မရောမြို့နယ် ကွမ်းငန်ကျေးရွာမှ အသက် (၁၈) အရွယ် မိန်းကလေးတစ်ဦးက ပြောပါသည်။


ဇူလိုင်လ (၂၅) ရက်နေ့တွင် စတင်ကပ်ထားကြေညာသည့် မဲစာရင်းတွင် မှားယွင်းမှုအများအပြားပါဝင်နေသဖြင့် ပထမဆုံးမဲပေးမည့် လူငယ်အများစု မဲစာရင်းမှ ကျန်ရစ်ခဲ့မည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက စိုးရိမ်ခဲ့သည့်အတိုင်း မေးမြန်းခဲ့သူလူငယ် (၅၅) ရာခိုင်နှုန်းကျော်ကသာ မဲစာရင်းတွင် ပါဝင်သည်ဟု အတည်ပြုဖြေကြားနိုင်ခဲ့သည်။

> "မှတ်ပုံတင်လည်း ရှိတယ်။ အိမ်ထောင်စုစာရင်းလည်း ရှိတယ်။ မဲစာရင်းကို (ကိုယ်တိုင်တော့) သွားမကြည့်ဘူး။ အိမ်ကအမေ သွားကြည့်တယ်။ မဲစာရင်းမှာ ကျွန်မနာမည်ပါ,ပါတယ်" ဟု ရေဖြူမြို့နယ် ဖားချောင်းကျေးရွာမှ အသက် (၁၈) နှစ်အရွယ် မိန်းကလေးတစ်ဦးက ပြောပါသည်။

မဲစာရင်းတွင် မပါဝင်သူနှင့် မှားယွင်းသူ လူငယ်မဲဆန္ဒရှင်များက ပြန်လည်ပြင်ဆင်လျှောက်ထားရာတွင် လွယ်ကူသည်ဟု ပြောဆိုကြသည်။

---

71 မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း စစ်တမ်းကောက်ယူချိန်တွင် မဲဆွယ်စည်းရုံးရေးကာလ မသတ်မှတ်ရသေးသည့်အပြင် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးအဖွဲ့အစည်းများ စတင်လှုပ်ရှားခြင်း မရှိသေးသည့်အတွက် ထိုသို့ဖြစ်နေသည်ဟု ယူဆနိုင်သည်။




"မဲစာရင်းသွားကြည့်တယ်။ နာမည် မပါဘူး။ အစကတော့ မဲမထည့်တော့ဘူး ဆုံးဖြတ်ထားတာ အုပ်ချုပ်ရေးမှူးက မဲမထည့်ရင် ကိုယ့်---လူမျိုးအတွက် မဲတစ်ပြားလျော့သွားမယ်ဆိုလို့ ညီမက ပြန်လျှောက်လိုက်တာပါ။ လျှောက်တာတော့ ဘာအခက်အခဲမှ မရှိပါဘူး" ဟု သံဖြူဇရပ်မြို့နယ် ရသေ့တောင်ကျေးရွာမှ အသက် (၂၄) နှစ်အရွယ် မိန်းကလေးတစ်ဦးက ပြောပါသည်။

သို့သော် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်း တက်ရောက်ဖူးသူဦးရေသည် (၂၀) ရာခိုင်နှုန်းပင် မပြည့်ဘဲ မေးမြန်းခဲ့သူအားလုံး၏ ထက်ဝက်ကျော်ကလည်း ပယ်မဲမဖြစ်အောင် မည်ကဲ့သို့မဲပေးရ မည်ကို မသိဟု ဖြေကြားခဲ့သည်။

မုဒုံမြို့နယ် ဒိုးမားကျေးရွာမှ အသက် (၂၃) နှစ်အရွယ် မိန်းကလေးတစ်ဦးက "သင်တန်း မတက်ဘူးဘူး။ သင်တန်းပေးတာတော့ ကြားဖူးတယ်။ (ဒါပေမဲ့) မတက်ဘူးဘူး" ဟု ပြောသည်။

ပထမဆုံးမဲပေးရမည့်အပြင် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းများကိုလည်း တက်ရောက်ဖူးခြင်း မရှိသဖြင့် မည်ကဲ့သို့ မဲပေးရမည်ကို သိရှိထားခြင်း မရှိချေ။[72]

"မဲပေးပုံနည်းစနစ်ကို မသိဘူး။ တစ်ခါမှ မထည့်ဘူးတော့" ဟု ကျိုက်မရောမြို့နယ် ကွမ်းငန်ကျေးရွာမှ အသက် (၁၈) နှစ်အရွယ် မိန်းကလေးတစ်ဦးက ပြောပါသည်။

72 မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း စစ်တမ်းကောက်ယူချိန်တွင် မဲဆွယ်စည်းရုံးရေးကာလ မသတ်မှတ်ရသေးသည့်အပြင် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးအဖွဲ့အစည်းများ စတင်လှုပ်ရှားခြင်း မရှိသေးသည့်အတွက် ထိုသို့ဖြစ်နေသည်ဟု ယူဆနိုင်သည်။



မုဒုံမြို့နယ် ဒိုးမားကျေးရွာမှ အသက် (၂၃) နှစ်အရွယ် မိန်းကလေးတစ်ဦးကလည်း "ပယ်မဲမဖြစ်အောင် ဘယ်လိုထည့်ရမယ်ဆိုတာကို မသိဘူး။ မဲဘယ်နှကြိမ် ပေးရမယ်ဆိုတာကိုလည်း တိတိကျကျ မသိဘူး" ဟု ပြောပါသည်။

> သံဖြူဇရပ်မြို့နယ် ရသေ့တောင်ကျေးရွာမှ အသက် (၂၅) နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦးက "မဲမထည့်ဘူးတော့ ပယ်မဲမဖြစ်အောင် ဘယ်လိုပေးရမလဲဆိုတာ မသိဘူး။ ဘယ်နှကြိမ် ပေးရမလဲ သေချာမသိပေမယ့် လူကြီးတွေပြောနေကြတာတော့ (၃) ကြိမ် ထည့်ရမယ်လို့ ကြားဖူးတယ်" ဟု ပြောပြပါသည်။

ရွေးကောက်ပွဲတွင် ပြည်သူလူထုပါဝင်မှု ကျဆင်းနေချိန်တွင် ပထမဆုံးမဲပေးမည့်လူငယ်များကလည်း မဲပေးပုံနည်းစနစ်ကို သေချာမသိရှိခြင်းတို့ကြောင့် ၎င်းတို့၏ဆန္ဒမဲများက ပယ်မဲဖြစ်သွားမည်ဆိုပါက ရွေးကောက်ပွဲအပေါ် လူငယ်များ၏ယုံကြည်မှု ပိုမိုကျဆင်းလာမည် ဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးပုံ နည်းစနစ်ကို စောလျင်စွာ ထုတ်ပြန်ကြေညာသင့်ပြီး [73] ပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်

73 ၂၀၂၀ ရွေးကောက်ပွဲတွင် မဲပေးရမည့်ပုံစံကို ရွေးကောက်ပွဲကျင်းပရန် (၂၅) အလို စက်တင်ဘာလ (၁၁) ရက်နေ့မှသာ ထုတ်ပြန်ကြေညာခဲ့သည်။

ဆောင်သင့်သည့်အပြင် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့်လည်း ရွေးကောက်ပွဲဆိုင်ရာ အမြင်ဖွင့် သင်တန်းများ ပေးအပ်ရာတွင် ပထမဆုံးမဲပေးမည့်လူငယ်များကို ပစ်မှတ်ထားလုပ်ဆောင်သင့်သည်ဟု အကြံပြုပါသည်။

## ဃ) COVID-19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန်မှု

ယခုနှစ်ရွေးကောက်ပွဲတွင်မှ ထူးထူးခြားခြား ကြုံတွေ့ရသည့် ကမ္ဘာ့ကပ်ရောဂါ COVID-19 နှင့်ပတ်သက်၍မူ လူငယ်များက ထူးထူးခြားခြား တုံ့ပြန်ခြင်း မရှိချေ။ မေးမြန်းခဲ့သည့် လူငယ်များအများစုက COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်တားမြစ်ချက်များ ရှိနေသော်လည်း လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသွားကြမည်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။[74]

> "ရောဂါကတော့ ရောဂါပဲ။ မဲပေးတဲ့အချိန်ရောက်ရင်တော့ မဲသွားပေးပါ့မယ်" ဟု သံဖြူဇရပ်မြို့နယ် ရသေ့တောင်ကျေးရွာမှ အသက် (၂၄) နှစ်အရွယ် မိန်းကလေးတစ်ဦးက ပြောပါသည်.

မုဒုံမြို့နယ် ဒိုမားကျေးရွာမှ အသက် (၂၃) နှစ်အရွယ် မိန်းကလေးတစ်ဦးက "ကိုဗစ်ကိုတော့ ကြောက်



74 မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း စစ်တမ်းကောက်ယူချိန်တွင် မွန်ပြည်နယ်၌ ပြည်တွင်းကူးစက်မှု မရှိသလောက်နည်းပါးနေသည့်အချိန် ဖြစ်သည်။

တော့ကြောက်တယ်။ .... မဲရုံဝန်ထမ်းတွေက လက်ဆေးရမယ်၊ mask တပ်ရမယ်ပြောရင် လုပ်ပေး (လိုက်နာ) ပြီးတော့ မဲပေးသွားမယ်။ မဲရုံစည်းကမ်းချက်အတိုင်း လုပ်ဆောင်သွားမယ်" ဟု ပြောပါသည်။

ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ ပြည်တွင်းကူးစက်မှုအရေအတွက်သည်လည်း မြင့်တက်လာသည်ဖြစ်ရာ ရွေးကောက်ပွဲကော်မရှင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူများ မဲပေးရာမှတဆင့် ရောဂါကူးစက်ပြန့်ပွားခြင်း မရှိစေရန် တိကျပြီး လက်တွေ့ဆန်သော စည်းမျဉ်းစည်းကမ်းများကို သေချာချမှတ်ညွှန်ကြားရမည့်အပြင် လိုအပ်သော ရောဂါကာကွယ်ရေးပစ္စည်းများကိုလည်း အလုံအလောက်ထောက်ပံ့သင့်သည်။

## င) ရွေးကောက်ပွဲဆိုင်ရာ မျှော်လင့်ချက်များ

ရွေးကောက်ပွဲတွင် လူငယ်များပါဝင်မှု နည်းပါးနေခြင်းသည် "၎င်းတို့၏ မဲပြားတစ်ပြားက အပြောင်းအလဲကို ဖော်ဆောင်နိုင်မည်မဟုတ်" ဟု ထင်မြင်ယူဆနေသောကြောင့်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး ဖြစ်သည်။

ပထမဆုံးမဲပေးမည့် လူငယ်များ၏ ရွေးကောက်ပွဲဆိုင်ရာ မျှော်လင့်ချက်ကိုလည်း မွန်ပြည်လူ့အခွင့်အ



ရေးဖောင်ဒေးရှင်းက မေးမြန်းခဲ့သည်။

> "၂၀၂၀ ရွေးကောက်ပွဲမှာတော့ မဲသွားပေးမယ်။ ခေါင်းဆောင်ကောင်းကို လိုချင်လို့" ဟု ရေဖြူမြို့နယ်မှ အသက် (၁၈) နှစ် မိန်းကလေးတစ်ဦးက ပြောပါသည်။

ရေဖြူမြို့နယ် ဖားချောင်းအင်းကျေးရွာမှ အသက် (၂၁) နှစ်အရွယ် မိန်းကလေးတစ်ဦးကလည်း "ကိုယ့်နိုင်ငံ အေးချမ်းအဆင်ပြေဖို့အတွက် မဲသွားပေးမယ်" ဟု ဖြေကြားခဲ့သည်။

> "မွန်လူမျိုးဖြစ်တဲ့အတွက် မွန်လူမျိုးကိုယ်စားလှယ်လောင်းတွေ မဲများများရရှိဖို့ မဲသွားထည့်မယ်။ မွန်အမတ်ဆိုတော့ ကိုယ့်လူမျိုးအတွက် အလုပ်လုပ်ပေးမယ်လို့တော့ ယုံကြည်ထားတယ်" ဟု မုဒုံမြို့နယ် ထုံမံကျေးရွာမှ အသက် (၂၁) နှစ်အရွယ် မိန်းကလေးတစ်ဦးက ပြောပါသည်။

မုဒုံမြို့နယ် ဒိုးမားကျေးရွာမှ အသက် (၂၃) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးက "၂၀၂၀ ရွေးကောက်ပွဲမှာ မဲသွားပေးမယ်။ မွန်ကိုယ်စားလှယ်တွေ နိုင်ရင် ကိုယ်ရဲ့ကံတရားကို ကိုယ်ပဲ ဆုံးဖြတ်ပိုင်ခွင့်ရှိ(မယ်ထင်တယ်)။ ပြီးခဲ့တဲ့ အမတ်တွေက ဒေသခံတွေနဲ့ ထိတွေ့မှု အားနည်းနေတာကို တွေ့ရတယ်" ဟု ပြောပါသည်။

> "၂၀၂၀ ရွေးကောက်ပွဲကျရင် မဲပေးမယ်။ ကိုယ့်မဲတစ်ပြားကြောင့် ကိုယ့်ရပ်ရွာမှာ ကောင်းစားရင် ကိုယ့်အတွက်လည်း ကောင်းတာပေါ့" ဟု သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာမှ အသက် (၂၂) နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦးက ပြောပါသည်။

လူငယ်များ၏ ဖြေကြားချက်များကို ကြည့်ခြင်းအားဖြင့် ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲမှတဆင့် ကောင်းမွန်သော အစိုးရ၊ ရပ်ရွာငြိမ်းချမ်းရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရရှိလာနိုင်မည်ဟု မျှော်လင့်ထားကြကြောင်း အကြမ်းဖျဉ်းသုံးသပ်နိုင်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ရွေးကောက်ပွဲမှ ဖယ်ကြဉ်ခံရနိုင်ဖွယ်ရှိသည့် လူဦးရေအုပ်စုတွင် ပထမဆုံးမဲပေးမည့်လူငယ်များ ပါဝင်နေသည်ကို ရွေးကောက်ပွဲဖြစ်စဉ်နှင့်ပတ်သက်သည့် အင်အားစုများအားလုံး သတိမူရမည့်အပြင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့်လည်း လူငယ်အသိုင်းအဝိုင်း၏ ရွေးကောက်ပွဲအပေါ်ထားရှိသည့် မျှော်လင့်ချက်များကို အာရုံစိုက်အလေးထားသင့်သည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထင်မြင်ယူဆပါသည်။



# အခန်း (၇) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများလက်အောက်ရှိ ဒေသခံပြည်သူများ၏ အခက်အခဲများ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၂၀ ရွေးကောက်ပွဲအတွက် စစ်တမ်းကောက်ခံရန် ရွေးချယ်ခဲ့သည့် မြို့နယ် (၆) မြို့နယ်အနက် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး၊ မွန်ပြည်နယ် ရေးနှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်များတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသများတည်ရှိနေပြီး အဆိုပါဒေသများတွင် နေထိုင်နေကြသည့် မဲပေးပိုင်ခွင့်ရှိသူပြည်သူများ အများအပြားပင်ရှိနေသည်။

သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA – Nationwide Ceasefire Agreement) ကို လက်မှတ်ရေးထိုးထားသည့်အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ) ကိုလည်း ပါဝင်တက်ရောက်နေခြင်းကြောင့် ၎င်းပြည်သူများသည်လည်း ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်သင့်သည်ဟု ထင်မြင်ယူဆ

သဖြင့် ၎င်းတို့၏ မဲပေးပိုင်ခွင့်နှင့်ပတ်သက်သော အခြေအနေများကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက လေ့လာခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသရှိ ပြည်သူများ၏ ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲအတားအဆီးများသည် အစိုးရထိန်းချုပ်ရာဒေသရှိ ပြည်သူများ၏ အခက်အခဲများနှင့် ကွဲပြားနေသည်။

"ကျွန်တော်တို့ဒေသက မွန်ပြည်သစ်ပါတီလက်အောက်မှာရှိတော့ ပါတီရဲ့ အဆုံးအဖြတ်အတိုင်းပဲပေါ့။ သူတို့က မဲထည့်ရမယ်ပြောရင် ရွာသားတွေက မဲသွားထည့်မယ်ပေါ့။ သူတို့က မဲမထည့်နဲ့ဆို ရွာသားတွေက မထည့်ရဲဘူးပေါ့။ ဒီတစ်ခေါက်တော့ ဘာမှပြောသံမကြား သေးဘူး။ ကျွန်တော့်ဆန္ဒကတော့ ကျွန်တော်တို့ရွာသားအားလုံးကိုမဲပေးစေချင်တယ်" ဟု ထားဝယ်ခရိုင် မွန်ပြည်သစ်ပါတီလက်အောက်ရှိ ကျေးရွာတစ်ရွာမှ အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောပါသည်။[75]



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသရှိ ပြည်သူများ မဲပေးပိုင်ခွင့်ရရှိရန်အတွက် ဒေသခံလူမှုအဖွဲ့အစည်းများက ကြိုးစားလျက်ရှိသည်။

"ရေးချောင်းဖျားဒေသကလူတွေ မဲပေးနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ဒီတစ်ကြိမ်တော့ မဲပေးခွင့်ရမယ်လို့ ထင်ပါတယ်။ ဒါပေမယ့် (ရွေးကောက်ပွဲနဲ့ဆိုင်တဲ့) ပညာပေးလုပ်ငန်းတွေ မဲပေးပုံပေးနည်းသင်တန်းတွေ ဘာမှမရှိသေးဘူး။ အဲတော့ (မဲပေးခွင့်ရခဲ့ရင်တောင်) ပယ်မဲတွေ များမယ်လို့ ထင်ပါတယ်" ဟု ရေးမြို့ဒေသခံတစ်ဦးဖြစ်သူ နိုင်လွန်က ပြောပါ သည်။[76]

အဆိုပါဒေသရှိပြည်သူများ မဲပေးပိုင်ခွင့် ရရှိရန် ကြိုးပမ်းရာတွင် လိုအပ်ချက်များနှင့် အခက်အခဲ စိန်ခေါ်မှုများ အများအပြားပင် ရှိနေသည်။

75 Tavoy District residents worry about losing voting right – August 22, 2020 – HURFOM

76 First time voters worry about how to ensure their vote counts in the General Election – July 10, 2020 – HURFOM

"မဲစာရင်းကောက်ဖို့ကအစ ကျွန်တော်တို့ အားလုံး စီစဉ်ထားပြီးပြီ။ မွန်ပြည်သစ်ပါတီနဲ့လည်း လုံခြုံရေးကိစ္စတွေ ပြောထားပြီးပြီ။ ဒါပေမယ့် ရွေးကောက်ပွဲကော်မရှင်(အဖွဲ့ခွဲ)နဲ့ အစိုးရအာဏာပိုင်တွေကတော့ ဘာမှ(ပါဝင်ကူညီ)လှုပ်ရှားတာ မရှိဘူး" ဟု ရေးချောင်းဖျားဒေသ မဲပေးခွင့်ရရေး ကူညီဆောင်ရွက်ပေးသူ မွန်ညီညွတ်ရေးပါတီမှ နိုင်မောင်ငြိမ်းက ပြောပါသည်။[77]

အလားတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသရှိ ပြည်သူများ မဲပေးခွင့်ရရေးအတွက် ကူညီလှုပ်ရှားနေသူ ရေးမြို့ခံတစ်ဦးဖြစ်သူ နိုင်လွန်က "ဒေသခံတွေ မဲပေးခွင့်ရဖို့ ဘယ်သူ့မှာတာဝန်ရှိတယ်ဆိုတာ မပြောတတ်တော့ဘူး။ အစိုးရလား၊ မွန်ပြည်သစ်ပါတီလား၊ မွန်ညီညွတ်ရေးပါတီလား မသိတော့ဘူးဗျာ။ ဒီအတိုင်းဆို တာဝန်ယူ(လုပ်ပေးမယ့်သူ )ဘယ်သူလဲဆိုတာ လည်း မပြောတတ်ဘူး" ဟု ပြောပါသည်။[78]

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် ကနဦးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသများသို့ ကွင်းဆင်းလေ့လာခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် ဒေသခံပြည်သူလူထုများနှင့် တိုက်ရိုက်တွေ့ဆုံမေးမြန်းရန် စီစဉ်ထားသော်လည်း မွန်ပြည်နယ်တွင် COVID-19 ရောဂါဆိုင်ရာ ဒေသတွင်းကူးစက်မှု မြင့်မားလာခြင်းနှင့် အသွားအလာထိန်းချုပ်ကန့်သတ်မှု တင်းကြပ်လာခြင်းတို့ကြောင့် တချို့တွေ့ဆုံမေးမြန်းမှုကိုသာ လှုပ်ရှားဆောင်ရွက်နိုင်ခဲ့သည်။

အကူအညီတောင်းခံထားသည့် အကြံပေးပုဂ္ဂိုလ် (၃) ဦးနှင့် လေ့ကျင့်သင်ကြားပေးထားသည့် စေတနာ့ဝန်ထမ်း ဒေသခံလူငယ် (၆) ဦးတို့မှတဆင့်သာ ဒေသခံပြည်သူများ၏ အသံကို နားထောင်ခွင့်ရခဲ့သည်။



77 Voter registration campaign in Ye Chaung Phyar Region suspended – July 23, 2020 – HURFOM

78 Thousands of Ye Chaung Phya residents excluded from voter list – August 8, 2020 – HURFOM

# ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ မွန်ပြည်သစ်ပါတီထိန်းချုပ်ရာဒေသများမှ ဒေသခံပြည်သူတို့၏ ရွေးကောက်ပွဲဆိုင်ရာ အခြေအနေများ

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) နှင့် (၂) တို့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာ ကျေးရွာအုပ်စု (၉) စု ရှိပြီး ကျေးရွာ (၃၆) ရွာ ရှိသည်။ အိမ်ခြေစုစုပေါင်း (၉,၀၀၀) ခန့် ရှိကာ အိမ်ထောင်စု (၁၉,၀၀၀) နီးပါး နေထိုင်ကြသည်။ ခန့်မှန်းခြေအားဖြင့် လူဦးရေ (၄၀,၀၀၀) ကျော် ရှိသည်။

အဆိုပါဒေသခံပြည်သူများသည် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးနိုင်ခဲ့ခြင်း မရှိသကဲ့သို့ ၂၀၁၅ ရွေးကောက်ပွဲတွင်လည်း ရွှေတောင်ဗိုလ်ကျေးရွာအုပ်စုမှ ကျေးရွာ သုံးလေးရွာခန့်သာ ဆန္ဒမဲပေးခဲ့ရ သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသဖြစ်သဖြင့် နိုင်ငံတော်အစိုးရက "အမဲရောင်နယ်မြေ" အဖြစ် သတ်မှတ်ထားခြင်း၊ ရပ်ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲစာရင်းကို အားသွန်ခွန်စိုက် ကောက်ခံမှု မပြုလုပ်ခြင်းနှင့် ဒေသခံပြည်သူများကိုယ်တိုင် ရွေးကောက်ပွဲအပေါ် ယုံကြည်မှု မရှိခြင်းတို့ကြောင့် ရွေးကောက်ပွဲမှ ဖယ်ကြဉ်ခံခဲ့ရသည်။

> "ဘယ်သူတက်တက် ရာဘာအစေးခြစ်တဲ့သူက အစေးခြစ်နေရမှာပဲဆိုပြီး သူတို့က အဲလိုမျိုး သဘောထားနေတော့ ရွေးကောက်ပွဲမှာ ပါဝင်ဖို့ကို စိတ်မဝင်စားကြဘူး" ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကြာအင်းဆိပ်ကြီးမြို့နယ် အကြံပေးပုဂ္ဂိုလ်ဖြစ်သူ နိုင်အောင်မွန်က ပြောပါသည်။

၎င်းပြင် လူနည်းစုဖြစ်သည့်အတွက် ၎င်းတို့ရွေးချယ်သော ကိုယ်စားလှယ်လောင်းက ရွေးကောက်ပွဲအောင်နိုင်ရန် အလားအလာနည်းပါးနေသဖြင့်လည်း ရွေးကောက်ပွဲတွင် စိတ်ဝင်စားမှုနည်းပါးနေသည်ဟု သိရသည်။



သို့သော် မွန်နိုင်ငံရေးပါတီ (၂) ပါတီ ပေါင်းစည်းခြင်းနှင့်အတူ ဒေသခံလူငယ်များ၏ စည်းရုံးတိုက်တွန်းခြင်းကြောင့် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးရန် ဒေသခံပြည်သူ (၇၀) ရာခိုင်နှုန်းနီးပါးက ကြိုးစားလာကြသည်ဟု ဆိုသည်။

## က) မဲစာရင်းကောက်ခံခြင်း

ဒေသခံအာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် မွန်ပြည်သစ်ပါတီက မဲစာရင်းကောက်ခံခြင်းအပါအဝင် ရွေးကောက်ပွဲဆိုင်ရာလုပ်ရှားမှုများကို ကိုယ်တိုင်ကိုယ်ကျ အားပေးကူညီခြင်းမရှိသော်လည်း တားဆီးပိတ်ပင်မှု တစ်စုံတရာ မပြုလုပ်ခဲ့ချေ။

မဲစာရင်းကောက်ခံရန်အတွက် ရပ်ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များက မွန်ပြည်သစ်ပါတီနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး မဲစာရင်းကို ဒေသခံတက်ကြွလှုပ်ရှားသူများက ရပ်ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပူးပေါင်းကာ ကောက်ခံပြုစုခဲ့သည်။

> "ဆိတ်ကလေးကျေးရွာအုပ်စုမှာ ကျေးရွာ (၁၆) ရွာ ရှိပါတယ်။ အဲမှာ မဲပေးပိုင်ခွင့်ရှိသူ (၂၂,၀၀၀) လောက် ရှိပါတယ်။ ပထမအကြိမ်မဲစာရင်းမှာ (၁၈,၀၀၀) ကျော်လောက် ပါလာတယ်။ ကျန်တဲ့ (၃,၀၀၀) ကျော်ကို ပုံစံ (၃) နဲ့ ပြန်လျှောက်ထားပါတယ်" ဟု ဒေသခံများ မဲစာရင်းတွင် ပါဝင်လာရေး ကူညီဆောင်ရွက်ပေးနေသူ နိုင်အောင်မွန်က ပြောပါသည်။

၎င်းပြင် မဲစာရင်းကို သက်ဆိုင်ရာကျေးရွာအလိုက် ကပ်ထားကြေညာနိုင်ခြင်း မရှိသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် မဲစာရင်းကြည့်ရှုစစ်ဆေးနိုင်ရန် အခက်အခဲများလည်း ရှိနေကြောင်း သိရသည်။

## ခ) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးခြင်း

> "ဒီနယ်မြေဘက်မှာ ဒေသခံတွေက ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး သတင်းရတာက အားနည်းနေပါတယ်။ နောက်ပြီး ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ ဗဟုသုတဘက်လည်း တော်တော်အားနည်းနေတယ်။ ပထမဦးဆုံးမဲပေးရမှာမို့လည်း ပါတာပေါ့" ဟု ကြာအင်းဆိပ်ကြီးမြို့နယ်မှ အသက် (၅၄) နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းထိန်းချုပ်ဒေသအတွင်းရှိ ပထမဆုံးမဲပေးမည့် ဒေသခံပြည်သူများအတွက် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းများကို ပို့ချပေးရန် အရပ်ဘက်အဖွဲ့အစည်းများက စီစဉ်ထားသော်လည်း COVID-19 ကူးစက်ရောဂါဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများကြောင့် အဆိုပါသင်တန်းများကို စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်နိုင်ခြင်း မရှိချေ။

အရပ်ဘက်အဖွဲ့အစည်းများက ဒေသခံလူငယ်များကို အွန်လိုင်းမှတဆင့် ဆင့်ပွားသင်တန်းများ ပို့ချပြီး ၎င်းတို့အား သင်ထောက်ကူပစ္စည်းကိရိယာများ ထောက်ပံ့ကာ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းများကို ကိုယ်စားပို့ချစေမည်ဖြစ်သည်။



"ဒီဘက်ကလူတွေက မဲထည့်ရတဲ့ပုံစံကို နားမလည်ကြဘူး။ တစ်ချို့ဆို တစ်အိမ်တစ်ယောက် သွားရင် ရပြီလို့ထင်နေတာလည်း ရှိတယ်။ ကျွန်တော်တို့လည်း လိုက်ရှင်းပြနေတာပါပဲ။ ဒါပေမယ့် အတော်များများက မသိကြဘူး။ အခက်ဆုံးက မဲပေးပုံပေးနည်း မသိကြတာပါပဲ" ဟု ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ချမ်းမွန်က ပြောပါသည်။[79]

ဒေသခံများ ဆန္ဒမဲပေးရခြင်း၏တန်ဖိုးကို နားလည်လာစေရန်နှင့် မဲပေးပုံပေးနည်း မှန်ကန်စေရန်အတွက် နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများက အမြင်ဖွင့်သင်တန်းများ ပေးအပ်ခြင်းနှင့် တိုက်တွန်းနှိုးဆော်ခြင်းများ ပြုလုပ်ပေးရန် အထူးလိုအပ်နေသည်။

"ဒီဘက်ခြမ်းမှာ အဖွဲ့အစည်းတွေ သင်တန်းလာပေးတာမျိုးတော့ မရှိဘူး။ ကျွန်တော်အနေနဲ့လည်း ရွေးကောက်ပွဲသင်တန်းတွေ ဆွေးနွေးပွဲတွေ မတက်ဘူးဘူး။ အရပ်ဘက်အဖွဲ့အစည်းပဲဖြစ်ဖြစ် နိုင်ငံရေးပါတီပဲဖြစ်ဖြစ် ကျွန်တော်တို့နယ်မြေဘက်ခြမ်းကို ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး သင်တန်းလာပေးရင် ပိုကောင်းမယ်" ဟု ကြာအင်းဆိပ်ကြီးမြို့နယ်မှ အသက် (၄၀) နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောပါသည်။

## ဂ) ဆန္ဒမဲပေးခြင်းဆိုင်ရာ အခက်အခဲများ

ရွေးကောက်ပွဲ နှစ်ကြိမ်ဆက် ဖယ်ကြဉ်ခံထားရခြင်းသည် ဒေသခံပြည်သူများ ရွေးကောက်ပွဲတွင် လာရောက်ဆန္ဒမဲရန် တိုက်တွန်းစည်းရုံးရာတွင် ကြုံတွေ့နေရသည့် အဓိကအခက်အခဲတစ်ခု ဖြစ်နေသည်။

79 Candidate says Kyarinnseikyi voter education urgently needed for new voters – September 7, 2020 - HURFOM



"ကြာအင်းဆိပ်ကြီးဘက်က လူတွေက ခုမှပထမဆုံးအကြိမ် မဲပေးခွင့်ရတယ်ဆိုတော့ မဲလာမပေးမှာ စိုးရိမ်နေရတယ်" ဟု ကြာအင်းဆိပ်ကြီးမြို့နယ် မွန်ညီညွတ်ရေးပါတီ အတွင်းရေးမှူးနိုင်သိန်းဇော်က ပြောပါသည်။[80]

ရွေးကောက်ပွဲကော်မရှင်က ကျေးရွာ (၃) ရွာလျှင် မဲရုံ (၁) ရုံနှုန်းထားရှိရန် စီစဉ်ထားသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး သွားလာရမလွယ်ကူသည့် ကျေးရွာများအတွက် အဆိုပါအရေအတွက်သည် လုံလောက်မှု မရှိချေ။

> "ဆိပ်ကလေးအုပ်စုမှာ ကျေးရွာ (၁၈) ရွာ ရှိတယ်။ (၃) ရွာမှာ မဲရုံ (၁) ရုံထားမယ်ဆိုတော့ (၁၈) ရွာဆို မဲရုံ (၆) ရုံ ရှိပါတယ်။ တစ်ချို့ရွာတွေမှာဆို မဲရုံသွားဖို့က (၅) မိုင်အထိ အလှမ်းဝေးတဲ့ရွာတွေ ရှိနေပါတယ်" ဟု ကြာအင်းဆိပ်ကြီးမြို့နယ်မှ ဒေသခံတစ်ဦးက ပြောပါသည်။

မွန်ပြည်သစ်ပါတီထိန်းချုပ်ရာအချို့ကျေးရွာများတွင် မဲရုံများကို မွန်အမျိုးသားစာသင်ကျောင်းများတွင်ထားရှိရန်စီစဉ်ထားသော်လည်း အစိုးရထိန်းချုပ်ရာဒေသများရှိ မဲရုံများသို့ ဆန္ဒမဲသွားရောက်ပေးရမည့် ဒေသခံများအတွက် သွားလာရေးအခက်အခဲများ ရှိနေသည်။

ဥပမာအားဖြင့် ရွှေတောင်ဖိုလ်ကျေးရွာအုပ်စုမှ မဲဆန္ဒရှင်များသည် ကတို့ဆိပ်ကျေးရွာရှိ မဲရုံတွင် သွားရောက်မဲထည့်ရမည်ဖြစ်သောကြောင့် (၃) မိုင်ခန့် ကွာဝေးသည့်လမ်းခရီးကို သွားလာရန် မလွယ်ကူချေ။

> "မဲရုံနဲ့ဝေးနေတဲ့အခြေအနေတွေက အတော်များတယ်။ ဥပမာ ကျောက်ဘီလူးကျေးရွာအုပ်စုဝင် ခလောက်ခနီ၊ ဘလဲ့ဒွန်ဖိုက် စတဲ့ ဒုက္ခသည်စခန်းက ရွာသားတွေဆို ဒီကျောက်ဘီလူးမဲရုံကို လာရမယ်။ ဆိုင်ကယ်ငှားရင် ဘတ် (၅၀၀) လောက် ကျနိုင်တယ်။ မွန်ပါတီက စီစဉ်ပေးတယ်ဆိုရင်လည်း တခြားပါတီက တိုင်ချင်တိုင်ဦးမယ်။ ငွေပေးပြီး မဲထည့်ခိုင်းတယ် ဘာညာ ဖြစ်နေဦးမယ်။ ဒါတောင် ပြောင်မထိမ်ကျေးရွာအုပ်စုဝင်တွေ ရှိသေးတယ်။ ထိဆုံ၊ ကျွန်းချောင်း၊ အနန်းကွင်း၊ ကိုးမား၊ လွတ်ရှမ်း အတော်များများက သွားရေးလာရေးပြဿနာတွေ

80 Candidate says Kyarinnseikyi voter education urgently needed for new voters – September 7, 2020 - HURFOM

အများကြီးရှိနေတဲ့အတွက် မဲလာထည့်မယ့်သူတွေ နည်းဦးမယ်လို့ ထင်တယ်။ ဘုရားသုံးဆူမြို့ပေါ်ရပ်ကွက်လောက်တော့ လာထည့်ကြမှာပေါ့။ တဒိမ်ကျေးရွာတောင် မနည်းခက်နေပါဦးမယ်။ အခုလို ကိုဗစ်ကာလနဲ့ဆိုတော့ လူတွေက မသွားမလာချင်ကြတာ အမှန်ပါပဲ" ဟု ဘုရားသုံးဆူမြို့နယ်ခွဲ တဒိမ်ကျေးရွာသား အသက် (၄၅) နှစ်အရွယ် အမျိုးသားတစ်ဦးက စက်တင်ဘာလ (၈) ရက်နေ့တွင် ပြောသည်။

မဲရုံဝန်ထမ်းများအဖြစ် ဒေသခံကျောင်းဆရာဆရာမများက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းထိန်းချုပ်ဒေသဖြစ်သောကြောင့် ပြည်သူ့ရဲတပ်ဖွဲ့မရှိသဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်က လေ့ကျင့်သင်ကြားပေးထားသည့် ဒေသခံလူငယ်များက အရန်ရဲတပ်ဖွဲ့ဝင်အများအဖြစ် မဲရုံလုံခြုံရေးကို တာဝန်ယူသွားမည်ဟု သိရသည်။ ဒေသခံပြည်သူများကြုံတွေ့နေရသည့် မဲပေးခြင်းဆိုင်ရာ နောက်ထပ်အခက်အခဲတစ်ခုမှာ စနစ်တကျ မဲမပေးတတ်ခြင်း ဖြစ်သည်။ ရွေးကောက်ပွဲအတွေ့အကြုံမရှိခြင်းကြောင့် ဒေသခံပြည်သူများ၏ ဆန္ဒမဲ များသည် ပယ်မဲဖြစ်ရန် အလားအလာများနေသည်။

"မဲလာပေးရင်လည်း ပယ်မဲဖြစ်သွားမှာ စိတ်ပူရပြန်တယ်" ဟု ကြာအင်းဆိပ်ကြီးမြို့နယ် မွန်ညီညွတ်ရေးပါတီ အတွင်းရေးမှူး နိုင်သိန်းဇော်က ပြောပါသည်။[81]

ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရရှိသည့် ရွှေတောင်ဗိုလ်ကျေးရွာအုပ်စုတွင် မဲဆန္ဒရှင် (၄,၀၀၀) ခန့် လာရောက်မဲပေးခဲ့ရာတွင် ဆန္ဒမဲ (၁,၀၀၀) ကျော်သည် ပယ်မဲဖြစ်ခဲ့သည်ဟု ဆိုသည်။ ရာခိုင်နှုန်းအားဖြင့် ဆန္ဒမဲ (၂၅) ရာခိုင်နှုန်းသည် ပယ်မဲဖြစ်ခဲ့ခြင်းဖြစ်သည်။



81 Candidate says Kyarinnseikyi voter education urgently needed for new voters – September 7, 2020 - HURFOM



## ရေးမြို့နယ်ရှိ မွန်ပြည်သစ်ပါတီထိန်းချုပ်ရာဒေသများမှ ဒေသခံပြည်သူတို့၏ ရွေးကောက်ပွဲဆိုင်ရာ အခြေအနေများ

မွန်ပြည်နယ် ရေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တွင် မွန်ပြည်သစ်ပါတီထိန်းချုပ်ရာ ကျေးရွာ (၁၉) ရွာ ရှိသည်။ အဆိုပါကျေးရွာများ တည်ရှိရာနေရာကို မွန်ပြည်သစ်ပါတီက ရေးတောင်ပိုင်းနှင့် ရေးချောင်းဖျားဒေသဟူ၍ (၂) ပိုင်း ခွဲခြားသတ်မှတ်ထားပြီး အစိုးရထိန်းချုပ်ရာ ရေးမြို့နယ် ကျုံလောင်းနှင့် ကျောင်းရွာ ကျေးရွာအုပ်စုများနှင့် နီးကပ်စွာ တည်ရှိသည်။

ဒေသခံအဖွဲ့အစည်းများ၏ စာရင်းကောက်ခံချက်အရ အဆိုပါကျေးရွာ (၁၉) ရွာတွင် မဲပေးပိုင်ခွင့်ရှိသူ (၁၄,၀၀၀) ခန့် ရှိသည်ဟု သိရသည်။

ကျေးရွာ (၁၉) ရွာအနက် မဲဆန္ဒရှင် (၁၂,၀၀၀) ခန့် နေထိုင်ကြသည့် ရေးတောင်ပိုင်းကျေးရွာ (၁၀) ရွာသည် ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခွင့်ရရှိခဲ့သော်လည်း မဲပေးပိုင်ခွင့်ရှိသူ (၂,၀၀၀) ကျော်ရှိသည့် ရေးချောင်းဖျားဒေသမှာမူ တစ်ကြိမ်တစ်ခါမှ မဲပေးပိုင်ခွင့် မရရှိခဲ့ချေ။



မွန်ပြည်သစ်ပါတီဌာနချုပ်နှင့် နီးကပ်စွာ တည်ရှိနေခြင်း၊ ၎င်းတို့ ရွေးကောက်ပွဲတွင် ပါဝင်လာနိုင်စေရန် မွန်ပြည်သစ်ပါတီ၊ နိုင်ငံတော်အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်တို့က အာရုံစိုက်လုပ်ဆောင်မှုမရှိခြင်းနှင့် ဒေသခံပြည်သူများက စားဝတ်နေရေးအတွက် အဓိကရုန်းကန်နေရသဖြင့် ရွေးကောက်ပွဲဖြစ်စဉ်အပေါ် စိတ်ပါဝင်စားနိုင်မှု အားနည်းခြင်းတို့ကြောင့် ရေးချောင်းဖျားဒေသတွင် ရွေးကောက်ပွဲမကျင်းပခဲ့သော်လည်း ၂၀၀၈ အခြေခံဥပဒေအတွက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရာတွင် အဆိုပါကျေးရွာများ အထိ မဲရုံများ ထားရှိခဲ့သည်ဟု သိရသည်။

ဒေသခံအာဏာပိုင်ဖြစ်သည့် မွန်ပြည်သစ်ပါတီက နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ကို ၂၀၁၈ ဖေဖော်ဝါရီလတွင် လက်မှတ်ရေးခဲ့ပြီး[82] ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ) တွင်လည်း ပါဝင်ဆွေးနွေးနေသည်။ ထို့ကြောင့် ၎င်းတို့ထိန်းချုပ်ရာ ရွေးကောက်ပွဲ (၂) ကြိမ်ဆက် ဖယ်ကြဉ်ခံခဲ့ရသည့် ရေးချောင်းဖျားဒေသခံများအနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင်လာနိုင်ရန်အတွက် ရေးမြို့အခြေစိုက် လူမှုအဖွဲ့အစည်းများက ကြိုးပမ်းလာခဲ့ကြသည်။

## က) မဲစာရင်းကောက်ခံခြင်း

မဲတစ်ကြိမ်တစ်ခါမျှ ပေးဖူးခြင်းမရှိသည့် ရေးချောင်းဖျားဒေသခံများ မဲပေးနိုင်ရန်အတွက် မွန်နိုင်ငံရေးပါတီဖြစ်သည့် မွန်ညီညွတ်ရေးပါတီက ဒေသခံအာဏာပိုင်ဖြစ်သည့် မွန်ပြည်သစ်ပါတီနှင့် ၂၀၂၀ ဇူလိုင်လ ပထမအပတ်တွင် အလွတ်သဘောဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။[83]

82 မွန်ပြည်သစ်နဲ့ လားဟူ အပစ်ရပ်လက်မှတ်ထိုး - ဖေဖော်ဝါရီ ၁၃၊ ၂၀၁၈ – BBC News မြန်မာ

83 Voter registration campaign in Ye Chaung Phyar Region suspended – July 23, 2020 – HURFOM



"ဖလန်းအထိပဲ (မဲ) စာရင်းကောက်ဖို့ (ရွေးကောက်ပွဲ) ကော်မရှင်ကို ကျွန်တော်တို့ ခွင့်ပြုထားတယ်။ သူတို့လည်း စာရင်းကောက်ထားပြီးပါပြီ။ ကျွန်တော်တို့ဗဟိုဌာနချုပ်နဲ့နီးတဲ့ ကျေးရွာတွေမှာကျတော့ လုံခြုံရေးအခြေအနေအရ (ကော်မရှင်ကို) ဝင်ခွင့်ပြုဖို့ မဖြစ်နိုင်ဘူး။ ဒါပေမယ့် မွန်ညီညွတ်ရေးပါတီနဲ့ အရပ်ဖက်အဖွဲ့အစည်းတွေကပဲ (မဲ)စာရင်းကောက်မယ်ဆိုရင်တော့ ကျွန်တော်တို့ပါတီက ခွင့်ပြုပါတယ်။ ဒေသခံတွေ မဲပေးပိုင်ခွင့်အခွင့်အရေးကို ကျွန်တော်တို့က တားဆီးသွားမှာ မဟုတ်ပါဘူး" မွန်ပြည်သစ်ပါတီ ပြည်တွင်းရေးရာတာဝန်ခံ နိုင်ဇညားလယ်က ပြောပါသည်။[84]

ထိုသို့ သဘောတူညီမှု ရရှိပြီးနောက် ရေးမြို့နယ်ရှိ ဒေသခံလူမှုအဖွဲ့အစည်းများက ပူးပေါင်းပြီး မဲစာရင်းကောက်ခံနိုင်ရန် ကြိုးပမ်းခဲ့သည်။ ကျေးရွာ (၁၉) ရွာအနက် (၁၀) ရွာသည် မဲပေးခွင့်ရရှိပြီးဖြစ်သဖြင့် ကျန်ရှိနေသည့် ရေးချောင်းဖျားဒေသ ကျေးရွာ (၉) ရွာသို့ (၄) ရက်ကြာ သွားရောက်ပြီး မဲစာရင်းကောက်ခံခဲ့သည်။

> "ကျွန်တော်တို့ကောက်ထားတဲ့ (မဲ)စာရင်းကို ရေးမြို့ထွေအုပ်ကို ပေးထားပြီးပြီ။ အဲစာရင်းတွေက ဒီဇူလိုင် (၂၅) မဲစာရင်းမှာ ပါလာမလား တစ်ချက်စောင့်ကြည့်ရမယ်။ ပါမလာဘူးဆိုရင်တော့ အကြောင်းရင်းကို သေချာလေ့လာပြီး ဘာဆက်လုပ်ရမလဲဆိုတာ ဆုံးဖြတ်မယ်။ အဲဒေသကလူတွေ မဲပေးခွင့်ရဖို့အတွက် ဆက်လက်ကူညီသွားမှာပါ" ဟု မဲပေးခွင့်ရရေး ကူညီဆောင်ရွက်ပေးသူ ရေးမြို့ခံ နိုင်လွန်က ပြောပါသည်။[85]

ကောက်ခံခဲ့သောစာရင်းများအရ ရေးချောင်းဖျားဒေသ ကျေးရွာ (၉) ရွာတွင် မဲပေးပိုင်ခွင့်ရှိသူ (၂,၁၅၃) ဦး ရှိသည်။ အဆိုပါစာရင်းကို ရေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခဲ့ရာ ကော်မရှင်က ပြန်လည်စိစစ်ပြီး လူဦးရေ (၂,၀၆၂) ဦးကို အတည်ပြုခဲ့သည်။ ပိုမိုပြည့်စုံမှန်ကန်သည့် မဲစာရင်းရရှိရန်အတွက် ဒေသခံအဖွဲ့အစည်းများက ဒုတိယအကြိမ် မဲစာရင်းသွားရောက်ကောက်ယူရန် စီစဉ်နေသည်။

84 Thousands of Ye Chaung Phya residents excluded from voter list – August 8, 2020 – HURFOM

85 Voter registration campaign in Ye Chaung Phyar Region suspended – July 23, 2020 – HURFOM

## ခ) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးခြင်း

ရေးချောင်းဖျားဒေသရှိ ပြည်သူလူထုများအနေဖြင့် ရွေးကောက်ပွဲတွင် တစ်ကြိမ်တစ်ခါမျှ ပါဝင်ခဲ့ဖူးခြင်း မရှိသကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းများနှင့်လည်း ထိတွေ့ဖူးခြင်း မရှိချေ။

> "ရေးချောင်းဖျားဒေသက လူတွေ မဲပေးနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ဒီတစ်ကြိမ်တော့ မဲပေးခွင့်ရမယ်လို့ ထင်ပါတယ်။ ဒါပေမယ့် (ရွေးကောက်ပွဲနဲ့ဆိုင်တဲ့) ပညာပေးလုပ်ငန်းတွေ မဲပေးပုံပေးနည်းသင်တန်းတွေ ဘာမှ မရှိသေးဘူး" ဟု ရေးမြို့ဒေသခံတစ်ဦးဖြစ်သူ နိုင်လွန်က ပြောပါသည်။[86]

၎င်းပြင် COVID-19 ရောဂါ ပြည်တွင်းကူးစက်မှုမြင့်မားခြင်းကြောင့် မွန်ပြည်သစ်ပါတီ COVID-19 ထိန်းချုပ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဗဟိုကော်မတီက ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်သူများက လွဲ၍ အခြားမည်သူ့ကိုမျှ ထိန်းချုပ်နယ်မြေအတွင်း ဝင်ရောက်သွားလာ ခွင့်မပြုကြောင်း စက်တင်ဘာ (၁၁) ရက်နေ့တွင် ကြေညာခဲ့သည်။[87]

ထိုကန့်သတ်ချက်ကြောင့် ရွေးကောက်ပွဲဆိုင်ရာ အမြင်ဖွင့်သင်တန်းများ၊ မဲပေးနည်းသင်တန်းများ ပို့ချပေးမည့် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် မူလစီစဉ်ထားသည့်အတိုင်း လှုပ်ရှားဆောင်ရွက်ရန် ခဲယဉ်းသွားခဲ့သည်။



86 First time voters worry about how to ensure their vote counts in the General Election – July 10, 2020 – HURFOM

87 COVID-19 ကာလ မွန်ပြည်သစ်ပါတီ ထိန်းချုပ်ဒေသအတွင်း ဝင်ထွက်သွားလာခွင့် ကန့်သတ်ထား (ရုပ်သံဖိုင်) - စက်တင်ဘာ ၁၆၊ ၂၀၂၀ - သံလွင်တိုင်းမ်

အသွားအလာကန့်သတ်ခြင်းအပြင် မဲဆွယ်စည်းရုံးရေးကိုလည်း ပိတ်ပင်လိုက်ခြင်းကြောင့် ရွေး ကောက်ပွဲနှင့် ထိတွေ့မှုမရှိဘူးခဲ့သည့် အဆိုပါအသိုင်းအဝိုင်းအနေဖြင့် "သာ၍ ဝေးရာဆီသို့သာ" ဖြစ်နေဦးမည် ဖြစ်သည်။

## ဂ) ဆန္ဒမဲပေးခြင်းဆိုင်ရာ အခက်အခဲများ



မဲရုံများဝေးကွာလွန်းခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်းသည် အဓိကအခက်အခဲ ဖြစ်နေသည်။

ပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် ကျောင်းရွာကျေးရွာအုပ်စု၌ မဲရုံ (၆) ရုံ ထားရှိခဲ့ပြီး ကျုံလောင်းကျေးရွာအုပ် စုတွင် မဲရုံ (၂) ရုံ ထားရှိခဲ့သည်။ သို့သော် မဲထည့်ရန်အတွက် ကုန်းတစ်တန်ရေတစ်တန်ဖြင့် နေ့ဝက်ခရီး ကို သွားလာနေရသဖြင့် မဲထည့်သူဦးရေ နည်းပါးနေသည်။

ဒေသခံအဖွဲ့အစည်းများ၏ ပြောကြားချက်အရ မဲပေးပိုင်ခွင့်ရရှိသည့် ရေးတောင်ပိုင်း ကျေးရွာ (၁၀) ရွာမှ ကျောင်းရွာကျေးရွာအုပ်စုတွင် မဲပေးရသည့်မဲဆန္ဒရှင်များ၏ (၄၈) ရာခိုင်နှုန်းခန့်သာ လာရောက်မဲပေးခဲ့ပြီး ကျုံလောင်းကျေးရွာအုပ်စုတွင် မဲပေးရသည့်ဒေသခံများကမူ အရေအတွက် ဆယ်ဂဏန်းခန့်သာ လာရောက်မဲပေးခဲ့သည်။

ရေးချောင်းဖျားဒေသမှ ဒေသခံပြည်သူများ မဲစာရင်းတွင်ပါဝင်လာပြီး မဲပေးခွင့်ရရှိမည်ဆိုပါက ဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ချဲတိုက်ကျေးရွာတွင် မဲရုံ (၁) ရုံ နှင့် ဂနီနှင့်အနီးတဝိုက်ကျေးရွာများတွင် မဲရုံ (၃) ရုံ ထပ်မံထားရှိပေးရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ကို အဆိုပြုသွားမည်ဟု ရေးချောင်းဖျားဒေသခံများ မဲပေးခွင့်ရရှိရေး ကူညီဆောင်ရွက်ပေးနေသူ ရေးမြို့မှ နိုင်လွန်က ပြောပါသည်။

အဆိုပါကျေးရွာများသည် မွန်ပြည်သစ်ပါတီထိန်းချုပ်ရာကျေးရွာများ ဖြစ်သောကြောင့် မဲရုံထားရှိမှုနှင့် ပတ်သက်ပြီး မွန်ပြည်သစ်ပါတီနှင့် သီးခြားပြောဆိုဆွေးနွေးရန် လိုအပ်နေသည်။




ရေးချောင်းဖျားဒေသခံများ မဲပေးခွင့်ရမည်ဆိုပါက ၎င်းတို့ သွားလာရေးအတွက် တစ်ခုခုစီစဉ်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ မလုပ်ဆောင်နိုင်ပါက မဲပေးခွင့်ရသော်လည်း လာရောက်မဲပေးသူအရေအတွက် နည်းပါးမည်ဖြစ်ကြောင်း သိရသည်။

အခြားစိန်ခေါ်မှုတစ်ခုမှာ မဲပေးခြင်းအတွေ့အကြုံမရှိသဖြင့် ပယ်မဲဖြစ်နိုင်ချေ မြင့်မားခြင်း ဖြစ်သည်။ မဲပေးနည်းသင်တန်းများ တက်ရောက်နိုင်ခြင်းနှင့် ပညာပေးသင်တန်းများကို လက်လှမ်းမမှီခြင်းကြောင့် စနစ်တကျမဲပေးနိုင်ရန် ခက်ခဲနေသည်။

> "အဲတော့ (မဲပေးခွင့်ရခဲ့ရင်တောင်) ပယ်မဲတွေ များမယ်လို့ ထင်ပါတယ်" ဟု ရေးမြို့ဒေသခံတစ်ဦးဖြစ်သူ နိုင်လွန်က ပြောပါသည်။



## ရေဖြူမြို့နယ်ရှိ မွန်ပြည်သစ်ပါတီ ထိန်းချုပ်ရာဒေသများမှ ဒေသခံပြည်သူတို့၏ ရွေးကောက်ပွဲဆိုင်ရာ အခြေအနေများ

တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စု ရေးထားဝယ်ကားလမ်းအရှေ့ဘက်ခြမ်းတွင် ထားဝယ်ခရိုင်မွန်ပြည်သစ်ပါတီထိန်းချုပ်ရာ ကျေးရွာ (၅) ရွာ ရှိပြီး အိမ်ခြေ (၅၄၀) ရှိပြီး လူဦးရေ (၂,၆၀၀) ခန့် ရှိသည်။ လူဦးရေ၏ (၅၀) ရာခိုင်နှုန်းသည် နိုင်ငံသားစိစစ်ရေးကဒ်ပြား ကိုင်ဆောင်ထားနိုင်ခြင်း မရှိချေ။[88]

### က) မဲစာရင်းကောက်ခံခြင်း




အဆိုပါကျေးရွာရှိ ဒေသခံပြည်သူများသည် ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲများတွင် ပါဝင်မဲပေးခဲ့ဖူးသော်လည်း ယခု ၂၀၂၀ ရွေးကောက်ပွဲတွင်မူ ပြီးခဲ့သည့်ဩဂုတ်လ (၈) ရက်နေ့အထိ မဲစာရင်းလာရောက်ကောက်ခံခြင်းမရှိသေးသဖြင့် မဲပေးပိုင်ခွင့် ဆုံးရှုံးမည်ကို ဒေသခံပြည်သူများက စိုးရိမ်နေသည်။

ပထမအကြိမ် မဲစာရင်းများကို ဇူလိုင်လ (၂၅) ရက်နေ့မှ ဩဂုတ်လ (၁၄) ရက်နေ့အထိ ကပ်ထားကြေညာထားသော်လည်း[89] အဆိုပါကျေးရွာများတွင်မူ မဲစာရင်းကပ်ထားကြေညာခြင်း မရှိချေ။

> "ဒီနေ့အထိ ကော်မရှင်က မဲစာရင်းလာမကောက်ဘူး။ ၂၀၁၅ ရွေးကောက်ပွဲတုန်းက ရွေးကောက်ပွဲမတိုင်ခင် မဲစာရင်းလာကောက်တယ်။ အခုက ဒီနေ့အထိ (မဲစာရင်းမကပ်သေးဘူးဆိုတော့) မဲမပေးရတော့ဘူးလားဆိုပြီး ရွာသားတွေက စိုးရိမ်နေကြတယ်" ဟု အဆိုပါဒေသမှ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ဩဂုတ်လ (၈) ရက်နေ့က ပြောပါသည်။[90]

88 နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေချင် - Civic Action for Free and Fair Election 2020 Project – ဇူလိုင်လ၊ ၂၀၂၀

89 မဲစာရင်း ကြည့်ရှုရက် ၇ ရက်ထပ်တိုး - ဩဂုတ် ၆၊ ၂၀၂၀ - ဧရာဝတီသတင်းဌာန

90 Tavoy District residents worry about losing voting right – August 22, 2020 – HURFOM

## ခ) ရွေးကောက်ပွဲဆိုင်ရာ ပညာပေးခြင်း

COVID-19 ပြည်တွင်းကူးစက်မှု မြင့်မားလာခြင်းကြောင့် ကျေးရွာတစ်ရွာနှင့်တစ်ရွာအကြား အသွားအလာကန့်သတ်ထိန်းချုပ်ရာသည့်အပြင် ပြီးခဲ့သည့် စက်တင်ဘာလ (၁၁) ရက်နေ့တွင် မွန်ပြည်သစ်ပါတီက အဆိုပါ (၉) ရွာ အပါအဝင် ၎င်းတို့ထိန်းချုပ်ရာ ကျေးရွာ (၃၈) တွင် မဲဆွယ်စည်းရုံးခွင့်ကို ကန့်သတ်လိုက်ခြင်းကြောင့်လည်း ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများ လုပ်ဆောင်ရန် ခဲယဉ်းသွားသည်။

> "အရင် ၂၀၁၅ ရွေးကောက်ပွဲကာလတုန်းကတော့ မျောက်ငိုနဲ့ သဲချောင်းကျေးရွာတွေမှာ ကျွန်တော်တို့ မဲပေးနည်းသင်တန်းတွေ ပေးဖူးတယ်။ ဒီနှစ်တော့ ဘာမှမကြားသေးဘူး" ဟု မွန်ညီညွတ်ရေးပါတီအဖွဲ့ဝင် ဒေသခံတစ်ဦးက ပြောပါသည်။

ဒေသခံပြည်သူများက ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားသော်လည်း ယခုနှစ်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရမရ တိကျသေချာသည့်အနေအထားတွင် ရှိမနေချေ။

> "မဲပေးပိုင်ခွင့်ရှိလို့ မဲပေးရမယ်ဆိုရင် ကောင်းတာပေါ့။ ကိုယ့်ကိုယ်စားလှယ်ကို ကိုယ်ရွေးခွင့်ရတာ ကောင်းတယ်။ မဲပေးခွင့် ရ,မရတော့ မသိသေးဘူး။ ရွာဥက္ကဋ္ဌကတော့ ဘာမှမပြောသေးဘူး" ဟု မရောချိုင်းကျေးရွာမှ အမျိုးသားဒေသခံတစ်ဦးက ပြောပါသည်။[91]

## ဂ) ဆန္ဒမဲပေးခြင်းဆိုင်ရာ အခက်အခဲများ

ကျေးရွာ (၃) ရွာလျှင် မဲရုံ (၁) ရုံနှုန်း ထားရှိထားသဖြင့် ခရီးကွာဝေးသည့်ကျေးရွာများအတွက် သွားလာရေးခက်ခဲသည်မှအပ ထူးခြားသည့် အခက်အခဲများ မရှိချေ။

သို့သော် ယခုနှစ်ရွေးကောက်ပွဲကျင်းပရန် နီးကပ်နေချိန်တွင် COVID-19 ကပ်ရောဂါကြောင့် ကျေးရွာတစ်ရွာနှင့်တစ်ရွာအကြား အသွားအလာကန့်သတ်ထားရှိခြင်းနှင့် ဒေသတွင် ပြည်တွင်းကူးစက်မှု စတင်တွေ့ရှိလာခြင်းကြောင့် ဒေသခံပြည်သူများအကြား ထိတ်လန့်မှုများဖြစ်ပေါ်နေခြင်းကြောင့် အခြားကျေးရွာများသို့ သွားရောက်ဆန္ဒမဲပေးရန် တွန့်ဆုတ်နေသည်ဟု သိရသည်။

91 Tavoy District residents worry about losing voting right – August 22, 2020 – HURFOM



၎င်းပြင် ဒေသခံများ၏ မဲပေးပိုင်ခွင့်သည် ဒေသခံအာဏာပိုင်ဖြစ်သည့် မွန်ပြည်သစ်အပေါ်တွင်လည်း မူတည်နေသည်။ COVID-19 ကူးစက်မှုကို ထိန်းချုပ်ရန်အတွက် မွန်ပြည်သစ်ပါတီက အသွားအလာ ကန့်သတ်ခြင်းအပြင် မဲဆွယ်စည်းရုံးခြင်းကိုပါ တားမြစ်ထားသည့်အတွက် ဒေသခံတို့၏ မဲပေးပိုင်ခွင့် နှင့်ပတ်သက်၍မူ ၎င်းတို့၏သဘောထားကို စောင့်ဆိုင်းရမည်ဖြစ်သည်။

> "ကျွန်တော်တို့ဒေသက မွန်ပြည်သစ်ပါတီလက်အောက်မှာရှိတော့ ပါတီရဲ့ အဆုံးအဖြတ်အတိုင်းပဲပေါ့။ သူတို့က မဲထည့်ရမယ်ပြောရင် ရွာသားတွေက မဲသွားထည့်မယ်ပေါ့။ သူတို့က မဲမထည့်နဲ့ဆို ရွာသားတွေက မထည့်ရဲဘူးပေါ့။ ဒီတစ်ခေါက်တော့ ဘာမှပြောသံမကြားသေးဘူး။ ကျွန်တော့်ဆန္ဒကတော့ ကျွန်တော်တို့ရွာသားအားလုံးကို မဲပေးစေချင်တယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက ပြောပါသည်။[92]

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသရှိ ပြည်သူများ၏ ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲနှင့် စိန်ခေါ်မှုများကို ခြုံငုံသုံးသပ်မည်ဆိုပါက ဒေသအာဏာပိုင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အကြား ရွေးကောက်ပွဲကျင်းပရေး/မကျင်းပရေးနှင့် ပတ်သက်သည့် တိကျသောမူဝါဒ မရှိခြင်း၊ ရွေးကောက်ပွဲအသိပညာပေးသင်တန်းများနှင့် ထိတွေ့မှု နည်းပါးခြင်း၊ မဲရုံများက ဝေးကွာလွန်းနေခြင်း သို့မဟုတ် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် သွားလာရခက်ခဲခြင်း၊ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုနှင့် ယုံကြည်မှု နည်းပါးနေခြင်းတို့ကို အဓိက တွေ့ရှိရမည်ဖြစ်သည်။

အထက်တွင်ပြောဆိုခဲ့သည့်အတိုင်း ဒေသအာဏာပိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် NCA စာချုပ်ကို လက်မှတ်ရေးထိုးထားသဖြင့် မတရားအသင်းမှ ပယ်ဖျက်ခြင်း ခံထားရသည့်အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင်လည်း ပါဝင်ဆွေးနွေးနေသဖြင့် ၎င်းတို့လက်အောက်ရှိ ဒေသခံပြည်သူသည် အခြားတိုင်းနှင့်ပြည်နယ်များမှ ပြည်သူများနည်းတူ ဖယ်ကြဉ်ခံရမှုမရှိဘဲ ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရှိသည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ယုံကြည်ပါသည်။

92 Tavoy District residents worry about losing voting right – August 22, 2020 – HURFOM

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသမှ ပြည်သူများ ရွေးကောက်ပွဲတွင် တန်းတူညီမျှစွာ ပါဝင်လာနိုင်ရန်အတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအားလုံး တိကျသေချာသည့် မူဝါဒတစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော်လုပ်ဆောင်သင့်သည်။

> "မွန်ပြည်သစ်ပါတီကနေပြီးတော့ သူတို့ဒေသမှာ ဒါတွေ(မှတ်ပုံတင်)လုပ်ပေးဖို့ မြို့နယ်လဝကကို စာတင်ထားတာ ရှိတယ်။ ကျွန်တော်တို့က ပြည်နယ်လဝကဦးစီးရုံးကို စာထပ်တင်ထားတယ်။ အဲကနေတဆင့် ပြည်နယ်အစိုးရကို စာတင်ထားတယ်။ ဒါက ငြိမ်းချမ်းရေး(နဲ့လည်းပတ်သက်နေတဲ့အတွက်) သူတို့ဆီက အကြီးအကဲတစ်ယောက်နဲ့ အစိုးရအဖွဲ့တို့ တွေ့ဖို့လိုတယ်။ အခြေအနေက (ဘယ်လိုဖြစ်မယ်ဆိုတာ) ကျွန်တော်တို့ မသိဘူး။ NCA လက်မှတ်ထိုးထားတဲ့အဖွဲ့ဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက်လိုမယ်ထင်တယ်။ ပြီးတော့ (မွန်ပြည်နယ်) ဝန်ကြီးချုပ်ဘက်က ဘယ်လိုလာမယ် မသိသေးဘူး။ ကျွန်တော်တို့ကတော့ သူတို့ညွှန်ကြားချက်အတိုင်း လုပ်ဆောင်သွားမှာပါ" ဟု ရေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။[93]



93 30% of residents in remote areas do not have National Registration Cards – impacting their right to vote – August 6, 2020 – HURFOM

# အခန်း (၈) နိဂုံး

ဖယ်ကြဉ်ခံရမှု မရှိဘဲ အားလုံးတန်းတူညီမျှစွာ ပါဝင်နိုင်သည့် လွှတ်လပ်မျှတသော ရွေးကောက်ပွဲဖြစ်ရန်အတွက် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် နိုင်ငံရေးကတိကဝတ်များကို လေ့လာသုံးသပ်ခဲ့သည့်အပြင် ရွေးကောက်ပွဲမှ ဖယ်ကြဉ်ခံရမှုနှုန်းမြင့်မားသည့် အုပ်စုများဖြစ်သော ကျေးလက်နေပြည်သူများ အထူးသဖြင့် သက်ကြီးရွယ်အိုနှင့် အမျိုးသမီးများ၊ အခြားနည်းဖြင့် သန်စွမ်းသူများ၊ ပထမဆုံးမဲပေးမည့်လူငယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသမှ ဒေသခံပြည်သူများကို အဓိကထား တွေ့ဆုံမေးမြန်းပြီး စစ်တမ်းကောက်ခဲ့သည်။

မြန်မာနိုင်ငံသည် ဖက်ဒရယ်စနစ်ကို ဦးတည်သည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည်ဟု ကြွေးကြော်ထားသည့်အားလျော်စွာရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် နိုင်ငံရေးကတိကဝတ်များကို ပြဋ္ဌာန်းအတည်ပြုရာတွင် ဒီမိုကရေစီနည်းကျမကျ ထည့်သွင်းစဉ်းစားရုံမျှဖြင့် မလုံလောက်ဘဲ အဆိုပါပြဋ္ဌာန်းချက်များသည် ဖက်ဒရယ်စနစ်ကို ဦးတည်ခြင်း ရှိမရှိကိုလည်း သတိပြုရမည် ဖြစ်သည်။ အထူးသဖြင့် လူနည်းစုဖြစ်သည့် (ဗမာမဟုတ်သော)တိုင်းရင်းသားများနှင့် ၎င်းတို့၏ နိုင်ငံရေးပါတီများအပေါ် ခွဲခြားကန့်သတ်သည့် ပြဋ္ဌာန်းချက်များ မရှိစေရန် အထူးအလေးထားလုပ်ဆောင်သင့်သည်။

မြန်မာနိုင်ငံတွင် သတင်းအချက်အလက် ရယူပိုင်ခွင့်သည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည့်အားလျော်စွာ ကျေးလက်နေပြည်သူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များကို ရရှိရာတွင် အကန့်အသတ်များစွာ ရှိနေသည်။ ၎င်းပြင် ရွေးကောက်ပွဲဆိုင်ရာပညာပေးသင်တန်းများနှင့် ထိတွေ့နိုင်မှုလည်း အားနည်းနေသည်။ အထူးသဖြင့် ယခုနှစ်ရွေးကောက်ပွဲတွင် COVID-19 ကပ်ရောဂါဆိုင်ရာ လူစုလူဝေးကန့်သတ်ချက်များကြောင့် ရွေးကောက်ပွဲသင်တန်းများ ကျင်းပနိုင်မှုသည် များစွာခက်ခဲလာခဲ့သည်။ မဲစာရင်းမှားယွင်းမှုများနှင့် အချို့ကျေးရွာများတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် မဲရုံသို့ သွားလာရာတွင် အခက်အခဲများ ရှိနေသည်။

အခြားနည်းဖြင့်သန်စွမ်းသူများသည် ရွေးကောက်ပွဲဆိုင်ရာအခက်အခဲများကို အများဆုံးရင်ဆိုင်ကြုံတွေ့နေရသည့်အုပ်စု ဖြစ်သည်။ နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ မရှိခြင်း၊ မဲစာရင်းတွင် ချန်လှပ်ခံထားရခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ လက်လှမ်းမမီခြင်း၊ ပညာပေးသင်တန်းများနှင့် ထိတွေ့မှုမရှိခြင်း၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက အာရုံစိုက်မှုမရှိခြင်း၊ မဲပေးခြင်းဆိုင်ရာ အခက်အခဲများ မရေမတွက်နိုင်အောင် ရှိနေသည်။

ပထမဆုံးမဲပေးမည့် လူငယ်များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်ရယူရာတွင် အခက်အခဲများစွာ မရှိသော်လည်း ၎င်းတို့၏ ရွေးကောက်ပွဲအပေါ်စိတ်ဝင်စားမှုနှင့်ပတ်သက်၍မူ စိုးရိမ်ဖွယ်ရာဖြစ်နေသည်။ ၎င်းတို့ မဲစာရင်းတွင် ပါဝင်လာစေရန် ကူညီပံ့ပိုးလုပ်ဆောင်ပေးရမည့်အပြင် ရွေး

ကောက်ပွဲဆိုင်ရာ အမြင်ဖွင့်သင်တန်းများနှင့် မဲပေးပုံနည်းစနစ်များကို ပို့ချပေးရန်လည်း အထူးလိုအပ်နေသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသမှ ဒေသခံပြည်သူများအနေဖြင့် ကွဲပြားခြားနားသော အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ၎င်းတို့ဒေသတွင် ရွေးကောက်ပွဲကျင်းပမှုနှင့်ပတ်သက်၍ ဒေသခံအာဏာပိုင်ဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အကြား တိကျသည့် မူဝါဒနှင့်လုပ်ငန်းစဉ်မရှိခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်နှင့် ပညာပေးသင်တန်းများနှင့် ထိတွေ့နိုင်မှုသည် အကန့်အသတ်ဖြစ်နေခြင်း၊ လူဦးရေနှင့်မဲစာရင်းဆိုင်ရာ အချက်အလက်များ တိကျမှန်ကန်မှုအားနည်းခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ မဲရုံများ ဝေးကွာလွန်းနေခြင်းအပြင် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုနှင့် ယုံကြည်မှု အားနည်းခြင်းများလည်း ရှိနေသည်။

မည်သို့ပင်ဆိုစေကာမူ "လွတ်လပ်မျှတ ဆောင်ရွက်ကြ" ဟူသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သည့် ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ဖယ်ကြဉ်ခံရမှုမရှိဘဲ အားလုံးတန်းတူညီမျှပါဝင်နိုင်သော အခင်းအကျင်းမျိုး ရှိရန် လိုအပ်ပါသည်။ ရွေးကောက်ပွဲမှ ဖယ်ကြဉ်ခံရမှုနှုန်းမြင့်မားသည့် အုပ်စုများ၏ အခက်အခဲနှင့် စိန်ခေါ်မှုများကို သိရှိပြီးဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်မည်ဆိုပါက ရွေးကောက်ပွဲ၏ အနှစ်သာရကို ဖော်ဆောင်နိုင်မည့်အပြင် စစ်မှန်သော ဒီမိုကရေစီစနစ်နှင့် ငြိမ်းချမ်းသော ဖက်ဒရယ်ပြည်ထောင်စုကိုပါ တည်ဆောက်နိုင်မည် ဖြစ်သည်။

# အခန်း (၉) တိုက်တွန်းအကြံပြုချက်များ

## ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရ

- နိုင်ငံရေးနှင့် နိုင်ငံသား အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရန်
- လွှတ်တော်ဥပဒေများ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းကျင့်သုံးရာတွင် ဒီမိုကရေစီသာမက ဖက်ဒရယ်စနစ်ကို ထည့်သွင်းစဉ်းစားရန်
- COVID-19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အပြည့်အဝထောက်ပံ့ရန်
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထိန်းချုပ်ရာဒေသရှိ ဒေသခံပြည်သူများ မဲပေးနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး တိကျသေချာသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ရန်
- အခြားနည်းဖြင့် သန်စွမ်းသူများအားလုံး နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ ရရှိကိုင်ဆောင်ထားနိုင်ရန် စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်လုပ်ဆောင်ရန်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

- ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် နိုင်ငံရေးကတိကဝတ်များ ပြဋ္ဌာန်းကျင့်သုံးရာတွင် ဒီမိုကရေစီသာမက ဖက်ဒရယ်စနစ်ကို ထည့်သွင်းစဉ်းစားရန်
- နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးပြီး တန်းတူညီမျှမှုမရှိသော ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်
- နိုင်ငံရေးပါတီများနှင့် ပိုမိုထိတွေ့ပြီး အကြံဉာဏ်များ၊ သဘောထားမှတ်ချက်များကို ရယူရန်
- ရွေးကောက်ပွဲကို လွတ်လပ်စွာ လေ့လာစောင့်ကြည့်ခွင့်အပေါ် ကန့်သတ်ထိန်းချုပ်မှုများ မပြုလုပ်ရန်
- သတင်းအချက်အလက်များ၊ မဲပေးပုံနည်းစနစ်များကို စောလျင်စွာ ထုတ်ပြန်ရန်နှင့် ထိုသို့ထုတ်ပြန်ရာတွင် လူဦးရေအုပ်စုများအားလုံး လက်လှမ်းမီနိုင်ရန် အထူးဂရုပြုလုပ်ဆောင်ရန်
- အခြေခံမဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရန် အာရုံစိုက်လုပ်ဆောင်ရန်

- ကျေးလက်ဒေသများ၌ မဲရုံများ ထားရှိရာတွင် မဲဆန္ဒရှင်လူဦးရေကို အခြေမခံဘဲ လမ်းပန်း ဆက်သွယ်ရေးနှင့် ပထဝီအနေအထားကို ထည့်သွင်းစဉ်းစားရန်
- အခြားနည်းဖြင့် သန်စွမ်းသူများအတွက် သီးသန့်သတင်းအချက်အလက်များ ထုတ်ပြန်ရန်
- အခြားနည်းဖြင့် သန်စွမ်းသူများ ကြိုတင်မဲ ပေးပိုင်ခွင့်ကို ခွင့်ပြုပေးရန်နှင့် ၎င်းတို့အတွက် စံပြ မဲရုံများ တည်ဆောက်ပေးရန်
- ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လုံခြုံရေးအရ အမှန်တကယ်စိုးရိမ်ရသောနေရာများ တွင်သာ ရွေးကောက်ပွဲမကျင်းပရန် ဆုံးဖြတ်သင့်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ ထိန်းချုပ်ရာဒေသကို ရွေးကောက်ပွဲမကျင်းပရာဒေသအဖြစ် အလိုအ လျောက် မသတ်မှတ်ရန်
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထိန်းချုပ်ရာဒေသရှိ ဒေသခံပြည်သူများ မဲပေးနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး တိကျသေချာသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ရန်
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဝေးလံခေါင်သီသော နယ်စပ်ဒေသများတွင် ရွေးကောက်ပွဲဆိုင်ရာပညာပေး မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန်နှင့် ထိုသို့လုပ်ဆောင်ရာတွင်လည်း ဒေသခံတိုင်းရင်းသားတို့၏ မိခင်ဘာသာစကားကို အသုံးပြုရန်

## ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပြည်နယ်အစိုးရ

- မဲဆန္ဒရှင်ပြည်သူများအားလုံး နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ ပြည့်ပြည့်စုံစုံ ကိုင်ဆောင်နိုင်အောင် အထူးအာရုံစိုက် လုပ်ဆောင်ပေးရန်
- မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲစာရင်းတွင် ပါဝင်လာစေရန် ပူးပေါင်းလုပ်ဆောင်ရန်
- အခြားနည်းဖြင့် သန်စွမ်းသူများနှင့်ပတ်သက်သည့် အချက်အလက်ကိန်းဂဏန်းများကို သေ ချာကောက်ခံပြီး ၎င်းတို့ မဲပေးခွင့် မဆုံးရှုံးစေရန် အာမခံပေးရန်
- အခြားနည်းဖြင့် သန်စွမ်းသူများနှင့် ကျေးလက်နေပြည်သူများ ဆန္ဒမဲလွယ်ကူစွာ ပေးနိုင်ရန် အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်သွားရန်
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထိန်းချုပ်ရာဒေသရှိ ဒေသခံပြည်သူများ မဲပေးနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး တိကျသေချာသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ရန်

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသရှိ နိုင်ငံသားစိစစ်ရေးကဒ်ပြားမရှိသူများ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားကိုင်ဆောင်ထားသော်လည်း မိမိနေရပ်ဒေသမှစွန့်ခွာလာခဲ့ရသူများ ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်လာနိုင်စေရန် အထူးအလေးပေးဆောင်ရွက်ရန်
- ရွေးကောက်ပွဲနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ မျှဝေရန်

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

- မိမိတို့ထိန်းချုပ်ရာဒေသရှိ ပြည်သူလူထုများ၏ လူဦးရေဆိုင်ရာအချက်အလက်များကို စနစ်တကျကောက်ခံထားရှိရန်
- ဒေသခံပြည်သူများ မဲပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့နှင့် တွေ့ဆုံဆွေးနွေးပြီး တိကျသေချာသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ရန်
- ထိန်းချုပ်ဒေသအတွင်း မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ မဲရုံထားရှိခြင်း စသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဦးဆောင်လုပ်ကိုင်ခြင်းများ ပြုလုပ်ရန်
- မိမိတို့ထိန်းချုပ်ရာဒေသရှိ ပြည်သူများ ရွေးကောက်ပွဲတွင် ပါဝင်လာနိုင်စေရန် တိကျခိုင်မာသည့် မူဝါဒချမှတ်ပြီး အကောင်အထည်ဖော်လုပ်ဆောင်သွားရန်

## နိုင်ငံရေးပါတီများ

- မဲဆန္ဒရှင်ဒေသခံပြည်သူများနှင့် ထိတွေ့မှု ပိုရယူပြီး ပါတီ၏မူဝါဒနှင့် ရပ်တည်မှုအကြောင်းကို သေချာရှင်းလင်းချပြရန်
- ရွေးကောက်ပွဲကတိကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်ရန်
- ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို အောက်ခြေပြည်သူများထံသို့ ကူညီမျှဝေပေးရန်
- မဲဆန္ဒရှင်ဒေသခံပြည်သူများ မဲစာရင်းတွင် ပါဝင်လာရေး ကူညီဆောင်ရွက်ရန်နှင့် မဲပေးပုံပေးနည်း သင်တန်းများ ပို့ချပေးရန်
- အခြားနည်းဖြင့် သန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် ပိုမိုလွယ်ကူစေရန် ကူညီဆောင်ရွက်ပေးရန်

**အရပ်ဘက်အဖွဲ့အစည်းနှင့် ပြည်သူလူထုများသို့**

- လေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ရွေးကောက်ပွဲဖြစ်စဉ်များတွင် ပူးပေါင်းပါဝင်ရန်
- ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရန်
- ရွေးကောက်ပွဲဆိုင်ရာပညာပေးသင်တန်းများကို ကျေးလက်နေပြည်သူလူထုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထိန်းချုပ်ရာဒေသရှိ ပြည်သူများ လက်လှမ်းမီရန် အာရုံစိုက်လုပ်ဆောင်ရန်
- ရွေးကောက်ပွဲဆိုင်ရာပညာပေးသင်တန်းများကို ပို့ချရာတွင် အခြားနည်းဖြင့် သန်စွမ်းသူများအတွက် သီးသန့်သင်တန်းများ ပို့ချရန်
- ပထမဆုံးမဲပေးမည့်လူငယ်များ ရွေးကောက်ပွဲတွင် စိတ်ဝင်စားမှုပိုမိုမြင့်မားလာစေရန် တိုက်တွန်းလှုံ့ဆော်ပညာပေးသွားရန်နှင့် ၎င်းတို့အတွက် အမြင်ဖွင့်သင်တန်းများ၊ မဲပေးပုံနည်းစနစ်များကို သင်ကြားပို့ချသွားရန်
- အခြေခံမဲဆန္ဒရှင်များ မဲစာရင်းတွင် ပါဝင်လာနိုင်ရန် ကူညီလုပ်ဆောင်ပေးသွားရန်
- လွတ်လပ်ပြီးမျှတသော ရွေးကောက်ပွဲ ဖြစ်လာစေရန်အတွက် သက်ဆိုင်ရာလွှတ်တော်များ၊ နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို တိုက်တွန်းလှုံ့ဆော်သွားရန်

# မြို့နယ်အလိုက် ကွင်းဆင်းစစ်တမ်းနှင့် သုတေသနဆောင်ရွက်ခဲ့သည့် ကျေးရွာများပြ မြေပုံ



**အစီရင်ခံစာအတွက် မေးခွန်းများ**

**********************************

### ၁) ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ရရှိမှု

- ဗီနိုင်းပိုစတာများ ကပ်ထားမှု ☐
- အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်း ☐
- အင်တာနက် ရရှိသလား/ အသုံးပြုနိုင်သလား ☐
- social media/ state media/ private media လက်လှမ်းမီသလား ☐
- UEC Facebook page/ website ကို သိသလား။ ဝင်ရောက်ကြည့်ရှုသလား။ ☐
- ရွေးကောက်ပွဲဆိုင်ရာ သတင်းမှား (ပါတီ/ကိုယ်စားလှယ် အပုပ်ချ/သတင်းမှား၊ လုံခြုံရေးသတင်း) ☐

### ၂) ရွေးကောက်ပွဲပညာပေးမှုအခြေအနေ

- သင်တန်းတက်ဖူးပါသလား ☐
- သင်တန်းပေးသည့်အဖွဲ့အစည်းတွေကို သိသလား ☐

### ၃) ကိုယ်စားလှယ်လောင်း/နိုင်ငံရေးပါတီ သိရှိမှု

- ပါတီဘယ်နှခု ယှဉ်ပြိုင် ☐
- ကိုယ်စားလှယ်နာမည် ☐
- ပါတီ/ကိုယ်စားလှယ်အကြောင်း လက်ကမ်းစာစောင်/ဗီနိုင်းပိုစတာ ☐
- ပါတီများလာသလား/နည်းလာသလား ☐
- ပါတီများလာတာ ကောင်းသား/ဆိုးသလား ☐

### ၄) မဲစာရင်း

- မှတ်ပုံတင်/အိမ်ထောင်စု ရှိသလား ☐
- မဲစာရင်းကြည့်သလား ☐
- ပါသလား/မှားယွင်းမှုရှိသလား ☐
- ပြင်ဆင်ဖို့ လျှောက်ထားဖူးလား/ လွယ်ကူသလား ☐
- ပြည်ပရောက်မဲဆန္ဒရှင်စာရင်း (ပြည်တွင်းမဲစာရင်းပါဝင်ပြီးမှ ပုံစံ (၁၅) လျှောက်ထားနိုင်) ☐

### ၅) မဲရုံအခြေအနေ

- နီး/ဝေး ☐
- လမ်းပန်းဆက်သွယ်ရေး ☐
- လွတ်လပ်လုံခြုံစွာ မဲပေးနိုင်သလား ☐

### ၆) မဲပေးပုံနည်းနစ်

- သိရှိသလား ☐
- လွှတ်တော် သုံးရပ် + ၁ ☐

# နောက်ဆက်တွဲများ

## အစီရင်ခံစာအတွက် မေးခွန်းများ

***********************************

### ၇) ခြိမ်းခြောက်မှု၊ တားမြစ်မှု၊ မဲဝယ်ယူမှု

- ကိုယ်စားလှယ်လောင်းများကို ခြိမ်းခြောက်ခြင်း ☐
- ပါတီဆိုင်းဘုတ် ပိုစတာများ ဖျက်ဆီးခြင်း ☐
- နိုင်ငံရေးပါတီတစ်ခုခုက အိမ်ထောင်စုအားလုံးကို တစ်ခုခုထောက်ပံ့တာမျိုး ရှိလား ☐

### ၈) ကိုဗစ်ကပ်ရောဂါ

- မဲပေးရင် ရောဂါကူးမှာ ကြောက်သလား ☐
- မဲဆွယ်စည်းရုံး (ကိုယ်စားလှယ်/ပါတီ) ☐
- ရွေးကောက်ပွဲကော်မရှင် - (ဘယ်လိုစီစဉ်) ☐

### ၉) ရွေးကောက်ပွဲဥပဒေများ

- နည်းဥပဒေ (၁၀) ☐
- အစိုးရအဖွဲ့ဝင် ကြိုတင်အခွင့်အရေးရနေ ☐
- လူမျိုးကို အခြေခံပြီး မဲဆွယ်ခြင်း မပြုရဟူသည့် မဲဆွယ်ဥပဒေအပေါ် အမြင် ☐
- နိုင်ငံတကာဥပဒေ - နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေး (ဆရာအောင်မျိုးမင်းကို ဗျူးရန်) ☐
- လေ့လာစောင့်ကြည့်ရေးအဖွဲ့များအပေါ် ကန့်သတ်မှု (နိုင်အဲမွန်) ☐

အခြား

### အခြားနည်းဖြင့် သန်စွမ်းသူများ

- ရွေးကောက်ပွဲသတင်း ဘယ်လိုရသလဲ၊ ကူညီပေးမည့်သူ ရှိလား ☐
- ရွေးကောက်ပွဲပညာပေး၊ မဲပေးခြင်းသင်တန်း ☐

### ပထမဆုံးမဲပေးမည့် လူငယ်များ


- မဲပေးမှာလား ☐
- မဲစာရင်းပါလား ☐
- ရွေးကောက်ပွဲအပေါ် ယုံကြည်သလား ☐

# နောက်ဆက်တွဲများ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စစ်တမ်းပြုစုသည့်အဖွဲ့ဝင်များမှ မြို့နယ် (၆) မြို့နယ်၊ ကျေးရွာ (၃၀) ရှိ ဒေသခံပြည်သူ (၁၂၉) ဦးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည့် အချက်အလက်များအပေါ်တွင် အခြေခံသည်။


လိင်

69 responses





မြို့နယ်

69 responses




ရွေးကောက်ပွဲသတင်း ရရှိမှု


69 responses



# နောက်ဆက်တွဲများ


မဲရုံအခြေအနေ

70 responses





မဲပေးပုံနည်းစနစ်

69 responses




ခြိမ်းခြောက်မှု၊ တားမြစ်မှု၊ မဲဝယ်မှု


70 responses



# နောက်ဆက်တွဲများ

မဲပေးခြင်း


69 responses




## ပထမဆုံးအကြိမ် မဲပေးမည့်လူငယ်များ၏ စစ်တမ်းအချက်အလက်များ


မြို့နယ်

38 responses





နိုင်ငံရေးပါတီ/ကိုယ်စားလှယ်လောင်း သိရှိမှု အခြေအနေ


38 responses




# နောက်ဆက်တွဲများ



မဲပေးပုံနည်းစနစ်
38 responses
ပယ်မဲမဖြစ်အောင် မည်သို့ပေးရမည်ကို သိသည်
12 (31.6%)
ပယ်မဲမဖြစ်အောင် မည်သို့ပေးရမည်ကို မသိပါ
18 (47.4%)
မဲဘယ်နှကြိမ်ပေးရမည်ကို သိသည်
9 (23.7%)
မဲဘယ်နှကြိမ်ပေးရမည်ကို မသိ
17 (44.7%)
မဖြေကြားပါ
6 (15.8%)
0
5
10
15
20

ခြိမ်းခြောက်မှု၊ တားမြစ်မှု၊ မဲဝယ်မှု
38 responses
နိုင်ငံရေးပါတီ/ကိုယ်စားလှယ်လောင်း ဆိုင်…
1 (2.6%)
နိုင်ငံရေးပါတီတစ်ခုခုက တစ်ခုခုထောက်ပံ့ပ…
11 (28.9%)
ထိုသို့ထောက်ပံ့ရာတွင် ပါတီနာမည်ကို ထုတ်…
6 (15.8%)
ထိုသို့ထောက်ပံ့ရာတွင် ၎င်းတို့အား မဲပေး…
3 (7.9%)
မတွေ့ကြုံဘူးပါ
25 (65.8%)
0
10
20
30

မဲပေးခြင်း
38 responses
ယခုရွေးကောက်ပွဲတွင် မဲပေးမည်
34 (89.5%)
ယခုရွေးကောက်ပွဲတွင် မဲမပေးပါ
0 (0%)
ဘာကြောင့်မဲပေးတာလဲ (အသံဖိုင်/လက်ရေးဖြင်…
4 (10.5%)
ဘာကြောင့် မဲမပေးတာလဲ (အသံဖိုင်/လက်ရေးဖြ…
0 (0%)
မဖြေကြားပါ
4 (10.5%)
0
10
20
30
40



# ဖယ်ကြဉ်မရှိမှု လွတ်မျှတ

အောက်တိုဘာလ ၂၀၂၀

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း